# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၀၃၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံ

## ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် ပါဝင်ကူညီပေးနိုင်မည့် နည်းလမ်းများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံအဖွဲ့ကြီး၏ လက်ရှိအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရစ်ရှ်နန်အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

**ရှင်းလင်းပြောကြား**

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မကြာသေးမီက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် သဘောတူညီခဲ့သည်နှင့်အညီ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ လလယ်တွင် စတင်ရန်ရှိသည့် စိစစ်ပြီးဖြစ်သည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံမှ ပြင်ဆင်ထားရှိသည့် လုပ်ငန်းစဉ်များအပါအဝင် ရခိုင်ပြည်နယ်၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ စင်ကာပူနိုင်ငံမှ လည်းကောင်း၊ အာဆီယံအဖွဲ့မှ လည်းကောင်း မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများအား ပါဝင်ကူညီပူးပေါင်း


*စာမျက်နှာ ၃ ကော်လံ ၁* ✾




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာ ခရစ်ရှ်နန် အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

## လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တွင် ကျွမ်းကျင်သူများ ခန့်အပ်

**နေပြည်တော်၊ နိုဝင်ဘာ ၅**

နိုင်ငံတော်သမ္မတရုံးမှ ၁၅-၈-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၈)ဖြင့် ဖွဲ့စည်းခဲ့သည့် "လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်" အတွက် လိုအပ်သော သက်သေခံချက် စုဆောင်းခြင်းများနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်၏ ကျွမ်းကျင်သူများအဖြစ် ဦးလှဝင်းနှင့် ဦးအောင်ဝင်းတို့အား ယနေ့မှစ၍ ခန့်အပ်လိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာမည်

**နေပြည်တော် နိုဝင်ဘာ ၅**

ယနေ့ ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာမည်ဟု ခန့်မှန်းရပါသည်။

**မိုး/ဇလ**


**မောင်တော၌ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဒီဇင်ဘာလကုန်ပိုင်း မီးလင်းမည်** စာ - ၉

**ပြင်သစ်၌ပြုလုပ်သည့် ပထမကမ္ဘာစစ်ပြီးဆုံးခြင်း ရာပြည့်အခမ်းအနားသို့ ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်ရန်ရှိ** စာ - ၁၄



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ပြည်သူ့ကျန်းမာရေး အသိပညာပေး ...

အာရောဂျ ပရမာလာဘာ၊ သန္တုဋ္ဌိ ပရမံ ဓနံ၊ ဝိဿာသော ပရမာ ဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ။

ကျန်းမာခြင်းသည် အမြတ်ဆုံး လာဘ်လာဘာ။
တင်းတိမ်ခြင်းသည် အမြတ်ဆုံး ဥစ္စာဓနေ။
ကျွမ်းဝင်ခြင်းသည် အမြတ်ဆုံး မိတ်သင်္ဂဟာ။
နိဗ္ဗာန်နန်းသည် အမြတ်ဆုံး ချမ်းသာသုခ။ (ဓမ္မပဒ - သုခဝဂ်)

ကျန်းမာစွာ ရှင်သန်နေထိုင်ရခြင်းသည် လူတစ်ယောက်အတွက် ဘာနဲ့မှ မလဲနိုင်လောက်အောင် တန်ဖိုးကြီးမှုတစ်ခုဖြစ်သည် ဆိုခြင်းကို မည်သူမှ ငြင်းချက်ထုတ်လိုမည်ဟု မထင်။

နိုင်ငံတကာအလယ်ရှိ မြန်မာနိုင်ငံ၏ ကျန်းမာရေးညွှန်းကိန်းများက နိမ့်ကျစွာ ရှိနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်၏။ ဤသည်က ကမ္ဘာ့နိုင်ငံများအကြား၌ နိုင်ငံသားတို့အဖို့ အလိုလိုနေရင်း နောက်တန်းရောက် မျက်နှာငယ်နေရစေ၏။ ထို့ပြင် အဆိုပါ ကျန်းမာရေးနိမ့်ကျမှု အနေအထားက နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးကြီးများ ဖြစ်နေသည်မှာလည်း အမှန်ပင် ဖြစ်ပါ၏။

"ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ယင်းကျန်းမာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများထဲတွင် အလေးပင်ဆုံးနှင့် အဓိကအကျဆုံးသော ပြဿနာမှာ ကူးစက်နိုင်ခြင်းမရှိသည့် ရောဂါများ **(Non-communicable Diseases)** ဖြစ်လာနေသည်ဟု ဆို၏။ ဤရောဂါများအထဲတွင်မှ နှလုံးရောဂါနှင့် လေဖြတ်ရောဂါကြောင့် သေဆုံးမှုနှုန်းက အမြင့်ဆုံး အများဆုံးဖြစ်နေပြီး မသန်စွမ်းနှင့် ဒုက္ခိတဖြစ်ကျန်စေခဲ့သော ရောဂါများထဲတွင် လေဖြတ်ခြင်းက ဒုတိယအများဆုံးရောဂါ ဖြစ်ကြောင်း ဖော်ပြထားသည်" ဟူ၍ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်ဝင်းမင်းသစ်က အောက်တိုဘာ ၂၉ ရက်မှာ ကျင်းပသော ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသွားသည်။

ထို့ပြင် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့၏ တွေ့ရှိချက်များအရ လူ ၄၄ သန်းခန့် ကမ္ဘာပေါ်တွင် နှစ်စဉ်ပျက်စီးဆုံးပါးလျက်ရှိသည်။ လူ ခြောက်ဦးလျှင် တစ်ဦး သူ၏ ဘဝလမ်းတစ်လျှောက် တစ်ချိန်ချိန်တွင် လေဖြတ်နိုင်ခြေရှိနေသည်။ အချိန် ခြောက်စက္ကန့်တိုင်းတွင် လေဖြတ်ရောဂါဖြင့် သေဆုံးမှုတစ်ဦးရှိနေသည်ဟုလည်း ဒေါက်တာဒေါ်ဝင်းမင်းသစ်၏ စကားအရ သိရသည်။

အရွယ်မတိုင်မီ သေဆုံးမှု၊ မကျန်းမမာ ဒုက္ခိတဘဝဖြင့် ရှင်သန်နေရမှုတို့သည် လူတို့အတွက် ကြီးမားလှသော ဆုံးရှုံးမှုဖြစ်ရုံမျှမက နိုင်ငံတစ်နိုင်ငံအတွက်လည်း အလွန်ပင် နစ်နာလှသည် မဟုတ်ပါလား။

လေဖြတ်ရောဂါဖြစ်ရခြင်း၏ အကြောင်းအရင်း မျိုးစုံရှိနေပြီး ထိုအကြောင်းအရင်းကို ရှာဖွေကုသခြင်းဖြင့် ကာကွယ်၍ ကုသ၍ရပါသည်။ လေဖြတ်ရောဂါကို ဆောလျင်စွာသိရှိပြီး တတ်ကျွမ်းနားလည်သည့် ပညာရှင်များနှင့် စနစ်တကျ ကုသမှုခံယူမည်ဆိုလျှင် ပြန်လည်ကျန်းမာသန်စွမ်းလာမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပင်ကို ကိုက ကျန်းမာရေးအဆင့်အတန်း နောက်ကျနေချိန်တွင် မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများကဲ့သို့ လေဖြတ်ရောဂါဖြစ်ပွားမှုနှုန်း၊ ပျက်စီးမှုနှုန်း များပြားလာနေပါသည်။ သို့ဖြစ်ရာ ပြည်သူလူထုကြား လေဖြတ်ရောဂါအပါအဝင် ကျန်းမာရေးဆိုင်ရာ အသိပညာတိုးမြှင့်ရေး အမျိုးသားရေးမူဝါဒနှင့် အစီအမံများ ဆောင်ရွက်မြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ ဘဝ အဆင့်အတန်း ပိုမိုတိုးတက်လာမည်ဟု ထင်မြင်ယုံကြည်ပါကြောင်း။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ်ဆရာဝန်များအား Mobile Tablet များ ဖြန့်ဝေခြင်းအခမ်းအနား ပြည်ထောင်စုဝန်ကြီး တက်ရောက်

**မကွေး နိုဝင်ဘာ ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ်ဆရာဝန်များအား Mobile Tablet ၂၇၄၅ လုံး ဖြန့်ဝေခြင်း အခမ်းအနားကို မကွေးမြို့တော်ခန်းမ၌ ယနေ့ နံနက်က ပြုလုပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကား ပြောကြားခဲ့သည်။



အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (စီမံ၊ဘဏ္ဍာ) ဒေါ်အေးအေးစိန်က Mobile Tablet များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို **(အပေါ်ယာပုံ)** နှင့် လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေးတို့ထံ Mobile Tablet များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ Mobile Tablet များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်နှင့် တိုက်နယ်ဆရာဝန်များကို လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတာက လက်ထောက်ကျန်းမာရေးမှူးများကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမျိုးသမီးကျန်းမာရေး ဆရာမများကို လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၁)များကို လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က သားဖွားဆရာမများနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၂)များကို လည်းကောင်း ပေးအပ်ခဲ့သည်။

အခြေခံကျန်းမာရေးဝန်ထမ်းများအားဖြန့်ဝေသည့် Mobile Tablet ၂၆၆၅ လုံးတွင် ကျန်းမာရေးဆိုင်ရာ စာအုပ်စာတမ်းပေါင်း ၁၂၀ကျော် ပါဝင်ပြီး မြို့နယ်၊ တိုက်နယ်ဆရာဝန်များထံ ဖြန့်ဝေသည့် Mobile Tablet အလုံး ၈၀ တွင် စာအုပ်စာတမ်းပေါင်း ၄၀၀ ကျော်ပါဝင်ကြောင်း၊ အပလီကေးရှင်း ၂၀ ကို ထည့်သွင်းပေးထားကာ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်စပ်သည့် သတင်းစကားများ၊ ကုသရေးဆိုင်ရာအကြောင်းအရာများ၊ နည်းပညာအချက်အလက်များ ပါဝင်ကြောင်း သိရှိရသည်။

Mobile Tablet များသည် ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းအသုံးပြုရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စာအုပ်စာတမ်းများ၊ Application များကို User Friend ဖြစ်စေရန်နှင့် ရှေ့လျှားစာကြည့်တိုက်သဖွယ် အသုံးပြုနိုင်ရန် စီစဉ်ပေးထားပြီး ပြည်သူများ၏ ကျန်းမာရေးအသိပညာ တိုးတက်မြင့်မားစေရန်၊ ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ကုသရေး လုပ်ငန်းလုပ်ဆောင်ချက်များ တိုးတက်စေရန်နှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်း တိုးတက်စေရန်ရည်ရွယ်၍ ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

**ဇေယျာတု (မကွေး)**

# မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ လက်နက်ငယ်ကျွမ်းကျင်မှု(မွမ်းမံ)သင်တန်းဖွင့်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမတွင် လက်နက်ငယ်ကျွမ်းကျင်မှု (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦးက အမှာစကား ပြောကြားခဲ့သည်။



အဆိုပါ လက်နက်ငယ်ကျွမ်းကျင်မှု (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၈)တွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့ နယ်မြေအတွင်းရှိ တပ်ဖွဲ့/ဌာနများမှ အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၅၀ စုစုပေါင်း ၆၀ တက်ရောက်ပြီး ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးတာဝန်များ စနစ်တကျ တာဝန်ထမ်းဆောင်နိုင်ရန်နှင့် ရဲတပ်ဖွဲ့ဝင်တိုင်း တတ်ကျွမ်းရမည့် လက်နက်ငယ်များအား ကျွမ်းကျင်စွာကိုင်တွယ် အသုံးပြုနိုင်စေရန် ရည်ရွယ်၍ နိုဝင်ဘာ ၅ ရက်မှ ၁၆ ရက် အထိ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဒုတိယ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုလွင်၊ ရဲအရာရှိ အတတ်သင်ကျောင်း ဒုတိယ ကျောင်းအုပ်ကြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးဦးစီး အရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး တင်ဇော်ထွန်း၊ တိုင်း ရဲအကူတပ်ဖွဲ့ ခွဲမှူး ဒုတိယရဲမှူးကြီး သိန်းကိုကို၊ မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ တပ်ဖွဲ့ဌာနများမှ တပ်ဖွဲ့ခွဲမှူးများ၊ တာဝန်ခံအရာရှိများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး(ဦးစီး)၊ ရဲမှူး(ရေး/ထောက်) ဦးစီးအရာရှိများ၊ မန္တလေးမြို့ပေါ်မှ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ မြို့မရဲစခန်းမှူးများ၊ နယ်မြေရဲစခန်းမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# လဲချားမြို့နယ်ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**လဲချား နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ်မှ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အဆင့် သွားရောက်ယှဉ်ပြိုင်သော အငယ်တန်း ကိုးဦးတွဲ အေရိုးဗစ် အားကစား ရွှေတံဆိပ်ဆုရ ထူးချွန်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက သီရိဟံသာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်မင်းစုက မြို့နယ်ဂုဏ်ဆောင် ထူးချွန်ဆုရရှိသော အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်စကား ပြောကြားခဲ့သည်။ ထို့နောက် အောင်ပွဲရရှိခဲ့သော ရွှေတံဆိပ်ဆုရအားကစားသမား ကျောင်းသူလေးများက အေရိုးဗစ်အကဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးတို့က တိုင်းဒေသကြီး၊ ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု၊ အသက်(၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ (သံပြားပစ်)အားကစားနည်းတွင် တတိယဆု နှင့် ၂၀၁၈ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ (သံလုံး/သံပြားပစ်) အားကစားနည်းတွင် ရွှေတံဆိပ်ဆုများရရှိသော မြို့နယ်ဂုဏ်ဆောင် အားကစားသမား မနန်းဆိုင်လောဝ်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများချီးမြှင့်ခြင်း၊ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ်၊ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)အငယ်တန်း ကိုးဦးတွဲ လူရွေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများ ရရှိသော ပြိုင်ပွဲဝင် အားကစားသမားများအား တစ်ဦးချင်း ဂုဏ်ပြုမှတ်တမ်းနှင့်ဆုများ ပေးအပ်ချီးမြှင့်ခြင်းနှင့် ၂၀၁၈ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ်၊ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) အငယ်တန်း ကိုးဦးတွဲ လူရွေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများရရှိအောင် စွမ်းဆောင်ပေးခဲ့သော နည်းပြ ဆရာမနှစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Euro Cham Myanmar အဖွဲ့ ဒုတိယညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Euro Cham Myanmar အဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူး Mr. Marc de la Fouchardiere ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် Euro Cham Myanmar အဖွဲ့အနေဖြင့် တရားမဝင်ကုန်စည်ကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများအား လွှတ်တော်သို့ တင်ပြသွားနိုင်ရေး၊ ၎င်းတို့နှင့် ဆက်စပ်လျက်ရှိသော ဥပဒေပြုများ ရေးဆွဲပြဋ္ဌာန်းရာတွင် ပါဝင်ဆွေးနွေးခွင့်ရရှိရေး၊ စားသုံးသူအခွင့်အရေးကာကွယ်ရေးဆိုင်ရာ ဥပဒေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်အေး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကော်မတီအတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးကျော်စိုးလင်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာ မြတ်ဉာဏစိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**





✽ *ရှေ့ဖုံးမှ*

ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံ ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် က စင်ကာပူနိုင်ငံခြားရေးဝန်ကြီးအား နေပြည်တော်ရှိ Park Royal Hotel တွင် ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။**(အပေါ်ပုံ)** စင်ကာပူနိုင်ငံခြားရေးဝန်ကြီးသည် ၎င်း၏ တစ်ရက်တာ မြန်မာနိုင်ငံသို့ အလုပ်သဘောလာရောက်သည့် ခရီးစဉ်ပြီးဆုံးပြီးနောက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ စင်ကာပူသို့ ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အသိပေးနှိုးဆော်စာ

**နေပြည်တော်၊ နိုဝင်ဘာ ၅**

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် လွှတ်တော်အသီးသီးအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ရာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးသည် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၇၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ၎င်းတို့အမည်စာရင်းတင်သွင်းခဲ့ကြသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း ပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို မတင်သွင်းပါက သက်ဆိုင်ရာရွေးကောက်ပွဲနည်းဥပဒေ ၈၄ အရ အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ကြေညာခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း အမြန်ဆုံးတင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဘာရိန်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် နိုဝင်ဘာ ၆**

ဗဟ်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘာရိန်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ အာမတ် အဘတ်ဒူလာ အာမတ် အယ်လ်ဟာမာစီ အယ်လ်ဟာဂျယ်ရီအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ အာမတ် အဘတ်ဒူလာ အာမတ် အယ်လ်ဟာမာစီ အယ်လ်ဟာဂျယ်ရီသည် ၁၉၈၃ ခုနှစ်တွင် မော်ရိုကိုနိုင်ငံရှိ ပဉ္စမမြောက် မိုဟာမတ်တက္ကသိုလ်မှ ဥပဒေဘာသာရပ်ဘွဲ့ ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၆ ခုနှစ်မှစတင်ကာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဘာရိန်းနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် လည်းကောင်း၊ ၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တရုတ်၊ ကူဝိတ်၊ ပြင်သစ်နှင့် ယူအေအီးနိုင်ငံဆိုင်ရာ ဘာရိန်းသံရုံးများတွင် ရာထူးတာဝန်အဆင့်ဆင့်ဖြင့် လည်းကောင်း တာဝန်များထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှ စတင်၍ ဘာရိန်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူ့အခွင့်အရေးဌာန၏ အကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ရုရှားနိုင်ငံရှိ ဘာရိန်းသံရုံး၌ အာဏာကုန်လွှဲအပ်ခြင်းခံရသော သံမှူးကြီးအဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ စတင်၍ ဘာရိန်း နိုင်ငံခြားရေးဝန်ကြီးဌာန ဥပဒေရေးရာဌာနတွင် ခေတ္တညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ၎င်းသည် ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘာရိန်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၎င်းသည် အင်္ဂလိပ်ဘာသာနှင့် ပြင်သစ်ဘာသာစကား တတ်ကျွမ်းသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်... ဘင်းမ်စတက် အတွင်းရေးမှူးချုပ် ဦးဆောင်သောအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၅**

ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. M Shahidul Islam ဦးဆောင်သောအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Manjurul Karim Khan Chowdhury နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)** **သတင်းစဉ်**



# ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကျေးဇူးတင်ကြောင်း သတင်းထုတ်ပြန်ချက်

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာလ(၃)ရက်နေ့တွင် အေးချမ်းတည်ငြိမ်အောင်မြင်စွာဖြင့် ကျင်းပနိုင်ခဲ့ပါသည်။ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြသော ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာအထောက်အကူပြုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ သတင်းရယူခဲ့ကြသည့် သတင်းမီဒီယာများနှင့် မဲဆန္ဒရှင်ပြည်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စစ်တွေမြို့ သံဃရာဇာဘုန်းတော်ကြီးကျောင်းတိုက်သို့ ဆန်အိတ် ၅၀ လှူဒါန်း



**စစ်တွေ နိုဝင်ဘာ ၅**
နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့် အဖွဲ့သည်ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ သံဃရာဇာဘုန်းတော် ကြီးကျောင်းတိုက်၌ နေထိုင်ပြီး ပညာသင်ကြားနေကြသော ရင်ခွင်ရိပ်အခမဲ့ပရဟိတ ပညာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ဆန်အိတ် ၅၀ အား လှူဒါန်းကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သံဃရာဇာဘုန်းတော်ကြီးကျောင်းတိုက်၌ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံပြီး အားပေးစကား ပြောကြားသည်။ ထို့နောက် ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လူမှုဝန်ထမ်းဦးစီးဌာနမှ ပရဟိတကျောင်းအဖြစ် မှတ်ပုံတင်နိုင်ရေးဆောင်ရွက်နေမှုတို့ကို လျှောက်ထားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်လှူဒါန်းသော ဆန်အိတ် ၅၀ ကို ပေးအပ်သည်။

အဆိုပါ သံဃရာဇာဘုန်းတော်ကြီးကျောင်းတိုက်တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ ကျောင်းသား ကျောင်းသူ ၁၅၀ တို့ တည်းခိုနေထိုင်ပြီး တတိယတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# (၉၁)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**
(၉၁)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှု ညှိနှိုင်းကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် Kempinski Hotel ၌ စတင်ကျင်းပသည်။




**အစည်းအဝေး ပထမနေ့ကျင်းပ**

အစည်းအဝေး ပထမနေ့၌ အာဆီယံသူနာပြု ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ကော်မတီ (ASEAN Joint Coordinating Committee on Nursing – AJCCN)၊ အာဆီယံ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (ASEAN Joint Coordinating Committee on Medical Practitioners – AJCCM) နှင့် အာဆီယံ သွားဘက်ပညာရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (Technical Working Group on ASEAN Dental Education – TWG-ADE) တို့၏ အစည်းအဝေးများကို ကျင်းပသည်။

**အတည်ပြု သတ်မှတ်ခြင်းတို့ဆောင်ရွက်**

အဆိုပါအစည်းအဝေးများ၌ ၂၀၁၆ - ၂၀၂၅ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်များ၏ တိုးတက်မှုများအပေါ် ဆွေးနွေးကြပြီး e-Health and Health Tourism နှင့် စပ်လျဉ်းသည့် Healthcare ဝန်ဆောင်မှုဆိုင်ရာ အစီရင်ခံစာနှင့် အာဆီယံအဖွဲ့ဝင်များ၏ လက်ရှိကျင့်သုံးနေသည့် စည်းမျဉ်းစည်းကမ်းများ၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် Professional Regulatory Authority – PRAs နှင့် Mutual Recognition Agreements – MRAs အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြားသောကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်များစာရင်း၊ Website နှင့် ပတ်သက်၍ ၎င်းအတွက်လိုအပ်သည့် အချက်အလက် Data အပြည့်အစုံ Upload ပြုလုပ်ခြင်းနှင့် Focal Point များ အတည်ပြုသတ်မှတ်ခြင်းတို့ကို ဆွေးနွေးကြသည်။

**လုပ်ထုံးလုပ်နည်းများ ဆွေးနွေး**

ထို့ပြင် AJCCN အစည်းအဝေး၌ အာဆီယံသူနာပြုများ ဒေသတွင်း လွတ်လပ်စွာရွှေ့လျားသွားလာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ် ဆွေးနွေးခြင်း၊ အာဆီယံအဖွဲ့ဝင်များ၏ အရည်အသွေးသတ်မှတ်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံအဖွဲ့ဝင်များ၏ သူနာပြုအတတ် သင်ရိုးညွှန်းတမ်းနှင့် National Qualifications Framework (NQF) အရည်အသွေး သတ်မှတ်ချက်များ ပုံထုတ်ခြင်းအပေါ် ဆွေးနွေးခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အဆင့်မြင့်ပညာရေးနှင့် သုတေသနဦးစီးဌာန၊ သူနာပြုကောင်စီ၊ သူနာပြုအဖွဲ့အစည်း၊ သူနာပြုအတတ်ပညာရေး အဖွဲ့အစည်းနှင့် ဆေးရုံအဖွဲ့အစည်းများအကြား လက်ရှိ Networking ဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများအပေါ် ဆွေးနွေးကြသည်။

**လမ်းညွှန်မှုများ ဆွေးနွေး**

အလားတူ AJCCM အစည်းအဝေး၌ အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လုံခြုံစိတ်ချရပြီး အရည်အသွေးကောင်းမွန်သည့် ဝန်ဆောင်မှုများဖြစ်ရန် နည်းလမ်းများအပါအဝင် အာဆီယံ ဆရာဝန်များ ဒေသတွင်းလွတ်လပ်စွာ ရွှေ့လျားလာနိုင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ် ဆွေးနွေးခြင်း၊ ဆေးဘက်ဆိုင်ရာ ကျောင်းများ၊ တက္ကသိုလ်များနှင့် တရားဝင် အသိအမှတ်ပြုစနစ်အပေါ် သတင်းအချက်အလက်များ အပါအဝင် (AJCCM 22 အစီရင်ခံစာ၏ နောက်ဆက်တွဲ-၁၂)ပါ အရည်အချင်းသတ်မှတ်ချက်နှင့်သင်ရိုးညွှန်းတမ်းများအပေါ် ဆွေးနွေးခြင်း၊ အလုအပရသဆိုင်ရာ ဆေးဝါးများနှင့် ဆဲလ်ကုထုံးများအပေါ် လမ်းညွှန်မှုများကို ဆွေးနွေးကြသည်။

**(၅)ကြိမ်မြောက် အစည်းအဝေးဖြစ်**

TWE-ADE လုပ်ငန်းအစည်းအဝေးတွင် သွားဘက်ဆိုင်ရာ Undergraduate ပညာရေးအတွက် အာဆီယံ၏ အနိမ့်ဆုံးဘုံအရည်အသွေးသတ်မှတ်ချက်စံနှုန်းအတွက် အဆင့်များ သတ်မှတ်မည့်ကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးများကို နိုဝင်ဘာ ၁၀ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ ယခုအစည်းအဝေးသည် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၅)ကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံလျှပ်စစ်ပညာသင်တန်း မန်းရေနံမြေတွင် ဖွင့်လှစ်

**မင်းဘူး နိုဝင်ဘာ ၅**
MPRL E&P သည် မန်းရေနံမြေဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ဆောင်ရွက်နိုင်ရန် စွမ်းရည်မြှင့်သင်တန်းများကို ပံ့ပိုးဖွင့်လှစ်ရာ အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)၏ ကူညီပံ့ပိုးမှုဖြင့် အခြေခံလျှပ်စစ်ပညာ သင်တန်းကို မန်းရေနံမြေတွင် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)**



သင်တန်းဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ဆွေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေအထွေထွေမန်နေဂျာ ဦးရဲနိုင်၊ အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ကျောင်းအုပ်ကြီး ဦးရဲထွဋ်ဇော်၊ MPRL E&P ရေနံမြေ လက်ထောက်မန်နေဂျာ ဦးမျိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းမှူးများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းတွင် ကျွမ်းကျင် သင်တန်းမှူးများက အခြေခံလျှပ်စစ်အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ အသိပညာများကို သင်ရိုးညွှန်းတမ်းနှင့် လက်တွေ့လုပ်ဆောင်စေခြင်းဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းကို မန်းရေနံမြေ ထိစပ်ကျေးရွာတစ်ခုဖြစ်သည့် အောက်ကျောင်းကျေးရွာတွင် သင်တန်းသားဦးရေ ၂၉ ဦးဖြင့် သီတင်းပတ် နှစ်ပတ်တာ ဖွင့်လှစ်သွားမည် ဖြစ်သည်။


မန်းရေနံမြေတွင် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P သည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် သက်မွေးပညာသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သင်တန်းအမျိုးအစား လေးမျိုးဖြင့် သင်တန်းဦးရေ ၉၇ ဦး ကို ပို့ချခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သင်တန်းအမျိုးအစား လေးမျိုးတွင် သင်တန်းသားဦးရေ ၉၉ ဦး တက်ရောက်သင်ယူနိုင်ခဲ့ပြီး အဆိုပါသက်မွေးပညာသင်တန်းများကို ဆက်လက် ပို့ချသွားမည် ဖြစ်သည်။

**သတင်းစဉ်**

# စင်ကာပူနိုင်ငံ၌ ကျင်းပသည့် Renewable Energy ပြိုင်ပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပထမဆုရရှိ

**နေပြည်တော် နိုဝင်ဘာ ၅**
စင်ကာပူနိုင်ငံတွင် ကျင်းပသည့် အာဆီယံစွမ်းအင်ဆိုင်ရာ (ACE) မှ ကျင်းပသော Renewable Energy (RE) ပြိုင်ပွဲတွင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပထမဆုရရှိခဲ့သဖြင့် အောက်တိုဘာ ၂၉ ရက်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ဆည်များရှိ ရေပေးမြောင်းတစ်လျှောက် ရေကျ အဆောက်အအုံများတွင် အသေးစား ရေအားလျှပ်စစ်တာဘိုင်စက်များ တီထွင်ကာ အနီးရှိကျေးရွာများသို့ လျှပ်စစ်မီးရရှိအောင် အကျိုးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


ASEAN Energy Award-2018

အာဆီယံစွမ်းအင်ဆိုင်ရာ (ACE) မှ ကျင်းပသော Renewable Energy (RE) ပြိုင်ပွဲသို့ ၂၀၀၉ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ (၇)ကြိမ်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာတွင် ပထမဆု ငါးဆုနှင့် တတိယဆု တစ်ဆု လက်ခံရရှိခဲ့ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်တွင်လည်း ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Winner Of ASEAN Energy Award (2018) ပထမဆုကို ထပ်မံရရှိခဲ့သဖြင့် အဆိုပါဆုကို အောက်တိုဘာ ၂၉ ရက်က စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် 36th AMEM ဆုပေးပွဲသို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ တက်ရောက်၍ လက်ခံရယူခဲ့ကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**




**ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဆဋ္ဌမအကြိမ်မြောက် အာဆီယံ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

❖ *ကျော်ဖုံးမှ*

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ချိုနှင့် ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်း၊ ဦးလှကျော်၊ ဒေါက်တာထွန်းနိုင်နှင့် ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ အာဆီယံအသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အလှည့်ကျဥက္ကဋ္ဌ Mr. Lor Sathya၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ဆဋ္ဌမအကြိမ်မြောက် အာဆီယံအသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေး (6th ACCMSME)နှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူမိပါကြောင်း။

**အမည်ပြောင်းလဲဖွဲ့စည်း**

အာဆီယံ အလယ်စားနှင့် အလတ်စား အေဂျင်စီလုပ်ငန်းအဖွဲ့ (ASEAN SME Agency Working Group -SMEWG)ကို ၁၉၉၅ ခုနှစ်ကတည်းက စတင်ခဲ့ရာ အသေးစားစီးပွားရေးလုပ်ငန်း (micro)များ ပါဝင်လာနိုင်ရေးနှင့် အခြား ASEAN Working Group များနှင့် ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် အာဆီယံအသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME )အဖြစ် အမည်ပြောင်းလဲ တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ ကော်မတီအနေဖြင့် အာဆီယံဒေသတွင်း အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises – MSME) ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ "အာဆီယံ ၂၀၁၆ - ၂၀၂၅ မဟာဗျူဟာမြောက် လက်တွေ့ကျသည့် လုပ်ငန်းစဉ်"ကို ရေးဆွဲနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်မိပါကြောင်း။




**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဦးဆောင်သည့် ဆဋ္ဌမအကြိမ်မြောက် အာဆီယံ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေး ကျင်းပစဉ်။** **သတင်းစဉ်**

ယနေ့ကျင်းပသည့် အစည်းအဝေးသည် အာဆီယံဒေသတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ခဲ့သည့် မဟာဗျူဟာမြောက် လုပ်ငန်းစဉ် (၅)ရပ်မှာ ထုတ်လုပ်နိုင်မှုစွမ်းရည်၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုတို့ကို မြှင့်တင်ရန်၊ ငွေကြေးအရင်းအနှီးရရှိစေရေး ပံ့ပိုးကူညီရန်၊ ဈေးကွက်ချဲ့ထွင်ရန်နှင့် နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်ရန်၊ လိုအပ်သည့် မူဝါဒ၊ ဥပဒေမူဘောင်များ ထိန်းကျောင်းသွားရန်နှင့် စွန့်ဦးတီထွင်မှုနှင့် တိုးတက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြင့်မားဆုံး အာဆီယံအသိုက်အဝန်းဖြစ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အာဆီယံ MSME များတွင် ဦးစားပေးကဏ္ဍ (၁၂)ခုရှိပါကြောင်း၊ အဆိုပါကဏ္ဍများမှ (၇)ခုသည် ကုန်ပစ္စည်းထုတ်လုပ်သည့် ကဏ္ဍများဖြစ်ပြီး ကျန်(၅)ခုမှာ ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပါကြောင်း၊ MSME များတွင် ခရီးသွားကဏ္ဍ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊ စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်များ ထုတ်လုပ်သည့်ကဏ္ဍ၊ သစ်ထုတ်ကုန်များကဏ္ဍနှင့် ငါးမွေးမြူရေးဆိုင်ရာကဏ္ဍများ အများဆုံးပါဝင်နေသည်ကို တွေ့ရပါကြောင်း။

**သတင်းရင်းမြစ်များ ရရှိရန်လို**

ခရီးသွားကဏ္ဍ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍများရှိ MSME များအကြား အနာဂတ်ဈေးကွက် ချဲ့ထွင်ရန်နှင့် Supply Linkage များအပါအဝင် အခြားအခွင့်အရေးများဖြစ်သည့် သတင်းအချက်အလက် ရင်းမြစ်များ ရရှိရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အာဆီယံဒေသဒေသတွင်း နိုင်ငံများ၏ MSME များ ချောမွေ့စွာ ချိတ်ဆက်ပေးနိုင်ရေးအတွက် အာဆီယံ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အနေဖြင့် အရေးပါသည့် အခန်းကဏ္ဍတွင် တည်ရှိနေပါကြောင်း၊ အာဆီယံဒေသတွင်းနိုင်ငံများသည် တစ်နိုင်ငံချင်းအလိုက် ရေမြေအနေအထား၊ မြေမျက်နှာသွင်ပြင်နှင့် သဘာဝသယံဇာတပိုင်ဆိုင်မှုများ ကွာခြားပါကြောင်း၊ အဆိုပါ ပိုင်ဆိုင်မှုကွာခြားမှုများကို အားသာချက်အဖြစ်အသုံးချပြီး ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်နိုင်ရန် တိုးတက်သည့် တီထွင်ဆန်းသစ်မှုများကို ဖန်တီးကြရမည် ဖြစ်ပါကြောင်း။

**အလေးထားဆောင်ရွက်**

အာဆီယံအသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) ၏ လုပ်ငန်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် MSME ကဏ္ဍများနှင့် ပတ်သက်၍ အာဆီယံ MSME ကဏ္ဍများ၏ ပုံမှန်အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်းမှရရှိခဲ့သည့် အတွေ့လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးရန်တို့ ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ရည်မှန်းထားသည့်ရလဒ်များ ရရှိရေး အကောင်အထည်ဖော်ရာတွင် တိုင်းတာရမည့် အဓိကသော့ချက်မှတ်တိုင် (Key Performance Indicators) များရှိပါကြောင်း၊ အဆိုပါ သော့ချက်မှတ်တိုင်များကို အသုံးပြု၍ အဓိကရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အာဆီယံဒေသသည် ကမ္ဘာပေါ်တွင် နယ်မြေကျယ်ပြန့်ကြီးမားသည့် အသိုက်အဝန်းတစ်ခုဖြစ်ပါကြောင်း၊ တစ်ခုတည်းသော အာဆီယံဒေသအတွင်းတွင် လုံခြုံရေးနှင့် တည်ငြိမ်မှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ ဘက်ပေါင်းစုံတွင်း MSME ကဏ္ဍများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာအကန့်အသတ်များ၊ နည်းပညာပိုင်းဆိုင်ရာနှင့် ဈေးကွက်အခြေအနေများအရ အခြားစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် သတင်းအချက်အလက် မလုံလောက်မှု၊ အသိအမှတ်ပြုအဆင့်အတန်းအရ လုံလောက်သည့် စွမ်းရည်မရှိမှု၊ စီးပွားရေးနှင့် မူဝါဒဆိုင်ရာများတွင် ပိုမိုပါဝင်မှုစသည့် အခက်အခဲပြဿနာများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

အဆိုပါ အခက်အခဲ၊ ပြဿနာများကို ကျော်လွှားနိုင်ရေးအတွက် အာဆီယံဒေသတွင်း ပေါင်းစည်းအားနှင့်အတူ နိုင်ငံတကာနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီပံ့ပိုးမှုကို ရယူပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အာဆီယံအကြံကောင်းများကိုလေ့လာပြီး နိုင်ငံတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ MSME များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုပံ့ပိုးပေးနိုင်ရေး၊ နည်းပညာရရှိနိုင်ရေး၊ ဈေးကွက်ရှာဖွေနိုင်ရေး၊ MSME လုပ်ငန်းများကို ထိရောက်သည့် ဥပဒေမူဘောင်များဖြင့် အကာအကွယ်ပေးနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအပိုင်းများတွင် ထိထိရောက်ရောက် ပံ့ပိုးပေးလျက်ရှိသည့်အပြင် နှစ်တိုနှစ်လတ် "Quick Win" ကဏ္ဍများကို ဆောင်ရွက်နေရုံသာမက ရေရှည်ဆောင်ရွက်ရမည့် ကဏ္ဍများကို Twin-Track လမ်းစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ကာလသည် ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလရောက်ရှိပြီဖြစ်၍ ၂၀၁၆-၂၀၂၀ Phase I ၏ ခရီးတစ်ဝက်ရောက်ရှိခဲ့ပြီ ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးသမျှ လုပ်ငန်းများအားလုံးကို အစည်းအဝေးတွင် ပြန်လည်သုံးသပ်ပြီး ရှေ့(၂)နှစ်တာကာလအတွက် တိကျသည့် လုပ်ငန်းအစီအစဉ်များ လျာထားရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အာဆီယံ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (ACCMSME) ၏ ဆောင်ရွက်ချက်များအနက် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဝန်ဆောင်မှုဗဟိုဌာန (SME Service Centre)၊ အခွန်အခနှင့် ငွေကြေးဆိုင်ရာ မက်လုံးပေးမှုအစီအစဉ်များ (Tax and Financial Incentive Scheme)၊ ဒီဂျစ်တယ်စီးပွားရေး (Digital Economy)၊ အသေးစားလုပ်ငန်းများ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး (Sustainability of Micro Enterprises) များကို ဦးဆောင်ပြုလုပ်သော နိုင်ငံများ (Champion Countries)ဖြင့်ဦးဆောင် စတင်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါကြောင်း။

**ထောက်ပံ့ပေးနိုင်မည်**

ယခုကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် အာဆီယံ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအစည်းအဝေး (6th ACCMSME) နှင့် ဆက်စပ်အစည်းအဝေးများသည် မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသတွင်း MSME များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရန် အထောက်အပံ့ပြုပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် အာဆီယံဒေသတွင်းနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ရုရှားနှင့် OECD ၊ USAID ၊ GIZ အစရှိသော မိတ်ဖက်အဖွဲ့အစည်းများမှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆဋ္ဌမအကြိမ်မြောက် အာဆီယံ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အလှည့်ကျဥက္ကဋ္ဌ Mr. Lor Sathya က အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဦးဆောင်၍ ဆဋ္ဌမအကြိမ်မြောက် အာဆီယံ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဝင်များ အချင်းချင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ဂျာမနီနိုင်ငံ GIZ နှင့် MSME လုပ်ငန်းများတိုးမြှင့်ရေး စီမံကိန်းနှင့် ပတ်သက်၍ လည်းကောင်း၊ အာဆီယံနှင့် အရှေ့အာရှနိုင်ငံများဆိုင်ရာ စီးပွားရေးသုတေသနအဖွဲ့အစည်း (ERIA)၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့အစည်း (MRI)တို့နှင့် ဒစ်ဂျစ်တယ်စီးပွားရေးစီမံကိန်းနှင့် ပတ်သက်၍ လည်းကောင်း၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီ(ASEAN BAC) နှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် အာဆီယံလမ်းညွှန်မှုအစီအစဉ်နှင့် ပတ်သက်၍ လည်းကောင်း၊ အမေရိကန်-အာဆီယံ စီးပွားရေးအကြံပေးကောင်စီ (ASEAN BAC) နှင့် Online Academy တို့နှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်းနှင့် ဆဋ္ဌမအကြိမ်မြောက် အာဆီယံအသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံရှေ့ရေး သက်မွေးပညာ သင်ယူပါ

**ညီမေတ္တာ (အမရပူရ)**

မြန်မာနိုင်ငံတွင် ကျွမ်းကျင်ပညာရှင်နှင့် အင်ဂျင်နီယာအချိုးပြောင်းပြန်ဖြစ်နေသည်၊ ကျွမ်းကျင်လုပ်သားနည်းပါးလာသည်ဟု ဆွေးနွေးမှုများ ကြားသိရသည်။ မှန်ပါသည်။ နိုင်ငံတစ်နိုင်ငံမှာ သက်မွေးပညာ တတ်သူရှားပါးလာခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းကို များစွာ ထိခိုက်စေပါသည်။

ဥပမာအနေဖြင့်ပြောရမည်ဆိုပါလျှင် မြို့သစ်တည်မည်ဆိုပါက လမ်းတံတား၊ လျှပ်စစ်၊ အဆောက်အဦစသည်ဖြင့် အင်ဂျင်နီယာပညာရှင် အယောက် ၅၀၊ ၁၀၀ ရှိရုံဖြင့် လုံလောက်ပါသည်။ လျှပ်စစ်သွယ်တန်းရာတွင် ကျွမ်းကျင်သောလုပ်သားများ၊ လမ်းတံတားတည်ဆောက်ရာတွင် ကျွမ်းကျင်သော လုပ်သားများ၊ အဆောက်အအုံတည်ဆောက်ရာတွင် ကျွမ်းကျင်သော ပန်းရန်၊ လက်သမား၊ သံချည်သံကွေးအလုပ်သမားများ၊ ရေပိုက်သွယ်တန်းခြင်း၊ အခန်းအလှဆင်ခြင်း၊ ပရိဘောဂလုပ်သားများစသည်ဖြင့် အလုပ်သမားပေါင်း သောင်းချီလိုအပ်မည်ဖြစ်ပါသည်။

**ကျွမ်းကျင်လုပ်သားများနေမှသာအဆင်ပြေ**

ဘွဲ့ရအင်ဂျင်နီယာတွေများနေ၍ အဆင်မပြေနိုင်ပါ။ ကျွမ်းကျင်လုပ်သားတွေများနေမှသာ မြို့တည်ထောင်ရာ၌ အဆင်ပြေမှာ ဖြစ်ပါသည်။ လူငယ်တစ်ယောက်အနေဖြင့် သက်မွေးပညာတစ်ခုတတ်ထားလျှင် ဘဝနေထိုင်မှုအတွက် အာမခံချက်ရရှိမည် ဖြစ်ပါသည်။ ယခုအခါ မိဘအများစုနှင့် သားသမီးအများစုက အတန်းပညာဘွဲ့တစ်ခုရမှသာ ဘဝမှာ ပြည့်စုံသလို၊ အာမခံချက်ရှိသလိုလို တွေးထင်ယူဆထားကြသည်ကို တွေ့ရပါသည်။ လူငယ်များအနေဖြင့် ဘွဲ့ရမှမဟုတ်ဘဲ သက်မွေးအတတ်ပညာတစ်ခုခုကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားမည်ဆိုပါက မိမိဘဝကို မိမိကိုယ်တိုင် ထိန်းကျောင်းနိုင်မည်ဖြစ်သည်ကို သိထားစေချင်ပါသည်။

ဘွဲ့ယူသင့်သောအခြေအနေနှင့် ဘွဲ့ယူရခြင်း၏ ရည်ရွယ်ချက်ကို မိဘများနှင့် သားသမီးများအနေဖြင့် ချင့်ချိန်စဉ်းစားတွက်ချက်သင့်ပါသည်။ ဥပမာအနေဖြင့် ဘွဲ့ယူသင့်၊ မယူသင့် စဉ်းစားတွက်ချက်ရမည့်ပုံစံကို တင်ပြပါမည်။ အသက် ၆၀ ကျော် မုဆိုးမတစ်ယောက်မှာ သားအကြီးဆုံးက ကိုးတန်း၊ သမီးအလတ်က ခုနစ်တန်း၊ သားငယ်က လေးတန်းရှိမယ်ဆိုပါလျှင် မိခင်မုဆိုးမခမျာ စားမှုနေမှုကလည်း ခက်ခဲနေပါမည်။ သားကြီးဖြစ်သူက စာအတော်ကြီးလည်း မဟုတ်ပါလျှင် ဒီအခါမျိုးတွင် မိခင်အနေဖြင့် တွက်ရမည်မှာ ဆယ်တန်းတစ်နှစ်လုံးအတွက် ကျောင်းစရိတ်ကျောင်းသုံးစာအုပ်ဖိုး ဈေးအသက်သာဆုံး ဘာသာစုံ ကျူရှင်ခ၊ ဝင်ငွေက မိခင်တစ်ဦးတည်ပေါ်မှာ အားကိုးနေရမည်။

အဲဒီသားကြီးဘွဲ့ရဖို့ အနည်းဆုံးနောက်ထပ် ငါးနှစ်ကြာမည်။ တက္ကသိုလ်ရောက်သည်အထိ ငွေကြေးကထောက်ပံ့နေရမည်သာ ဖြစ်ပါသည်။ အောက်က ကလေးတွေက ရှိသေး၏။ ဘွဲ့ရသည်အထိ ပညာသင်စရိတ်ထောက်ပံ့မည့်သူရှိသည်ဆိုပါလျှင်ပင် ဘွဲ့ရသည်နှင့် ချက်ချင်း ဝင်ငွေရအောင်လုပ်နိုင်သောအလုပ်ကို ဘွဲ့က အာမခံနိုင်မည်မဟုတ်ပါ။ ဘွဲ့ရပြီး ဆိုက်ကားနင်းနေရသူ၊ ဈေးရောင်းနေရသူ၊ ကြုံရာကျပန်းလုပ်နေရသူတွေ အများကြီးရှိနေပါသည်။ မိခင်ကရော သည်အချိန်ထိ ကျန်းမာရေး ကောင်းမွန် နေပါမည်ဟု အာမခံနိုင်ပါမလား။ အငယ်နှစ်ယောက်အတွက်၊ မိခင်အတွက် အထောက်အပံ့ရစေရန် ဘွဲ့ယူမည့်အချိန် တစ်ဝက်ဖြစ်သည့် နှစ်နှစ်၊ သုံးနှစ်အသက်မွေးပညာတစ်ခုခုကို သင်လိုက်မည်ဆိုပါက လစာနေ့တွက်ကောင်းကောင်းရနေမည် အမှန်ပင်ဖြစ်ပါသည်။

> **"ယနေ့မိဘများအနေဖြင့် ငါ့သား ငါ့သမီးသည် ပညာတတ်ဘွဲ့ရဖြစ်ရမည်ဟူသော အတွေးက သက်မွေးလက်မှုပညာ ကျွမ်းကျင်သူများကို ရှားပါးစေခြင်း ဖြစ်ပါသည်။ ဘွဲ့မရသဖြင့် ဆင်းရဲရသည်ဟု ပုံသေမရှိပါ။ ဘွဲ့ရ၍သာ ချမ်းသာခြင်းဖြစ်သည်ဟုလည်း ပုံသေမရှိပါ။ မိမိကြိုးစားအားထုတ်မှုအပေါ်မှာ မူတည်ပါသည်"**

အထက်ပါအခြေအနေမျိုးတွင် ဘွဲ့မယူသင့်ပါ။ သက်မွေးပညာကိုသာ အမြန်သင်ယူရမည်ဖြစ်ပါသည်။ ဘွဲ့ရပြီးမှ သက်မွေးပညာသင်ယူရဦးမည်ဆိုပါလျှင် အရွယ်အားဖြင့် သင်ယူချင်စိတ်အားနည်းနေတတ်ပါသည်။ ယနေ့မိဘများအနေဖြင့် ငါ့သား ငါ့သမီးသည် ပညာတတ်ဘွဲ့ရဖြစ်ရမည်ဟူသော အတွေးက သက်မွေးလက်မှုပညာ ကျွမ်းကျင်သူများကို ရှားပါးစေခြင်းဖြစ်ပါသည်။ ဘွဲ့မရသဖြင့် ဆင်းရဲရသည်ဟု ပုံသေမရှိပါ။ ဘွဲ့ရ၍သာ ချမ်းသာခြင်းဖြစ်သည်ဟုလည်း ပုံသေမရှိပါ။ မိမိကြိုးစားအားထုတ်မှုအပေါ်မှာ မူတည်ပါသည်။

**အလုပ်အပေါ်ကျွမ်းကျင်မှုရှိသည်ကိုလိုချင်**

ဘွဲ့ရခြင်း၏ ရည်ရွယ်ချက်သည် ဘဝရပ်တည်မှုဖြစ်သကဲ့သို့ သက်မွေးအတတ်ပညာသင်ယူ၍ တတ်မြောက်ပါကလည်း ဘဝရပ်တည်မှုပင်ဖြစ်သည်ကို ယနေ့မိဘအများစုနှင့် လူငယ်များ စဉ်းစားဆင်ခြင်စေလိုပါသည်။ ယနေ့ဘွဲ့ရသူများကို အလုပ်ခေါ်ရာတွင် လုပ်သက်အတွေ့အကြုံ နှစ်နှစ်၊ သုံးနှစ်စသည်ဖြင့် ရှိရမည်ဟု အလုပ်ခေါ်ကြော်ငြာတွင် ပါလေ့ရှိခြင်းသည် ဘွဲ့ရခြင်းထက် အလုပ်အပေါ်ကျွမ်းကျင်မှုရှိသည်ကိုပါ လိုချင်သည်ကို တွေ့ရပါသည်။

အောင်မြင်ကျော်ကြားခဲ့သော၊ ကျော်ကြားနေသော အနုပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးသမားများ၊ လုပ်ငန်းရှင်များ၊ သူတို့အားလုံးသည် ဘွဲ့ရသူများသာဖြစ်ကြ သည်ဟု မထင်မှတ်စေချင်ပါ။ ဘွဲ့မရသူများလည်း ပါပါသည်။ သေချာသည်က ဘွဲ့ရ၍ ကြီးပွားအောင်မြင်ခြင်းမဟုတ်ဘဲ မိမိလုပ်ငန်းအပေါ် ကြိုးစား၍ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်နိုင်၍သာ အောင်မြင်ခြင်း ဖြစ်ပါသည်။

ယနေ့ကြီးပွားအောင်မြင်သူများသည် သူတို့ ဘာဘွဲ့ရခဲ့သည်၊ ဘယ်ကျောင်းမှာ တက်ခဲ့သည်ကို ပြည်သူများ မသိကြပါ။ စာရေးသူအနေဖြင့် ဘွဲ့ရသူများကို တန်ဖိုးမထား၊ မလေးစား၍ မဟုတ်ပါ။ အချိန်ပေး၍ ငွေကုန်ကာ ကြိုးစားသင်ယူထားရသောကြောင့် လေးစားတန်ဖိုးထားပါသည်။ မိမိဘဝ၊ မိမိအခြေအနေ၊ မိမိအင်အားနှင့် ကိုက်ညီသော လက်နက်အသုံးအဆောင်များကို ကိုင်တွယ် အသုံးပြုရမည်ဖြစ်ပါသည်။

**ဘွဲ့ရပြီးမကြိုးစားလျှင်လည်း မကြီးပွား၊ မတိုးတက်နိုင်**

အားကစားလောက ဥပမာဖြင့် ပြောရမည်ဆိုပါလျှင် အရပ်ရှည်သူများကို ဘော်လီဘော၊ ဘတ်စကက်ဘော အားကစားနေရာမျိုးမှာ ထားရပါသည်။ အရပ်ပု၍ ကိုယ်ခန္ဓာတုတ်ခိုင်သူများကို ပြေးခုန်ပစ်၊ ရေကူးစသည်ဖြင့် လိုက်ဖက်သည့်နေရာမျိုးတွင် ကစားစေမှသာ အောင်ပန်းဆင်နိုင်မည်ဖြစ်ပါသည်။ ဘွဲ့ရပြီး မကြိုးစားလျှင်လည်း မကြီးပွား၊ မတိုးတက်နိုင်ပါ။

ရှစ်တန်း၊ ကိုးတန်းလူငယ်များကို သက်မွေးပညာသင်ပေးပါက အလုပ်ကထိန်းသွားမည်ဖြစ်သည့်အတွက် အပေါင်းအသင်းကြောင့် ပျက်စီးမှာကိုပင် ပူစရာမလိုတော့ပါ။ အလုပ်ရှိသောလူငယ်ထက် အလုပ်မရှိသောလူငယ်က ပို၍ပျက်စီးလွယ်ပါသည်။ အလုပ်ထဲမှာ နေရသည့်အတွက် အလုပ်နှင့် ပတ်သက်ဆက်နွယ်သော မိတ်ဆွေသူငယ်ချင်းများနှင့်သာ ပေါင်းဖော်ရသောကြောင့် အပေါင်းအသင်းလည်း မမှားနိုင်ပါ။ အလုပ်က လူကို ထိန်းသွားပါသည်။

မြန်မာနိုင်ငံတွင် သက်မွေးပညာများစွာရှိသည်ကို ယနေ့မိဘများနှင့် လူငယ်များကို အသိပေးလိုပါသည်။ ထိုသက်မွေးပညာများဖြင့် ကြီးပွားတိုးတက်ချမ်းသာနေသောသူများ မရေမတွက်နိုင်အောင်ရှိနေသည်ကို သိစေချင်ပါသည်။ ယခုအခါ နည်းပညာခေတ်မီနေသောကြောင့် လက်သမားအလုပ်၊ ပန်းရန်၊ သံချည်သံကွေးစသည့် အလုပ်များသည် စက်ကိရိယာ၊ မော်တာများဖြင့် ကိုင်တွယ်ပြုလုပ်နေနိုင်ပြီဖြစ်သောကြောင့် ကာယအားကိုးဖြင့် လုပ်စရာမလိုသော အချိန်အခါဖြစ်ပါသည်။

**အလုပ်ဟူသမျှဂုဏ်ရှိစွာ**

အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုသည့်အတိုင်း မည်သည့်အလုပ်ပင်မဆို ယခုအခါ ဂုဏ်ရှိနေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ အရာရှိတစ်ဦးသည် သံတမန်ကိစ္စအတွက်နှင့် အမေရိကန်ပြည်ထောင်စုသို့သွားရလေ၏။ ညစာစားပွဲတစ်ခုမှာ အမေရိကန်လူမျိုးတစ်ဦးနှင့် မိတ်ဆွေဖြစ် ခင်မင်ရင်းနှီးသွားပါသည်။ သူ့အလုပ်ကို ပြောပြသောအခါ လွန်စွာ အထင်သေးစရာဖြစ်နေပါသည်။ သူ့အလုပ်က နွားကျောင်းသောအလုပ်ဟူသောကြောင့် ဖြစ်ပါသည်။ တစ်နေ့သောအခါ သူ့နွားကျောင်းရာနေရာကို အလည်ခေါ်သောကြောင့် လိုက်သွားရာ ထောင်ချီသောနွားများကို ဟယ်လီကော်ပတာဖြင့် ထိန်းကျောင်းနေသည်ကို တွေ့ရ၏။ တောင်ကုန်းတောင်စောင်းများပေါ်၌ ဝေ့ဝိုက်၍ နွားများကို ထိန်းကျောင်းခြောက်လှန့်နေသည်မှာ အံ့သြစရာဖြစ်ပါသည်။

နွားကျောင်းသည်ဟူသောအခါ မြန်မာနိုင်ငံမှ နွားကျောင်းသားကိုသာ မြင်ယောင်မိကြလေ၍ အထင်သေးမိလေသည်။ ထို့အတူ ယခုအခါ သက်မွေးပညာကို အထင်မသေးစေချင်ပါ။ ခေတ်မီသောစက်လက်နက်ကိရိယာများဖြင့် ကိုင်တွယ်တည်ဆောက် တပ်ဆင်ပြုလုပ်ထုတ်လုပ်၍ လွန်စွာခေတ်မီလျက်ရှိနေပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လက်မှုသက်မွေးကျွမ်းကျင်ပညာရှင် များစွာရှိရန် လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း စက်မှုလက်မှု သက်မွေးပညာရပ်များကို သင်ကြားပေးသော သင်တန်း ကျောင်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ပါသည်။

သက်မွေးပညာ၏ တန်ဖိုးကို နားလည်လာပြီး လူငယ်များအနေဖြင့် မိမိဘဝအာမခံချက်ရရှိလာသည့်နည်းတူ နိုင်ငံတွင်လိုအပ်လျက်ရှိသော ကျွမ်းကျင်သက်မွေးပညာရှင်လူငယ်များအဖြစ် ပေါ်ထွက်လာပြီး လုပ်ငန်းခွင်များထဲတွင် ပျော်ရွှင်စွာလုပ်ကိုင်ကြ၍ မိမိဘဝကို မိမိစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ ။

## ပခုက္ကူလူငယ်ဖွံ့ဖြိုးရေးအသင်း၏အကြိမ်(၅၀)မြောက် လူငယ်တွေ့ဆုံပွဲကို ပခုက္ကူခရိုင်ပြန်/ဆက်ရုံး ခန်းမ၌ကျင်းပ

**ပခုက္ကူ နိုဝင်ဘာ ၅**

ပခုက္ကူလူငယ် ဖွံ့ဖြိုးရေးအသင်း၏ အကြိမ် (၅၀) မြောက်လူငယ်တွေ့ဆုံပွဲကို နိုဝင်ဘာ ၄ ရက်က ခရိုင် ပြန်/ဆက် ရုံးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပခုက္ကူလူငယ်ဖွံ့ဖြိုးရေး အသင်းဝင် ဂျင်မီရှိန်းက တွေ့ဆုံပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်များ အကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့်လူငယ်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။

**မျှဝေဆွေးနွေး**

ဆက်လက်၍ မန္တလေးမြို့ Mobile Phone Professional Groupမှ မန်နေဂျာ ဦးထွန်းနိုင်လင်းက Facebook Security အကြောင်း၊ Facebook သုံးစွဲရခြင်း၏ရည်ရွယ်ချက်များ၊ Facebook Online ပေါ်မှ အလုပ်အကိုင်ကောင်းများရှာ ဖွေလုပ်ကိုင်ဆက်သွယ်နည်းများ၊ တစ်ခြားသူများ၏ Facebook Posts များကို Like, comment နှင့် share လုပ်ခြင်းအပေါ် ဖြစ်ပေါ်တွေ့ကြုံရမည့် ကောင်းကျိုး၊ ဆိုးကျိုးများအကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် IT ခေတ်တွင် ဆောင်ရန်၊ ရှောင်ရန်အချက်များ ပိုမိုများပြားလာပုံအကြောင်းစသည်တို့ကို မျှဝေဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် လူငယ်များက Facebook Security နှင့်ပတ်သက်၍ သိရှိလိုသည်များမေးမြန်းကြပြီး အပြန်အလှန်အသိပညာဖလှယ် ဆွေးနွေးကြသည်။

အဆိုပါလူငယ်တွေ့ဆုံပွဲကို လူငယ်များအချင်းချင်းကြား အတွေးအခေါ်၊ အကြားအမြင်၊ ဗဟုသုတများကို ဖလှယ်နိုင်ရန်နှင့် မိမိတို့တတ်စွမ်းသမျှ အရည်အချင်းအစွမ်းအစများကို ဖော်ထုတ်ရင်း စွမ်းဆောင်ရည်ပြည့်ဝသော လူငယ်များပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။



**တစ်လတစ်ကြိမ်တွေ့ဆုံ**

ယခုလို လူငယ်တွေ့ဆုံမှုကို တစ်လတစ်ကြိမ် လစဉ်ကျင်းပသွားမည်ဖြစ်ပြီး လူငယ်များအရည်အချင်းဖြည့်သင်တန်းများ ပြုလုပ်ခြင်း၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ချိတ်ဆက်ဆောင်ရွက်ပေး နိုင်အောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ပခုက္ကူလူငယ်ဖွံ့ဖြိုးရေးအသင်း အကြံပေး မကေသီလင်းက ပြောသည်။ **ဆလိုင်းကိုကီး**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၅**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၂၄ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ကလေးစာပေပွဲတော်တွင် အားကစား၊ စက္ကူခေါက်၊ ပန်းချီ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများမှ ဆုရကျောင်းသား ကျောင်းသူများအား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဆုများချီးမြှင့်




**ပုသိမ် နိုဝင်ဘာ ၅**

ပုသိမ်မြို့၌ကျင်းပသည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ထည့်သွင်းကျင်းပသည့် U-14 အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီးထုပ်ဆီးတိုး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းကပုသိမ်တက္ကသိုလ်အားကစားကွင်းတွင် ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် U -14 အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဟသ်ာတဘောလုံးအသင်း၊ ဒုတိယဆုရရှိခဲ့သည့် ဖျာပုံဘောလုံးအသင်း၊ တတိယဆုရရှိခဲ့သည့် မြောင်းမြဘောလုံးအသင်းနှင့် အထူးဆုရရှိခဲ့သည့် မအူပင်ဘောလုံးအသင်းတို့အား ဂုဏ်ပြုဆုငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုဆုငွေပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲတွင် မူလတန်းအဆင့် ထုပ်ဆီးတိုးပြိုင်ပွဲ၌ ပထမဆုရ မြောင်းမြအသင်း၊ ဒုတိယဆုရ လပွတ္တာအသင်း၊ တတိယဆုရ ဟသ်ာတအသင်းနှင့် အထူးဆုရ မအူပင်အသင်း၊ ဖျာပုံအသင်း၊ သာပေါင်းအသင်းနှင့် အလယ်တန်းအဆင့် ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမဆုရ လပွတ္တာအသင်း၊ ဒုတိယဆုရမြောင်းမြအသင်း၊ တတိယဆုရ သာပေါင်းအသင်း၊ အထူးဆုရ မအူပင်အသင်း၊ ဟသ်ာတအသင်း၊ ဖျာပုံအသင်း၊ ဘုရားကြီးကုန်းအသင်းနှင့် KSP အသင်းတို့အား ဂုဏ်ပြုဆုငွေနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော်ကျင်းပရာ ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ သွားရောက်ကာ ပွဲတော်တွင် ခင်းကျင်းပြသရောင်းချနေသည့် စာအုပ်ဆိုင်များ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ကျောင်းသား၊ ကျောင်းသူလေးများအား သွားရောက်အားပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများသည် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည့် ကလေးစာပေပွဲတော်သို့ တက်ရောက်ပြီး စက္ကူခေါက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများမှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**သီသီမင်း၊ မင်းသစ် (MNA)**

**ဓာတ်ပုံ - နေလင်း**

## တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဒီလိုပွဲတွေ ကျင်းပပေးတဲ့အတွက် အသိပညာဗဟုသုတတွေ အများကြီးတိုးတက်လာမှာ ဖြစ်ပါတယ်

**ဒေါ်တင်တင်ချို**

ပုသိမ်ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့ကို ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပွဲတော်သို့ လာရောက်သည့် ကျောင်းသား ကျောင်းသူ၊ မိဘပြည်သူများနှင့် လာရောက်ကြည့်ရှု လေ့လာသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည် -



ဒေါ်တင်တင်ချို



ဒေါ်ညွန့်ညွန့်မာ



မခင်နှင်းယု



ဦးလှငွေ



ဦးတေဇောသာရ



မရွှန်းပြည့်ပြည့်စံ




ဒေါ်စိုးစိုးရီ



မထက်ထက်ကျော်



ဒေါ်သီတာစိုး



ဒေါ်မြတ်မွန်အေး

**ဒေါ်တင်တင်ချို**
**မြို့နယ်ပညာရေးမှူး**
**မြောင်းမြမြို့**

အခုလို ကလေးတွေနဲ့၊ စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းနဲ့ ဆောင်ရွက်ပေးတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဒီလိုပွဲတွေ ကျင်းပပေးတဲ့အတွက် အသိပညာဗဟုသုတတွေလည်း အများကြီး တိုးတက်လာမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အကြံပြုချင်တာက ကလေးတွေအတွက် ကစားနည်းတွေက လိုနေသေးတယ်။ တချို့ဆရာမတွေကျတော့ ပျောက်မှာစိုးလို့ မပါဝင်ခိုင်းဘူး။ ဘာပဲဖြစ်ဖြစ် သူတို့ကို ပါဝင်ဆင်နွဲစေချင်ပါတယ်။ ကစားနည်းမျိုးစုံကို ထည့်ပေးစေလိုပါတယ်။ မူကြိုဆိုရင် မူကြိုအဆင့်စသဖြင့် အရွယ်အလိုက် ကစားနည်းလေးတွေကို ဖြည့်စွက်ပြီး ထည့်ပေးစေချင်တယ်။

**ဒေါ်ညွန့်ညွန့်မာ**
**(မူလွန်၊ လက်ပံကျောင်း)**

ဒီလိုပွဲတော်တွေ လုပ်ပေးတဲ့အတွက် ကလေးတွေအတွက် ဗဟုသုတရတယ်၊ အသိသစ် အမြင်သစ်တွေ တိုးပွားတယ်လို့ မြင်မိတယ်။ ကျေးလက်ဒေသက လာတဲ့ ကလေးတွေအတွက်ဆို ပိုပြီးတော့ ဗဟုသုတတွေ များစွာရရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကျင်းပတဲ့အတွက် အင်မတန်ကောင်းမွန်တဲ့ ရည်ရွယ်ချက်ဖြစ်တယ်။ ကလေးတွေနဲ့ သက်ဆိုင်တဲ့ ပြခန်းမျိုးလေးတွေ ပိုထည့်ပေးနိုင်မယ်ဆိုရင် ကောင်းပါတယ်။ ကလေးတွေ လေ့လာတဲ့အခါ တချို့နေရာတွေမှာ ပွဲတော်လာတဲ့ လူများတော့ လူတိုးရတာနဲ့ ကလေးတွေ မကြည့်ရတဲ့နေရာတွေ ရှိပါတယ်။ ဒါကြောင့် ကျယ်ကျယ် ဝန်းဝန်းလေး ပြပေးထားရင်တော့ ပိုပြီး ကောင်းမယ်လို့ ထင်ပါတယ်။

**မခင်နှင်းယု**
**(တတိယနှစ်၊ စီးပွားရေးတက္ကသိုလ်)**

ကလေးစာပေပွဲတော် ကျင်းပတဲ့အတွက် ဗဟုသုတရပါတယ်။ လူငယ်တွေ၊ ကလေးတွေအတွက် စာကြည့်တိုက်တွေ ရှိဖို့ ပိုလိုအပ်တယ်။ စာကြည့်တိုက်တွေ ရှိတော့ အလွယ်တကူစာအုပ်တွေ ပိုဖတ်လာပါမယ်။ စာအုပ်တွေကတော့ ရောင်းတဲ့ ဆိုင်တွေမှာလည်း ရှိပါတယ်။ ကိုယ်က ဗဟုသုတရမယ့် စာပေပြန်ရွေးရပါတယ်။ ဒါပေမယ့် ဗဟုသုတရနိုင်တဲ့၊ အသိပညာရနိုင်တဲ့ စာအုပ်တွေ အများစုက စာကြည့်တိုက်တွေမှာ ရှိတဲ့အတွက် စာကြည့်တိုက်တွေ ပိုဖွံ့ဖြိုးစေချင်ပါတယ်။

**ဦးလှငွေ (အထက်တန်းကျောင်းအုပ်) မအူပင်**

တိုင်းဒေသကြီးမှာ အခုလို ကျင်းပသလို မြို့နယ်အလိုက်၊ မြို့နယ်အထိ ကျင်းပပေးမယ်ဆိုရင် ပိုမို ထိရောက်အောင်မြင်မယ်လို့ မြင်ပါတယ်။ စာအုပ်စာပေနဲ့ ပတ်သက်ပြီးတော့ အထက်တန်းကျောင်းတွေမှာလောက်ပဲ စာကြည့်တိုက်ဆိုတာရှိတယ်။ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းတွေဆိုရင် စာကြည့်တိုက် မရှိသလောက်ပဲ။ ဒါကို နိုင်ငံတော်နဲ့ ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး စတင်အကောင်အထည်ဖော် လုပ်ပေးရင် ကောင်းပါတယ်။ စာကြည့်တိုက် မဟုတ်ရင်တောင် အားရင်ဖတ်ဖို့ စာဖတ်ခန်းလေးတွေ ထားပေးရင်၊ စာဖတ်ခွင့်ပေးမယ်ဆိုရင် အများကြီး အထောက်အကူပြုနိုင်ပါတယ်။

**မရွှန်းပြည့်ပြည့်စံ**
**(သတ္တမတန်း၊ အ.ထ.ကကျောင်း၊ ရေလဲကလေးကျေးရွာ)**

ဒီကလေးစာပေပွဲတော်ကို ပထမဆုံး ရောက်ဖူးတာပါ။ ဒီမှာ ကျောင်းသူတစ်ယောက်အနေနဲ့ လေ့လာစရာတွေ အများကြီးပါ။ ကျပန်းစကားပြော ဝင်ပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲဝင်တဲ့သူတွေကတော့ အများကြီးပဲ။ ကိုယ့်ထက်တော်တဲ့သူတွေ အများကြီး ရှိတယ်။ သူတို့လို ကြိုးစားမယ်ဆိုတဲ့စိတ်မျိုး ဖြစ်မိတယ်။ ကျန်တဲ့ ဗဟုသုတတွေလည်း ရတာတွေ အများကြီးပါ။

**ဒေါ်စိုးစိုးရီ (အ.လ.ကခွဲ၊ ပုသိမ်မြို့)**

အခုလို ကျင်းပတဲ့အတွက် ကလေးတွေ၊ မိဘတွေ၊ ဆရာ၊ ဆရာမတွေ အားလုံးအတွက် ဗဟုသုတရပါတယ်။ ပွဲတော်က ပြည့်စုံပါတယ်။ ဖြစ်နိုင်ရင်တော့ ရက်ကြာကြာ ကျင်းပစေချင်တယ်။ အခုပွဲတော်က သုံးရက်ပဲ ကျင်းပတာဖြစ်တဲ့အတွက် နယ်ပေါင်းစုံက လူတွေလာကြတော့ လူတော်တော် ကျပ်ပါတယ်။ တိုးရတာတွေ ရှိပါတယ်။ တိုးနေရတော့ အေးဆေးမဟုတ်ဘဲ ကလေးတွေ ပျောက်မှာလည်း စိုးရိမ်နေရတယ်။ အေးဆေး မလေ့လာရတော့ ကျယ်ကျယ်ဝန်းဝန်းနဲ့ အေးအေးဆေးဆေးဖြစ်အောင် ဆောင်ရွက်ပေးပါလို့ အကြံပြုချင်ပါတယ်။

**မထက်ထက်ကျော်**
**(St.John’s Private School)**

အသိပညာပေးပြခန်းတွေ သဘောကျတယ်။ မှုခင်းပညာပြခန်း၊ လူကုန်ကူးတာ၊ ကလေးတွေ မူးယစ်ဆေးသုံးတာတွေ အဲဒါတွေနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေရတယ်။ အခုခေတ်မှာ ကလေးတွေက ဆေးလိပ်၊ ကွမ်းယာ၊ မူးယစ်ဆေးတွေ သုံးကြတာတွေ ရှိလာတဲ့အတွက် မူးယစ်ဆေးနဲ့ပတ်သက်တဲ့ အသိပညာပေးပြခန်းတွေ များများထည့်စေချင်ပါတယ်။ ပွဲတော်မှာ အမှိုက်တွေ ချကျတယ်။ အမှိုက်တွေ မပစ်ချဘဲ စည်းကမ်းရှိရှိနဲ့ အမှိုက်ပစ်ရင် ကောင်းပါတယ်။

**ဒေါ်သီတာစိုး**
**(ကျောင်းသားမိဘ၊ ပုသိမ်မြို့)**

ပညာရေးဆိုတာ ကြိုးစားရင် ကြိုးစားသလို၊ တိုးတက်တယ်ဆိုတာ သိသွားအောင် လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ ကလေးကို စာဖတ်လာအောင် ငယ်ငယ်ထဲက ရွှေသွေးလို ရုပ်ပြစာအုပ်တွေ ဝယ်ပေးတယ်။ ကြီးတဲ့အခါမှာလည်း စာစီစာကုံးစာအုပ်တွေ ဝယ်ပေးတယ်။ ဖေ့ဘုတ်ခ် ကြည့်တာတို့၊ ဂိမ်းဆော့တာတို့ ပေးမလုပ်ပါဘူး။ စာပေဗဟုသုတတွေ၊ ပန်းချီ၊ ဂိမ်းဆိုတော့ အကုန်ပြည့်စုံပါတယ်။ နှစ်တိုင်းနှစ်တိုင်း ဒီလို ပွဲတော်ရှိရင် ကောင်းမယ်လို့ အကြံပြုချင်ပါတယ်။

**ဦးတေဇောသာရ**
**(ရေပေါ် ဓမ္မရိပ်သာကျောင်းတိုက်)**

ဒီပွဲတော် ရှိမှန်း မနက်ကမှ သိလို့ ဗဟုသုတအဖြစ် လာပြီး လေ့လာတာပါ။ ဗဟုသုတရအောင် အများကြီးစီစဉ်ထားတာတွေ့ရတော့ ဝမ်းမြောက်မိပါတယ်။ အားလည်း အားရပါတယ်။ နေရာတိုင်းမှာ နှစ်စဉ် လုပ်ပေးနိုင်ရင်တော့ စာပေဗဟုသုတရော၊ ပညာရေး ဗဟုသုတရော ပြည့်စုံမယ်လို့ ထင်ပါတယ်။ နောက်နှစ် ဒီပွဲတွေမျိုး ကျင်းပဦးမယ်ဆိုရင် ကလေးတွေ လိမ္မာယဉ်ကျေးအောင် ဘာသာရေးနဲ့ ပတ်သက်တဲ့ ပြခန်းလေးတွေလည်း အသိပညာရအောင် ထည့်ပေးစေချင်ပါတယ်။

**ဒေါ်မြတ်မွန်အေး (လက်ထောက်ကထိက၊ ပုသိမ် ပညာရေးကောလိပ်)**

ကလေးတွေအတွက်လည်း အများကြီး ဗဟုသုတရပြီး အစဉ်အလာ ကောင်းလေးဖြစ်ဖို့ နောင်နှစ်တွေမှာလည်း ကျင်းပပေးစေချင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကျင်းပပေးတဲ့အတွက် ကောင်းပါတယ်။ ကလေးတွေက ကျောင်းစာတွေ ပုံမှန်စာတွေ ဖတ်နေတဲ့ကြားထဲ က ဒီလိုပွဲတွေကနေ တစ်မျိုး ဗဟုသုတရပါတယ်။ ပွဲတော်လာတဲ့သူတွေ များလွန်းတော့ ကျပ်တာတော့ ရှိတယ်။ စည်ကားတော့ အားရစရာလည်း ကောင်းတယ်။

**အောင်မင်းဟန်နှင့်အဖွဲ့**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၂ / ၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မမုန်ကိုင်အုပ်စု၊ မိုင်းနောင်ကျေးရွာ၊ ခေါင်းတုံးချောင်းရွှေမှော်သွားသည့် ကားလမ်းတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁၁-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မမုန်ကိုင်အုပ်စု၊ မိုင်းနောင်ကျေးရွာ၊ ခေါင်းတုံးချောင်း ရွှေမှော်သွားသည့် ကားလမ်းပေါ်တွင် စောင့်ဆိုင်းစိစစ်နေစဉ် တင်မင်း (၄၇)နှစ်၊ (ဘ)ဦးတင်ဖေ၊ မိုင်းနောင်ကျေးရွာနေသူ မောင်းနှင်လာသည့် Kenbo-125 ဆိုင်ကယ်အား ရပ်တန့်စိစစ်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ)မယ (ပ) ၇၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်၊ အုပ်စု(၁၂)နေ ကိုကျော်လင်းနှင့် ကိုနိုင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၁၀-၂၀၁၈ ရက်နေ့တွင် လွိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်၊ အုပ်စု(၁၂)၊ အမှတ် တ/၈၃၉(ခ)နေ ကျော်လင်း (၃၁)နှစ်၊ (ဘ) ဦးကြည်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး စိစစ်ရာ တစ်ရပ်ကွက်တည်းနေ မောင်နိုင်နှင့်အတူ ဝယ်ယူခဲ့သော ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် မောင်နိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ပစ္စည်း တစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့(၂)ဦးအား မမစ(လွိုင်ကော်) မယ(ပ)၅၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ကျောင်းကုန်းရွာနေ ထွန်းနိုင်(ခ)သေးတာသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁၁-၂၀၁၈ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ကျောင်းကုန်းရွာနေ ထွန်းနိုင် (ခ) သေးတာ (၄၅)နှစ်၊ (ဘ)ဦးလှမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်) မယ(ပ) ၁၂၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ ငေါချယ်ရွာနေ ဦးတင်စိုး၊ ဦးသန်းဇော်နှင့် သာစည်ကျေးရွာနေ သီဟအောင် တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁၁-၂၀၁၈ ရက်နေ့တွင် ပင်လည်ဘူးမြို့နယ်၊ ငေါချယ်ကျေးရွာနေ တင်စိုး (၄၂) နှစ်၊ (ဘ) ဦးမော်လွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညီဖြစ်သူ သန်းဇော် (၃၇)နှစ် တို့အား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပင်လည်ဘူး) မယ(ပ)၁၃၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့်လည်းကောင်း၊ ၂-၁၁-၂၀၁၈ ရက်နေ့တွင် သာစည်ကျေးရွာနေ သီဟအောင်(ခ)ညီညီ (၃၆) နှစ်၊ (ဘ) ဦးအောင်ဆန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပင်လည်ဘူး) မယ(ပ)၁၄၀/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ ကျောက်ပါးစပ်ရွာနေ ကိုစိုးမိုးခိုင်နှင့် ကိုစိုးမိုးမင်း တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁၁-၂၀၁၈ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ ကျောက်ပါးစပ်ရွာနေ စိုးမိုးမင်း (၃၂) နှစ်၊ (ဘ) ဦးခင်မောင်လတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းမည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဝန်းသို) မယ(ပ)၇၆/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ စိုးမိုးခိုင် (၂၈)နှစ်၊ (ဘ)ဦးခင်မောင်လတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တစ်ရွာတည်းနေ ဖိုးတိုး (ခ)မောင်တိုး (၃၄)နှစ်၊ (ဘ)ဦးဘမောင်နှင့်အတူ တွေ့ရှိရပြီး နေအိမ်အတွင်းမှ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(ဝန်းသို) မယ(ပ)၇၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ထန်းတောအောင်ရတနာရပ်ကွက်နေ အောင်နိုင်လင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၁၁-၂၀၁၈ ရက်နေ့တွင် မုံရွာမြို့၊ ထန်းတောအောင်ရတနာရပ်ကွက်၊ နယ်မြေ (၃)၊ သုခချမ်းသာလမ်းနှင့် ချမ်းမြေ့အောင် လမ်းထောင့်ရှိ အောင်နိုင်လင်း(ခ) လင်းလင်း (၄၂)နှစ်၊ (ဘ) ဦးအေးသောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မုံရွာ) မယ(ပ)၁၆/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ဆယ်လန်ကျေးရွာနေ ကိုသိန်းလင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၁၁-၂၀၁၈ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ဆယ်လန်ကျေးရွာနေ ကိုသိန်းလင်း (၄၀)နှစ်၊ (ဘ)ဦးအောင်မှတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဇီးကုန်းကျေးရွာနေ မတင်ပြုံး (၃၈)နှစ်၊ (ဘ) ဦးကြိုင်နှင့်အတူ တွေ့ရှိရပြီး WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ထီးချိုင့်) မယ(ပ)၄၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ကြီးနယ်မြေ၊ မြန်အောင်ရပ်ကွက်၊ (၃)လမ်း၊ အိမ်အမှတ်(၁၁၀)နေ ဦးခဲသည် နေအိမ်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၁၀-၂၀၁၈ ရက်နေ့တွင် မြိတ်မြို့၊ ကန်ကြီးနယ်မြေ၊ မြန်အောင်ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၁၁၀)နေ ဦးခဲ (ခ) ခင်မောင်ဆွေ (၆၀)နှစ်၊ (ဘ)ဦးဘသက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြိတ်) မယ(ပ) ၁၉၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့၊ ဈေးတန်းရပ်ကွက်နေ စည်သူထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၀-၂၀၁၈ ရက်နေ့တွင် ရပ်စောက်မြို့၊ ဈေးတန်းရပ်ကွက်၊ အေးရိပ်သာလမ်း၊ နယ်မြေ(၄)၊ အိမ်အမှတ် (က/၁၈၀)နေ စည်သူထွန်း (၂၅)နှစ်၊ (ဘ)ဦးစိန်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ) ၄၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်တောမြို့နယ်၊ ပုန်းအင်းကျေးရွာနေ ကျော်မင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၁၀-၂၀၁၈ ရက်နေ့တွင် အင်တောမြို့နယ်၊ ပုန်းအင်းကျေးရွာနေ ကျော်မင်း (၄၉)နှစ်၊ (ဘ) ဦးဘထွန်းအား ပုန်းအင်းကျေးရွာနှင့် ကျောက်ဂူရွာသွား လမ်းမပေါ်တွင် တွေ့ရှိသဖြင့် စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကျောက်ဂူ) မယ(ပ)၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၃-၁၁-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၃၆၉) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၄၈၈)ဦး၊ မ (၉၂)ဦး၊ ပေါင်း (၅၈၀) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၅၁၁၆.၇၆) ဂရမ်၊ ICE (၂၂.၀၁) ဂရမ်၊ ဘိန်း (၃၈၃၈၇.၃၁) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၂၉) ဂရမ်၊ ဘိန်းစာမှုန့် (၁၁၈၅၀.၉၉) ဂရမ်၊ ဘိန်းစာရွက် (၃၉၇၃.၉၉) ဂရမ်၊ စိတ်ကြွဆေးပြား (၁၆၉၄၁၈) ပြား၊ ဆေးခြောက် (၃၆၉၆.၀၃) ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ (၂၁၇.၄) ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၁.၆၅) ဂရမ်၊ သေနတ်မျိုးစုံ (၁၂) လက်၊ ကျည်မျိုးစုံ (၁၉၄) တောင့်၊ လက်ပစ်ဗုံး (၁) လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်း စစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များဖြစ်သော ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ဟန်တဲရပ်ကွက်၊ အထကကျောင်းရှေ့၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရှာဖွေရာ တရားခံ အမျိုးသား (၁) ဦးနှင့် တရားခံအမျိုးသမီး (၁) ဦး၊ ပေါင်း (၂) ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၈၂၅) ပြား၊ ဆိုင်ကယ် (၁) စီး၊ ဖားကန့်မြို့နယ်၊ နန့်တိန်းကျေးရွာအနီး စစ်ဆေးရေးဂိတ်၌ မုံရွာမှ ဖားကန့်သို့ မောင်းနှင်လာသည့် ရွှေကချင် ခရီးသည်တင်ယာဉ်ပေါ်မှ တရားခံအမျိုးသား (၁) ဦးအား ဘိန်းစိမ်း (၄၈၀၀) ဂရမ်၊ ရှမ်းပြည်နယ်၊ မဘိမ်းမြို့နယ်၊ မဘိမ်း-ငါးအိုးသွားကားလမ်းမပေါ်တွင် သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရှာဖွေရာ တရားခံ အမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား (၁၄၃၀၀၀) ပြား၊ ဆိုင်ကယ် (၁) စီး၊ လားရှိုးမြို့နယ်၊ နားဖကျေးရွာအဝင်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရှာဖွေရာ တရားခံအမျိုးသမီး (၁) ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀) ပြား၊ ဆိုင်ကယ် (၁) စီး၊ မာန်ပြင်ကျေးရွာ၊ ကော်နာစတုန်း သတ္တုသန့်စင်ရုံအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရှာဖွေရာ တရားခံအမျိုးသား (၂) ဦးနှင့် တရားခံအမျိုးသမီး (၁) ဦး၊ ပေါင်း (၃) ဦးတို့ထံမှ ဘိန်းစိမ်း (၃၁၂၀၀) ဂရမ်၊ ဆိုင်ကယ် (၂) စီး၊ လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့၊ တာရှန်ကျေးရွာအနီး လမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရှာဖွေရာ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား (၁၂၈၀) ပြား၊ ဘိန်းဖြူ (၄၀) ဂရမ်၊ ICE (၂၆) ဂရမ်၊ ဆိုင်ကယ် (၁) စီး၊ နမ့်စန်မြို့နယ်၊ လွိုင်စန်ရွာအနီး၊ နမ့်စန်- မိုးနဲသွားကားလမ်းမပေါ်၌ သတင်းအရ Alphard ယာဉ်အား စိစစ်ရှာဖွေရာ တရားခံ အမျိုးသား (၂) ဦးနှင့် တရားခံအမျိုးသမီး (၁) ဦး၊ ပေါင်း (၃) ဦးတို့ထံမှ စိတ်ကြွဆေးပြား (၉၇၉၀) ပြား၊ မော်တော်ယာဉ် (၁) စီး၊ ကွန်ဟိန်းမြို့နယ်၊ ခိုလမ်မြို့အတွင်း ကွန်ဟိန်းဘက်သို့ မောင်းနှင်လာသည့် Honda Fit ယာဉ်အား ရပ်တန့် စိစစ်ရှာဖွေရာ တရားခံအမျိုးသား (၁) ဦးထံမှ ICE (၈၀၀၀၀) ဂရမ်၊ မော်တော်ယာဉ် (၁) စီး၊ ပင်လောင်းမြို့နယ်၊ ဟန်းစိန်ကျေးရွာ၌ တရားခံအမျိုးသား (၁) ဦးထံမှ ဘိန်းစိမ်း (၁၀၀၀၀) ဂရမ်၊ ကျိုင်းတုံမြို့နယ်၊ ဝမ်မိုင်ကျေးရွာ၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈၀၀၀)ပြား၊ ဘိန်းစိမ်း(၃၀၀)ဂရမ်၊ ဆိုင်ကယ် (၁) စီး၊ Fortuner မော်တော်ယာဉ် (၁) စီး၊ ကျိုင်းတုံမြို့ ရပ်ကွက် (၄) ၌ တရားခံအမျိုးသား (၄) ဦးနှင့် တရားခံ အမျိုးသမီး (၁) ဦး၊ ပေါင်း (၅) ဦးတို့ထံမှ စိတ်ကြွဆေးပြား (၃၅၂၀) ပြား၊ နောင်ချိုမြို့နယ်၊ နောင်ချို-ဂုတ်တွင်းသွားကားလမ်း၊ မိုင်တိုင်အမှတ် (၈၀/၄) အနီးတွင် သတင်းအရ ဆိုင်ကယ်အား ရပ်တန့် စိစစ်ရှာဖွေရာ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား (၄၉၂၀) ပြား၊ ဆိုင်ကယ် (၁) စီး၊ တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ ကျောင်းတောင်ကျေးရွာသွား လမ်းမပေါ်တွင် သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရှာဖွေရာ တရားခံ အမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀) ပြား၊ ဆိုင်ကယ် (၁) စီးနှင့်အတူ ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဝမ်ကောင်းရပ်ကွက်၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀) ပြား၊ ဘိန်းဖြူ (၇၅) ဂရမ်၊ ဆိုင်ကယ် (၁) စီး ထပ်မံဖမ်းဆီးရမိခဲ့၊ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပိုက်သည် (မွတ်စလင်)ကျေးရွာ၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၅၆) ပြား၊ ဆေးခြောက် (၁၆.၃၃) ဂရမ်၊ ဘူးသီးတောင်မြို့ မီးရထားဆိပ်ရပ်ကွက်၊ သင်္ဘောဆိပ်၌ သတင်းအရ စိစစ်စဉ် ကုန်ချနေသည့် **"အောင်ကျော်မိုး"** လူ/ကုန်တင်သင်္ဘောပေါ်မှ ရေခဲနှင့် ငါးများကို အပေါ်မှထည့်၍ ၎င်းအောက်တွင် ဝှက်သယ်လာသည့် ရေခဲပုံး (၄) ပုံးအတွင်းမှ စိတ်ကြွဆေးပြား (၉၇၅၀၀၀) ပြား တွေ့ရှိသိမ်းဆည်းရမိခဲ့၊ မောင်တောမြို့နယ်၊ နှစ်နိုင်ငံနယ်စပ် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ဦးစောလှကျွန်းမြောက်ဘက်အနီး၌ လောင်းလှေ (၁) စင်း တွေ့ရှိသဖြင့် အချက်ပြခေါ်ယူသော်လည်း ၎င်းလှေမှာ လှော်ခတ်ထွက်ပြေးသဖြင့် သတိပေးပစ်ခတ် လိုက်လံဖမ်းဆီးရာ လှေပေါ်ပါသူများ ရေထဲသို့ ခုန်ချထွက်ပြေးသွားခဲ့ပြီး ကျန်ရှိသည့်လှေပေါ်မှ စိတ်ကြွဆေးပြား (၉၆၄၀) ပြား၊ လောင်းလှေ (၁) စင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) အတွက် ခွဲဝေချထားသည့် လိုင်စင်မဲ့သိမ်းဆည်းရမိ Mark II ယာဉ်အား ဝါယာရိန်းဆိုင်၌ သွားရောက်ပြုပြင်စဉ် ယာဉ်၏ ဘေးကာများအတွင်းမှ ဘိန်းဖြူ (၂၈၇) ဂရမ်၊ စိတ်ကြွဆေးပြား (၃၈၆၆၅) ပြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂) ရပ်ကွက်၌ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား (၂၁၈၃) ပြား၊ ကျောက်ဆည်မြို့နယ်၊ ပန်းလောင်မြစ်ကူးတံတားအနီး၌ သတင်းအရ စိစစ်ရှာဖွေရာ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၂၈၀၀) ပြားအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ် (၃) ခုရှိခဲ့ပြီး ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဆောင်ကန်း (ကယား) ရွာအနီး၊ မိုးဗြဲ- လွိုင်ကော်သွား ကားလမ်းမပေါ်တွင် သတင်းအရ ပိတ်ဆို့ရှာဖွေစိစစ်ရာ Majesta Crown ယာဉ်ပေါ်မှ တရားခံ အမျိုးသား (၁) ဦးအား စိတ်ကြွဆေးပြား (၁၀၀၀၀) ပြား၊ မော်တော်ယာဉ် (၁) စီး၊ ပစ္စတိုသေနတ် (၁) လက်၊ ၎င်းကျည် (၁၈) တောင့်၊ ကျည်အိမ် (၂) ခု၊ လက်ပစ်ဗုံး (၁) လုံး၊ ကရင်ပြည်နယ်၊ ကျုံဒိုးမြို့၊ တံတားဦးကျေးရွာထိပ်၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၇၀) ပြား၊ လက်ပစ်ဗုံး (၁) လုံး၊ ဘားအံမြို့၊ (၄) ရပ်ကွက်၊ သံလွင်မြစ်ကမ်းဘေးတွင် ရပ်တန့်ထားသော Toyota Corona ယာဉ်အား စိစစ်ရှာဖွေရာ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား (၁၂၆) ပြား၊ ပစ္စတိုသေနတ်ပြောင်းကာ (၁) ခု၊ သေနတ်ပြောင်း (၁) ခု၊ သေနတ်လက်ကိုင် (၁) ခု၊ ပွိုင့် ၃၂ ကျည် (၁) တောင့်၊ မော်တော်ယာဉ် (၁) စီးအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ် ( ၃) ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ လယ်ယာကဏ္ဍတွင် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်ဖိုရမ် အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၅**

လယ်ယာကဏ္ဍတွင် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်ဖိုရမ် အဆင့်မြင့်ဆွေးနွေးပွဲ (MFASSC) ကို နိုဝင်ဘာ ၂ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချမ်းရှမြို့တွင် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နှင့်အဖွဲ့ တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲသို့ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၆ နိုင်ငံနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၁၁ ဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။ **(အောက်ပုံ)**

**ဖန်တီးဖော်ဆောင်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားရာ၌ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍအသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအရေးပါသည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာ (ADS) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ နေရာအနှံ့ ဆင်းရဲမှုပုံစံအားလုံး အဆုံးသတ်ရေး၊ ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝမှု တိုးတက်ရေးနှင့် စဉ်ဆက်မပြတ် စိုက်ပျိုးမှုဖြစ်ပေါ်တိုးတက်စေရေးလုပ်ငန်းများ ရည်ရွယ်ချက်ပြည့်မီရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။




**ကဏ္ဍအလိုက် ဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒပိုင်း၊ ကုန်သွယ်မှုအပိုင်းနှင့် အရည်အသွေး စံချိန်စံညွှန်းပိုင်းဆိုင်ရာများ တိုးတက်စေရေးအတွက် MFASSC အဖွဲ့ဝင်နိုင်ငံများအကြား နည်းပညာပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ဆောင်ရွက်ရန်များကို ဆွေးနွေးပွဲတက်ရောက်လာကြသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချမ်းရှမြို့သို့ ရောက်ရှိနေစဉ်အတွင်း Rockfeller Foundation မှ Mrs. Deepali Khanna နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့် ကျေးလက်မီးလင်းရေးအတွက် ဆိုလာစနစ် အသေးစားလျှပ်စစ်ဓာတ်အား ဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Agriculture and Rural Affairs စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Qu Dongyu နှင့် တွေ့ဆုံ၍ ကျွဲ၊ နွားရောဂါစစ်ဆေးရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ဟင်းသီးဟင်းရွက်များနှင့် ပတ်သက်သည့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး စစ်ဆေးမှုလုပ်ငန်းများ၊ နှစ်နိုင်ငံတာဝန်ရှိသူများ၊ စစ်ဆေးကြပ်မတ်သည့် အဖွဲ့အစည်းများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံမှ တင်ပို့သည့် ဆန်နှင့် ဆန်ကွဲကုန်သွယ်မှု ခွဲတမ်းပမာဏ တိုးမြှင့်ရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ မဲခေါင်-လန်ချန်း အစီအစဉ်အရ စိုက်ပျိုးရေးနည်းပညာပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

တမူးမြို့အနီး၌ တရားမဝင် ခိုးဝင်ပေါက်မှ ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား အမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၁၁) ပြား၊ ဘိန်းဖြူ (၀.၂) ဂရမ်၊ Buprenorphine ဆေးပြား (၆၀) ပြား၊ မြို့မ ၁၂(က) ရပ်ကွက်အတွင်း၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား အမျိုးသား (၁) ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား (၅) ဦး၊ ပေါင်း (၆) ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၇) ပြား၊ ဘိန်းဖြူ (၀.၆) ဂရမ်၊ ဆေးခြောက် (၄) ဂရမ်၊ Alprazolam ဆေးပြား (၉) ပြား၊ Tramadol ဆေးတောင့် (၉) တောင့်၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ဝမ်ကျောက်လုံကျေးရွာ၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား အမျိုးသား (၂) ဦး၊ အမျိုးသမီး (၂) ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား (၁) ဦး၊ ပေါင်း (၅) ဦးတို့ထံမှ စိတ်ကြွဆေးပြား (၇၅) ပြား၊ ဆိုင်ကယ် (၁) စီး၊ ရန်ကုန်မြို့၊ ဗဟိုစာတိုက်ကြီးသို့ နိုင်ငံခြားမှ ပို့ဆောင်လာသည့် ပါဆယ်ထုပ် (၁) ထုပ်အတွင်း မူးယစ်ဆေးဝါးများပါဝင်နေကြောင်း တွေ့ရှိရသဖြင့် စိစစ်မှုများ ပြုလုပ်ခဲ့ရာ လာရောက်ရွေးယူသူ အမျိုးသားတရားခံ (၂) ဦးနှင့် စေခိုင်းသူ အမျိုးသားတရားခံ (၁) ဦး၊ ပေါင်း (၃) ဦးတို့အား ပါဆယ်ထုပ်အတွင်းမှ Ecstasy ဆေးပြား (၉၅၀) ပြား၊ Mark II မော်တော်ယာဉ် (၁) စီး၊ KIA မော်တော်ယာဉ် (၁) စီးတို့နှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးကွင်းဆက် စိစစ်ဖော်ထုတ်ချက်အရ လာရောက်ရွေးယူသူ အမျိုးသားတရားခံ (၁) ဦး၏ ဒေါပုံမြို့နယ်ရှိနေအိမ်မှ ICE (၇၀) ဂရမ်၊ Ketamine (၃၀) ဂရမ်တို့အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၂၈-၁၀-၂၀၁၈ ရက်နေ့မှ ၃-၁၁-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၂၄၉) မှုတွင် တရားခံကျား (၃၀၀) ဦး၊ မ (၄၃) ဦး၊ ပေါင်း (၃၄၃) ဦးကို ဘိန်းဖြူ (၉၇၄.၂) ဂရမ်၊ ICE (၈၀၄၃၃.၁) ဂရမ်၊ ဘိန်း (၄၆၈၃၀.၃) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၅.၃) ဂရမ်၊ ဘိန်းစာမှုန့် (၃၆၆) ဂရမ်၊ စိတ်ကြွဆေးပြား (၁၄၄၇၃၃၄) ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၀.၀၅) ဂရမ်၊ ဆေးခြောက် (၄၂၄.၉၄) ဂရမ်၊ ဘိန်းဆီခဲ (၆၀) ဂရမ်၊ Ecstasy ဆေးပြား (၉၅၀) ပြား၊ Buprenorphine ဆေးပြား (၆၀) ပြား၊ Alprazolam ဆေးပြား (၉) ပြား၊ Tramadol ဆေးတောင့် (၉) တောင့်၊ Ketamine (၃၀) ဂရမ်၊ ပစ္စတိုသေနတ် (၁) လက်၊ ကျည်မျိုးစုံ (၁၉) တောင့်၊ ကျည်အိမ် (၂) ခု၊ လက်ပစ်ဗုံး (၂) လုံး၊ ပစ္စတိုသေနတ်ပြောင်းကာ (၁) ခု၊ သေနတ်ပြောင်း (၁) ခု၊ သေနတ်လက်ကိုင် (၁) ခုတို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့် ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# မောင်တော၌ နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် ဒီဇင်ဘာလကုန်ပိုင်း မီးလင်းမည်

**မောင်တော နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် မောင်တောမြို့ကို နိုင်ငံတော် လျှပ်စစ်ဓာတ်အားစနစ်ဖြင့် မီးရရှိရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။


ရခိုင်ပြည်နယ်တစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေး အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်မှ လျှပ်စစ်မီးရရှိရေး လုပ်ဆောင်လျက်ရှိရာ မာန်အောင်မြို့နှင့် မောင်တောမြို့တို့တွင်သာ လျှပ်စစ်မီးရရှိရန် လုပ်ဆောင်လျက်ရှိကြောင်း၊ မောင်တောမြို့တွင် ယခုနှစ်မကုန်မီ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် လျှပ်စစ်မီးရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးစီမံကိန်း ညွှန်ကြားရေးမှူး (မြောက်ပိုင်း) ဦးမင်းနိုင်ထံမှ သိရသည်။

"ရခိုင်ပြည်နယ်က အခြားပြည်နယ်ဒေသတွေနဲ့မတူဘဲ မြစ်ချောင်း၊ တောင်တန်းတွေ ပေါများတဲ့ဒေသ ဖြစ်ပါတယ်။ ရေလမ်းခရီးကို အဓိကအားထားနေရတဲ့အတွက် လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရာမှာ နှောင့်နှေးကြန့်ကြာမှု အခက်အခဲတွေတော့ ကြုံရပါတယ်။ ဘူးသီးတောင် ဓာတ်အားခွဲရုံကနေ မောင်တောဓာတ်အားခွဲရုံကို ဓာတ်အားပို့လွှတ်ဖို့ မေယုတောင်ကို ကျော်ဖြတ်ကာ ခက်ခက်ခဲခဲ တည်ဆောက်နေရပါတယ်။ မေယုတောင်ကြောကို ဖြတ်ပြီး ကြိုးသွယ်တန်းတာတွေ၊ တာဝါတိုင်တွေ တည်ဆောက်ဖို့ ကျွမ်းကျင်အလုပ်သမားတွေ များစွာလိုအပ်ပါတယ်။ အလုပ်သမားရှားပါးမှုနဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေ ရှိခဲ့ပါတယ်။ ရာသီဥတုဆိုးရင်တော့ မေယုတောင်ကို တက်ပြီး တည်ဆောက်ဖို့ မလွယ်တဲ့အတွက် အချိန်ကြန့်ကြာနိုင်ပါတယ်။ ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင်ဓာတ်အားခွဲရုံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ စတင်တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီစက်ရုံကတစ်ဆင့် မောင်တောဓာတ်အားခွဲရုံကို ပို့လွှတ်မှာဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

ယခုလုပ်ငန်းတည်ဆောက်မှု အနေဖြင့် ဘူးသီးတောင်မှ မောင်တောမြို့ ဓာတ်အားခွဲရုံသို့ ကိုးမိုင်အကွာအဝေးအတွင်း တာဝါတိုင် စုစုပေါင်း ၃၈ တိုင်တည်ဆောက်ရမည်ဖြစ်ပြီး ဖောင်ဒေးရှင်း တည်ဆောက်မှုမှာ ၂၈ တိုင် ပြီးစီးနေပြီဖြစ်သောကြောင့် ယခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးစီမံကိန်း မန်နေဂျာ ဦးနိုင်ဇာစောထွေးထံမှ သိရသည်။

၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရရန်ပုံငွေနှင့် ပြည်နယ်အစိုးရရန်ပုံငွေတို့ဖြင့် တည်ဆောက်ခဲ့သည့် ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင်- မောင်တောမြို့တို့ကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ် ၃၀ ဒသမ ၃၃၅ ဘီလီယံ ကုန်ကျခံတည်ဆောက်ခဲ့ကြောင်း သိရသည်။

**ကျော်သူဝင်း၊ အောင်ကျော်ဦး**
**ဓာတ်ပုံ- မောင်ကျော်ကြီး**



# ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ အရာထမ်းငယ်အခြေခံသင်တန်းနှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၅**

အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၇၇)၊ (၇၈)၊ (၇၉) နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ် (၁၆၃)၊ (၁၆၄)၊ (၁၆၅)၊ (၁၆၆) တို့ကို ယနေ့နံနက် ၈ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ပါမောက္ခချုပ် ဦးအောင်တင်စိုးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ယင်းသင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)၊ ကျောင်းအုပ်ကြီး/ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခ (ပညာဌာနမှူး) များ၊ ဌာနမှူး/တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၇၇)၊ (၇၈)၊ (၇၉) နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ် (၁၆၃)၊ (၁၆၄)၊ (၁၆၅)၊ (၁၆၆) သို့ တက်ရောက်ကြသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဦးစီးမှူးအဆင့်ရှိ သင်တန်းသား ၂၅၉ ဦး၊ သင်တန်းသူ ၂၉၇ ဦးနှင့် စာရေးအဆင့်ရှိ သင်တန်းသား ၂၂၀ ၊ သင်တန်းသူ ၃၀၀ စုစုပေါင်း ၁၀၇၆ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာပြည်ရဲ့ တကယ့်အနေအထားအမှန်ကို ကမ္ဘာ့ဘဏ်မှာရှိတဲ့ Data Record ဝင်အောင် ပထမဦးဆုံးအနေနဲ့ လုပ်ပါမယ်။ ဒုတိယအနေနဲ့ကတော့ Quick Fix အနေနဲ့ တစ်နှစ်အတွင်းမှာ ပြင်လို့ရတဲ့ဟာတွေ၊ အမြန်ပြင်လို့ရတဲ့ဟာတွေ ပြင်ပါမယ်

ဦးဇေယျာသူရမွန်(ကုန်သည်/စက်မှုအသင်းချုပ်အလုပ်အမှုဆောင်)

## “ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ” ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**“ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) အထွေထွေမန်နေဂျာ ဦးတင်အောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးဇေယျာသူရမွန်တို့က ပါဝင်ဆွေးနွေးကြသည်။**


ဦးအောင်ထူး (ဒုတိယဝန်ကြီး)


ဦးတင်အောင် ((YESC) အထွေထွေမန်နေဂျာ)


ဒေါ်လှိုင်မော်ဦး (ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ အတွင်းရေးမှူး)


ဦးဇေယျာသူရမွန်(ကုန်သည်/ စက်မှုအသင်းချုပ် အလုပ်အမှုဆောင်)

*ယမန်နေ့မှ အဆက်*

**အစီအစဉ်မှူး။ ။စီးပွားရေးလုပ်ငန်းများ လွယ်ကူမှု အညွှန်းကိန်းမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအနေနဲ့ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်သလဲဆိုတာကို ရှင်းပြပေးပါဦး။**

**ဒေါ်လှိုင်မော်ဦး။** ။ကျွန်မတို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ Dealing with Construction Permits အခန်းကဏ္ဍနဲ့ပတ်သက်ပြီး ပါဝင်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာဆိုရင် လူဦးရေ အများဆုံးမြို့မှာရှိတဲ့ Construction Permits ဆောက်လုပ်ရေးခွင့်ပြုမိန့်တွေနဲ့ ပတ်သက်တာကို အဓိကထားပြီး တိုင်းတာတာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံမှာ မြို့ကြီးတွေအနေနဲ့ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်မြို့တွေရှိပါတယ်။ အဲဒီမြို့ကြီးတွေအနက် ရန်ကုန်မြို့ကတော့ လူဦးရေအရ အများဆုံးဖြစ်တဲ့အတွက် ranking က ရန်ကုန်မြို့မှာ Construction Permits နဲ့ ပတ်သက်ပြီး ဘယ်လို deal လုပ်သလဲဆိုတာကို တိုင်းတာတာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ဆောင်ရွက်နေတဲ့ Dealing with Construction Permits နဲ့ ပတ်သက်ပြီး IFC က သတ်မှတ်တဲ့ အဆင့်မှာ ဘယ်လောက်အထိ ရောက်နေပြီလဲ။**

**ဒေါ်လှိုင်မော်ဦး။** ။စီးပွားရေးလုပ်ငန်းများလွယ်ကူမှုအညွှန်းကိန်း လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်မှာ စပါတဲ့ အချိန်ကတည်းက Dealing with Construction Permits က ပါဝင်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းကတော့ Dealing with Construction Permits က အဆင့် ၁၃၄ မှာ ရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ အဆင့် ၁၃၀ ကို ရောက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ အဆင့် ၇၄ ကို ရောက်ခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်မှာ အဆင့် ၆၆ အထိ တက်လာခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ အဆင့် ၇၃ မှာရှိပါတယ်။ အဲဒီလို ရှိနေတဲ့အတွက်ကြောင့် ပထမဦးဆုံး စပြီးပါဝင်ခဲ့တဲ့ ၂၀၁၄ ခုနှစ်နဲ့ စာရင် အခုချိန်မှာ အဆင့် ၆၁ ဆင့်အထိ တိုးတက်လာပါတယ်။ ဒီနှစ်မှာလည်း ထပ်ပြီး ပြင်ဆင်ထားတာတွေ ရှိပါတယ်။

**အစီအစဉ်မှူး။ ။ဆက်လက်ပြီးတော့ Getting Electricity Indicator နဲ့ပတ်သက်ပြီး ဘယ်လိုတိုးတက်အောင် ဆောင်ရွက်နေတယ်ဆိုတာကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဦးတင်အောင် ။** ။အညွှန်းကိန်းက ဒုတိယဝန်ကြီး ရှင်းပြတဲ့အထဲမှာ ပါသလိုပဲ စုစုပေါင်း အညွှန်းကိန်းဆယ်ခုထဲမှာ လျှပ်စစ်က တစ်ခုအနေနဲ့ ပါဝင်ပါတယ်။ အဲဒါကတော့ စီးပွားရေးလုပ်ငန်းများ လွယ်ကူမှုအညွှန်းကိန်းထဲက Getting Electricity ကဏ္ဍက ကျွန်တော်တို့နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ကဏ္ဍဖြစ်ပါတယ်။ Getting Electricity ဆိုတာ လျှပ်စစ်ဓာတ်အားရရှိဖို့မှာ သူတို့တိုင်းတာတွေက အချက်စုစုပေါင်း လေးချက်ရှိပါတယ်။ လွယ်လွယ်ကူကူနဲ့ လျှပ်စစ်ဓာတ်အားကို ဘယ်လိုရသလဲဆိုတာ အဓိကပဲ ဖြစ်ပါတယ်။

သူတို့ဘာတွေနဲ့ တိုင်းသလဲဆိုတော့ လျှပ်စစ်ဓာတ်အားစပြီး ရရှိချင်တဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အနေနဲ့ လျှပ်စစ်ဓာတ်အားရရှိသည် အထိ ဘယ်လောက် အစီအမံတွေရှိသလဲ။ နောက်တစ်ခုက အဲဒီအစီအမံတွေကို အောင်မြင်အောင်၊ ပြီးမြောက်အောင် ဆောင်ရွက်ဖို့အတွက် အချိန် ဘယ်လောက်ယူရသလဲ။

နောက်တစ်ချက်က လျှပ်စစ်ဓာတ်အားကို ရချင်တဲ့သူတိုင်း ကုန်ကျစရိတ်နဲ့ ဘယ်လောက် ရင်းနှီးပြီးမှ ရလာလဲဆိုတာပါ။ ဒီဟာကို ဘာနဲ့တိုင်းသလဲဆိုရင် လူတစ်ဦးချင်းရဲ့ဝင်ငွေနဲ့ အချိုးချပြီးတော့တိုင်းတယ်။ နောက်တစ်ချက်က လျှပ်စစ်ရပြီဆိုရင် ရတဲ့လျှပ်စစ်က ဘယ်လောက်ယုံကြည်အားထားရမှုရှိသလဲ၊ ဘယ်လောက်ယုံကြည်စိတ်ချရသလဲ အဲဒီပေတံနဲ့ တိုင်းတယ်။ အဲဒီအချက်ကြီးလေးချက်နဲ့ တိုင်းပြီးတော့မှ ရလာတဲ့ Getting Electricity index ကို သွားပြီးတော့ အထောက်အကူ ဖြစ်တယ်။ ကျွန်တော်တို့ဌာနက ဘယ်လိုစံတွေနဲ့ တိုင်းတာလဲဆိုရင် လေးချက်နဲ့ တိုင်းတယ်။ နံပါတ် ၁ မှ အဆင့်နဲ့ တိုင်းတယ်။ အဆင့်တွေ အများကြီးလိုသလား၊ နည်းသလား၊ နံပါတ် ၂ က အချိန်ပါ၊ အချိန်တိုတိုနဲ့ရသလား၊ ဘယ်လောက်နဲ့ရသလဲ၊ အချိန်အကြာကြီးမှ ရသလား။

နောက်တစ်ခုက ငွေကြေးကုန်ကျစရိတ်ရှိသလဲ၊ လူတစ်ဦးဝင်ငွေနဲ့ နှိုင်းယှဉ်ရင် သိပ်များလွန်နေသလား၊ သာမန်ပဲ ရှိသလား၊ နည်းသလား ဆိုတာနဲ့ တိုင်းပါတယ်။ ရရှိလာတဲ့လျှပ်စစ်ဓာတ်အားကိုတော့ ဘယ်လောက်ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်မလဲ၊ ခဏခဏ မီးပျက်သလား၊ မီးပျက်တဲ့ အချိန်၊ အကြိမ်အရေအတွက်၊ ကြာချိန်တွေ ဘယ်လောက်ရှိသလဲ၊ မှန်ကန်မှုရှိ၊ မရှိတို့ ဒါတွေကို ခုနကပြောတဲ့ ယုံကြည်အားထားရမှုတို့ အဲဒီ အချက်ကြီး လေးချက်နဲ့ တိုင်းပါတယ်။

ကျွန်တော်တို့ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ကတော့ Getting Electricity မှာ ဝန်ကြီးဌာနအနေနဲ့ လုပ်နေတာက အဓိက ကဏ္ဍကြီး သုံးရပ်နဲ့ လျှပ်စစ်ထုတ်လုပ်ရေး၊ ဓာတ်အားပို့လွှတ်ရေး၊ ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍဆိုပြီး အဓိကကဏ္ဍကြီး သုံးခုနဲ့ လုပ်နေပါတယ်။ လုပ်နေတဲ့အထဲမှာမှ အဓိက Getting Electricity က ဘယ်အထဲမှာ အကျုံးဝင်လဲဆိုတော့ ဓာတ်အားဖြန့်ဖြူးရေး အုပ်စုထဲမှာ အကျုံးဝင်တယ်။

ဓာတ်အားဖြန့်ဖြူးရေး အုပ်စုထဲမှာလည်း အဓိက အုပ်စုကြီး သုံးခု ရှိပါတယ်။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနဲ့ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဆိုပြီးတော့ သုံးခု ရှိပါတယ်။ အဲဒီ သုံးခုက တစ်နိုင်ငံလုံးမှာရှိတဲ့ မီးသုံးသူတွေကို ဖြန့်ဖြူးမှုလုပ်ပေးနေတယ်။ မီးအားတွေ ဖြန့်ဖြူးပေးပြီးတော့ Getting Electricity indicator မှာ အဓိကကျတာကတော့ ESE ၊ YESC ၊ MESC သုံးခုက အဓိက ကျပါတယ်။

ဒီအညွှန်းကိန်းကို တိုင်းတာတဲ့နေရာမှာ ကမ္ဘာ့ဘဏ်က ကိုအောင်သူတို့က ကမကထ လုပ်ပြီးတော့ ဒီအညွှန်းကိန်းတွေကို တိုင်းတာပေါ့။ ကမ္ဘာ့ဘဏ်က လောလောဆယ် လတ်တလောမှာ ဘယ်လိုတိုင်းတာမှုတွေ လုပ်သလဲဆိုရင် ရန်ကုန်ဧရိယာမှာ တိုင်းတာမှုလုပ်တယ်။ ဒါကြောင့်မို့ ကျွန်တော်က ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက ကိုယ်စားလာပြီး ဝင်ရောက်ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ဆက်လက်ပြီးတော့ ကျွန်တော်တို့က green business reform မှာ စီးပွားရေးပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်တဲ့ ပြုပြင်ပြောင်းလဲမှုမှာ ဦးဇေယျာသူရမွန်အနေနဲ့ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်လဲဆိုတာကို ရှင်းပြပေးပါဦး။**

**ဦးဇေယျာသူရမွန်။** ။ကျွန်တော့် အခန်းကဏ္ဍက ပါဝင်ခဲ့တဲ့ အနေအထားက ပထမ စစချင်းမှာ UMFCCI က EC တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်ကလုပ်တဲ့ အစည်းအဝေးတွေမှာ UMFCCI က ပါဝင်ပတ်သက်တဲ့အခါမှာ သူတို့က ဖိတ်ပါတယ်။ ဖိတ်တဲ့အခါကျရင် ကြုံသလို သွားကြပါတယ်။ တာဝန်ပေးတဲ့သူ ဒါမှမဟုတ်ရင် အားတဲ့သူတွေ သွားကြပါတယ်။ ပထမတစ်ခေါက် ကျွန်တော် အစည်းအဝေးစတက်တဲ့ အချိန်ကတည်းက ကျွန်တော်သတိထားမိတယ်။

ဒီလို လုပ်ငန်းစဉ်ကြီးတစ်ခုဟာ ကြုံသလို လာတက်ရင် ဘယ်လိုမှ ဖြစ်နိုင်မှာ မဟုတ်ဘူးဆိုပြီးတော့ပါ။ အဲဒီအချိန်ကစပြီးတော့ ကျွန်တော်ဆုံးဖြတ်လိုက်ပြီးတော့ ကျွန်တော်တို့ UMFCCI မှာ ကျွန်တော် ပါဝင်ကဏ္ဍတွေက တော်တော်လေးများပါတယ်။ SME တို့ ဘာတို့ တခြားကဏ္ဍတွေလည်းပါတယ်။ ဒါပေမယ့် အဲဒီချိန်မှာ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။ ကျန်တဲ့ကဏ္ဍတွေကို ကြုံရာကျပန်း လိုက်ပြီးတော့ အားတဲ့အချိန်မှာ လုပ်တာမျိုး မဟုတ်ဘဲနဲ့ တစိုက်မတ်မတ် Doing Business ကို ကျွန်တော်လုပ်ချင်တယ်။ လုပ်ပေးမယ်ဆိုပြီး ဆုံးဖြတ်ပြီးတော့ Doing Business ကို နှစ်ပတ်တစ်ခါလောက် တွေ့ဆုံပြီး လုပ်တာ တစ်နှစ်ကျော်လောက် ရှိပါပြီ။ နှစ်ပတ်တစ်ခါ အစည်းအဝေးကို ဒုတိယဝန်ကြီး ဦးဆောင်ပြီးတော့ indicator အဖွဲ့ဝင်တွေ၊ ကမ္ဘာ့ဘဏ်ကသူတွေနဲ့ အမြဲတမ်း တစိုက်မတ်မတ်လုပ်ခဲ့ပါတယ်။

ဘာလို့ဒီဟာကို ကျွန်တော် ဦးစားပေးပြီး လုပ်ခဲ့လဲဆိုရင် ကျွန်တော့်မှာ အတွေ့အကြုံလေး တစ်ခုရှိတယ်။ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းရဲ့ တန်ဖိုးဟာ Doing Business ranking ကောင်းတာ၊ မကောင်းတာကို မူတည်ပြီးတော့ တန်ဖိုးကို ဖြတ်ကြတယ်။ ဥပမာ ကျွန်တော်တို့က ဖက်စပ်လုပ်တာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ business unit ရောင်းတာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ရဲ့ ပိုင်ဆိုင်မှုကို တန်ဖိုးဖြတ်တာပဲဖြစ်ဖြစ်၊ Doing Business မှာ ကျွန်တော်တို့က ranking နိမ့်နေတယ်ဆိုရင် ကျွန်တော်တို့ရဲ့ ပစ္စည်းက ၁၀၀ တန်တဲ့ပစ္စည်းကို သူတို့က ၇၅ ကျပ်ပဲ ပေးရင်ပေးမယ်။ ၅၀ ပဲ ပေးရင် ပေးမယ်ဆိုတဲ့ဟာမျိုး၊ ဒီ ranking မြင့်နေရင် ၁၀၀ တန်တဲ့ ပစ္စည်းက ၁၂၀ လည်း ဖြစ်သွားမယ်။ ၁၃၀ လည်းဖြစ်သွားမယ်။ Future Value လည်း ရှိတာပေါ့။ အဲဒါကို ကျွန်တော်က calculation လုပ်တယ်။ valuation လုပ်တဲ့ နေရာတွေမှာ ကျွန်တော်တို့က တွေ့ကြုံခဲ့ရတဲ့အတွက်ကြောင့် မို့လို့ One Point ကွာသွားရင် ကျွန်တော်တို့က 10 Percent လောက် Value Different ရှိပါတယ်။ အဲဒါကြောင့် အဲဒါလေးက တော်တော်လေး အရေးကြီးတယ်ဆိုတာ သိလို့ တစိုက်မတ်မတ် ဒီလုပ်ငန်းကို ပါဝင်ပတ်သက်ပြီးတော့ အခုမှ မဟုတ်ပါဘူး။ ဒီတစ်နှစ်ပဲလည်း မဟုတ်ပါဘူး။ နောက်တစ်နှစ်ပဲလည်း မဟုတ်ပါဘူး။ အမြဲတမ်း ကျွန်တော် တတ်နိုင်သမျှအဆုံးထိ ကျွန်တော် ပါဝင်မယ်ဆိုတဲ့သဘောနဲ့ ကျွန်တော် ဆုံးဖြတ်ထားပါတယ်။ အဆုံးထိပါဝင်မယ်၊ ကျွန်တော် နောက် ငါးနှစ်လည်း ဆက်ပြီးတော့ လုပ်မယ်။ ခြောက်နှစ်လည်းလုပ်မယ်။ ၁၀ နှစ်လည်း ဆက်လုပ်မယ်။ ကျန်တဲ့ကဏ္ဍတွေကို UMFCCI မှာ ကဏ္ဍအများကြီးရှိတဲ့ထဲက ကျန်တာတွေတော့ လျှော့လိုက်ပြီ။ ဒီဟာတစ်ခုကို တစိုက်မတ်မတ် ဦးစိုက်ပြီး လုပ်မယ်ဆိုပြီးတော့ ကျွန်တော် ဆုံးဖြတ်ပြီးလုပ်ခဲ့တာ ဖြစ်ပါတယ်။

စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကျွန်တော်တို့က Information နှင့် Data Check လုပ်တာ နည်းတယ်။ အဲဒီအခါမှာ ကမ္ဘာ့ဘဏ်က ကျွန်တော်တို့ရဲ့ Data တွေအပေါ်မှာ miss ဖြစ်နေတာတွေ အများကြီးတွေ့ရတယ်။ ဥပမာဆိုရင် အတွင်းရေးမှူးနဲ့ အစည်းအဝေးလုပ်ကြတဲ့အခါ ရေတွင်းတူးတဲ့ဟာဆိုရင် ဘယ်မှာခွင့်ပြုချက် ယူရသလဲဆိုရင် Metropolitan Water Work Authority ဆီမှာ ခွင့်ပြုချက် ယူရတယ်လို့ ကမ္ဘာ့ဘဏ်က Record လုပ်ထားတယ်။ အတွင်းရေးမှူးက ပြောတယ်၊ အဲဒီ Authority မြန်မာနိုင်ငံမှာ မရှိဘူး။ မရှိဘူးဆိုတဲ့ဟာကို သူတို့က Record လုပ်ထားတယ်။ Record လုပ်တော့ စောစောက ဒုတိယဝန်ကြီး ပြောသလိုပဲ သူတို့ procedure ၊ အချိန်ဘယ်လောက်ကြာသလဲတို့၊ ဘယ်လောက် ကုန်ကျသလဲတို့၊ မရှိတဲ့ဟာတစ်ခုကို သူတို့ဆီမှာ ဝင်နေတော့ ပိုကြာပါတယ်ဆိုပြီး ဖြစ်နေတော့ ကျွန်တော်တို့က အမှတ်နည်းတာပေါ့။

အဲဒီလိုတွေ့ရတဲ့အခါမှာ ကျွန်တော်တို့က ဘယ်လိုစဉ်းစားလဲဆိုရင် ပထမဦးဆုံးအနေနဲ့ နံပါတ်တစ်အချက်အနေနဲ့ True Reflection ကျွန်တော်တို့ရဲ့ မြန်မာပြည်ရဲ့ တကယ့်အနေအထားအမှန်ကို ကမ္ဘာ့ဘဏ်မှာရှိတဲ့ Data Record ဝင်အောင် ကျွန်တော်တို့ ပထမဦးဆုံးအနေနဲ့ ကျွန်တော်တို့ လုပ်ပါမယ်။ ဒုတိယအနေနဲ့ကတော့ Quick Fix အနေနဲ့ တစ်နှစ်အတွင်းမှာ ပြင်လို့ရတဲ့ဟာတွေ အမြန်ပြင်လို့ရတဲ့ဟာတွေကို ကျွန်တော်တို့ ပြင်ပါမယ်။

နောက်တစ်ခုကတော့ Continuous Improvement ဆိုတာကတော့ ရေရှည်ပြင်ရမယ့်ဟာတွေရှိတယ်။ ရေရှည်ပြင်ရမယ့်ဟာတွေက ဥပမာ ဥပဒေမှာ ပြင်ရမယ့်ဟာမျိုးတွေ၊ ဥပဒေမှာ ပြင်ဖို့လိုမယ်။ နောက်တစ်ခုက သမ္မတအမိန့်နဲ့ ဒါမှမဟုတ် ဝန်ကြီးဌာနတစ်ခုရဲ့ ခွင့်ပြုချက်နဲ့မှ လုပ်ရမယ့်ဟာမျိုးတွေ နည်းနည်းလေး အချိန်ယူရတယ်။ ဥပဒေဆိုရင် ဒုတိယဝန်ကြီး ပြောသွားတဲ့ Credit Bureau ဆိုတာကြီးက တင်ထားတာ ကြာလှပြီ၊ ဒုတိယဝန်ကြီးတို့က ဒီဟာအရေးကြီးတယ်၊ ကမ္ဘာ့ဘဏ်တို့နဲ့လည်း တိုင်ပင်ပြီးတော့ ဒီဟာအရေးကြီးတယ်ဆိုပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနကို တွန်းအားပေးပြီးတော့မှ ဒီဟာက သမ္မတကြီးတက်တဲ့ အချိန်မှာ တစ်လအတွင်း ထုတ်ပေးမယ်ဆိုပြီးတော့ တစ်လအတွင်း ထွက်လာတယ်။ အဲဒီလိုတွေ ကျွန်တော်တို့ လုပ်ခဲ့ဖူးတယ်။ ။

**ရှင်မင်း၊ ဓာတ်ပုံ-အေးသန်း**

*(ဆက်လက်ဖော်ပြမည်)*

> **“လျှပ်စစ်ဓာတ်အားကို ရချင်တဲ့သူတိုင်း ကုန်ကျစရိတ်နဲ့ ဘယ်လောက် ရင်းနှီးပြီးမှ ရလာလဲဆိုတာပါ။ ဒီဟာကို ဘာနဲ့တိုင်းသလဲဆိုရင် လူတစ်ဦးချင်းရဲ့ဝင်ငွေနဲ့ အချိုးချပြီး တော့တိုင်းတယ်။ နောက်တစ်ချက်က လျှပ်စစ်ရပြီဆိုရင် ရတဲ့လျှပ်စစ်က ဘယ်လောက် ယုံကြည်အားထားရမှုရှိသလဲ၊ ဘယ်လောက်ယုံကြည် စိတ်ချရသလဲ အဲဒီပေတံနဲ့ တိုင်းတယ်”**

# ကလေးစာပေပွဲတော် (ပုသိမ်)သို့ လာရောက်သူ သုံးသိန်းနီးပါးရှိခဲ့၊ ပွဲတော်နောက်ဆုံးနေ့ ကြိတ်ကြိတ်တိုးစည်ကား

ပုသိမ် နိုဝင်ဘာ ၅

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပရာ ပုသိမ်တက္ကသိုလ်သို့ လာရောက်သည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လာရောက်လေ့လာသူဦးရေ သုံးသိန်းနီးပါးရှိခဲ့ပြီး ပွဲတော်နောက်ဆုံးနေ့တွင် ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။**



ကလေးစာပေပွဲတော် (ပုသိမ်)နောက်ဆုံးနေ့တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လေ့လာသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေစဉ်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က "ရှစ်ကြိမ်မြောက် လုပ်တဲ့ ကလေးစာပေပွဲတော်မှာ အစည်ကားဆုံးလို့ သိရတဲ့အတွက် အများကြီး ဝမ်းသာပါတယ်။ ပါဝင်ဆောင်ရွက်ကြတဲ့သူတွေကို ကျေးဇူးတင်ပါတယ်။ ပြည့်ပြည့်စုံစုံဖြစ်အောင် အဘက်ဘက်က ကြိုးစားလာခဲ့တာပါ။ ဆောင်ရွက်တဲ့အခါမှာလည်း သက်ဆိုင်ရာ ကျောင်းတွေ၊ ဌာနဆိုင်ရာတွေ အားလုံးဝိုင်းဝန်းပံ့ပိုးပြီးတော့ ဆောင်ရွက်တာပါ" ဟု ပြောသည်။

**သူတို့ကိုယ်တိုင် အားကျသွားမယ်**

ဆက်လက်၍ ဝန်ကြီးချုပ်က "ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်းက ကျွန်တော်တို့ ပွဲတော်ကို ပိုပြီးစည်ကားအောင်လုပ်တဲ့ ပြခန်းတစ်ခုလို့မြင်ပါတယ်။ ဧရာဝတီတိုင်းသားနာမည်ကြီးပုဂ္ဂိုလ်ကြီးတွေကို ဒီလာတဲ့ ကလေးတွေရော၊ ကလေးမိဘတွေရော မြင်တွေ့ပြီး ငါတို့တိုင်းကနေဖြစ်သွားတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပါလားဆိုပြီး သူတို့ကိုယ်တိုင် အားကျသွားမယ်။ သူတို့သားသမီးတွေကိုလည်း ပြောပြမယ်။ နောက်တစ်ခုက မီဒီယာတွေခေတ်ဖြစ်တဲ့အတွက် သူတို့ကလည်း ပြခန်းတွေ ဒီလိုရှိတယ်ဆိုပြီး ပြန်ပြောမယ်။ ဖေ့စ်ဘုတ်တွေမှာလည်း တွေ့တဲ့အခါ ပိုပြီးတော့ ဒီနေ့ဆိုရင် သာမန်ထက် တစ်ရက်ထက်တစ်ရက် ပိုပြီးစည်တာ တွေ့ရပါတယ်" ဟု ပြောသည်။

**တိုးမပေါက်အောင်ဖြစ်ခဲ့**

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် နောက်ဆုံးနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများနှင့် တက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသာမက စာပေကိုချစ်မြတ်နိုးသူများပါ လာရောက်ခဲ့သည့်အတွက် ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတစ်ခုလုံး တိုးမပေါက်အောင် ဖြစ်ခဲ့သည်။

"ကျွန်တော်က သာမန်လောက်ပဲလို့ ထင်တာ၊ မထင်မှတ်ဘဲနဲ့ အခုလိုမြင်ရတဲ့အခါ ကျွန်တော် လေ့လာသုံးသပ်တဲ့အခါမှာ ကျွန်တော်တို့ ခေတ်ကို မီလာတယ်ပဲ ပြောရမလားမသိဘူး၊ ဟိုတုန်းကထက် စာအုပ်စာပေလေ့လာမှု နည်းသွားတယ်ထင်ပေမယ့် ဒီနေ့ ဒီအခါမှာ စာအုပ်ဆိုင်တွေမှာ အများဆုံး ဝယ်နေတာ တွေ့ရသလို ပါမောက္ခချုပ် ဆရာမကြီးတွေဆို လူတွေများလွန်းလို့ ကျောင်းမခံနိုင်မှာ စိုးရိမ်တဲ့အဆင့်ထိ တောင်ရောက်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

ပွဲတော်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များမှ ဖွင့်လှစ်ပြသထားသည့် ပြခန်းများနှင့် မြေညီထပ်တွင် ပြသထားသည့် စာအုပ်စာပေများ၊ ဆရာကြီး မင်းသုဝဏ်နှင့် ဆရာကြီး တင်မိုးတို့၏ ကလေးကဗျာများကို လာရောက်ဖတ်ရှုသူများ၊ ကလေးစာဖတ်ခန်းတွင် စာပေဖတ်ရှုသူများ၊ ထူးခြားစွာပြသထားသည့် ထူးချွန်ထင်ရှားဧရာဝတီတိုင်းသားများ ပြခန်းတွင်လည်း လာရောက်ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**ဝမ်းသာကျေနပ်ဖြစ်မိ**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းက "အခုလို စည်စည်ကားကား တွေ့ရတော့ တော်တော်ကို ဝမ်းသာကျေနပ်ဖြစ်မိပါတယ်။ ဒီလို စည်ကားသိုက်မြိုက်အောင် ခရိုင်တွေ၊ မြို့နယ်တွေမှာရှိတဲ့ အုပ်ချုပ်ရေးမှူးတွေကို ကလေးတွေလာချင်လာအောင်၊ လေ့လာချင်တဲ့ ကလေးတွေ လေ့လာလို့ရအောင် တိုင်းဒေသကြီး အစိုးရက ကားတွေစီစဉ်ပေးပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ပွဲတော်ကျင်းပကတည်းက တစ်ရက်ကို နှစ်သိန်းခွဲ သုံးသိန်းထိ လာတာကြည့်ပြီး ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီလိုမျိုး ကလေးတွေကို အထောက်အကူပြုတဲ့ ပွဲတွေ များများ ကျင်းပသင့်တယ်လို့ မြင်ပါတယ်။ ကလေးတွေလည်း အလွန်ကို ပျော်ရွှင်ပြီး နေပူနေတဲ့ကြားထဲကတောင် မပင်ပန်းဘဲ လာရောက်ဖျော်ဖြေတာ တွေ့ရပါတယ်။ အဲဒီအတွက် တိုင်းဒေသကြီးအစိုးရအနေနဲ့ ဝမ်းမြောက်မိပါတယ်"ဟု ပြောသည်။

**ကလေးငယ်များဖြင့် စည်ကား**

ကလေးစာပေပွဲတော် တတိယမြောက်နေ့ (နောက်ဆုံးနေ့)တွင် ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများတွင် ကလေးစာပေပွဲတော် လာရောက်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်းစုံမှ တပျော်တပါး ပါဝင်ဆင်နွှဲသူ ကလေးငယ်များနှင့် Team Building၊ Science Fair၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစားခြင်း၊ အိမ်ဆောက်ကစားနည်းများတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲသူ ကလေးငယ်များဖြင့် စည်ကားလျက်ရှိသည်။

"ပျော်ဖို့ အလွန်ကောင်းပါတယ်။ ပြိုင်ပွဲတွေတော့ မပြိုင်ဖြစ်ပါဘူး။ စာအုပ်တွေ ဝယ်ခဲ့တယ်။ သူငယ်ချင်းအယောက်တစ်ရာကျော်လောက် ပါလာတယ်။ တက္ကသိုလ်ဆိုတာ အခုမှ ပထမဆုံးရောက်ဖူးတာပါ။ သမီးတို့ဆီမှာ အခုလို ကလေးစာပေပွဲတော်တွေ များများလာပြီး ကျင်းပပေးစေချင်ပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ အထက(၁)မှ သတ္တမတန်းကျောင်းသူ မယွန်းစန္ဒီကျော်က ပြောသည်။

**စာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး**

ယနေ့နံနက်ပိုင်းက ကျင်းပသည့် စာပေပွဲတော်တွင် စာရေးဆရာ ကြည်မင်းနှင့် ကျောင်းသား ကျောင်းသူလေးများပါဝင်ဆွေးနွေးသည့် စာပေစကားဝိုင်း၊ ကဗျာဆရာ ခက်ဇော်က စိတ်ဝင်စားစရာကလေးများကဗျာ၊ ကဗျာဆရာတိုးဝေက လူငယ်နှင့်အနာဂတ် ခေါင်းစဉ်ဖြင့် ဟောပြောသည့် စာပေဟောပြောပွဲများ၊ မွန်းလွဲပိုင်းတွင် ကဗျာဆရာ တိုးဝေ၊ ရုပ်ရှင်သရုပ်ဆောင် ဝါးခယ်မရဲမောင်၊ ရုပ်ရှင်သရုပ်ဆောင် ပုလဲဝင်းနှင့် တေးသံရှင် ဇော်ပိုင်တို့က ကလေးနှင့် ပုံပြင်ခေါင်းစဉ်ဖြင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတို့ ပြုလုပ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစားတက်ရောက် နားထောင်သူများဖြင့် များပြားလျက်ရှိသည်။

ကလေးစာပေ ပွဲတော်သို့ လာရောက်သည့် ရုပ်ရှင်သရုပ်ဆောင် ပုလဲဝင်းက "ပုလဲက အခုနောက်ဆုံးရက်မှလာခဲ့တာပါ။ ပထမရက်မှာရော၊ ဒုတိယရက်မှာရော၊ ဒီနောက်ဆုံးရက်မှာပါ။ ကလေးတွေ အများကြီးလာကြတယ်ဆိုပြီး သတင်းကြားတယ်။ တကယ့်ကို အောင်အောင်မြင်မြင်နဲ့ ကလေးတွေ အများကြီးလာတဲ့အတွက် ဧရာဝတီတိုင်းအတွက် တကယ့်ကို ဂုဏ်ယူစရာပါပဲ။ ဧရာဝတီတိုင်းအတွက် အင်အားတွေဖြစ်မှာပါ။ ဆွေးနွေးရမယ့် ခေါင်းစဉ်ကို မသိခဲ့ဘူး။ ကလေးနဲ့ ပုံပြင်ဆိုတာ ဒီရောက်မှ သိတာပါ။ ဒါပေမယ့် ကိုယ်တွေရဲ့ ကလေးဘဝ အတွေ့အကြုံတွေကို ပြောပြမယ်ဆိုပြီး ကိုယ့်ရဲ့ ဘဝပုံပြင်လေးတွေ ပြောပြမယ်ဆိုပြီး လာခဲ့တာပါ။ ကိုဇော်ပိုင်ဆိုရင်လည်း ပုံပြင်လေးတွေပြောပြတယ်၊ တကယ့်ဖြစ်ရပ်လေးတွေပြောပြတယ်။ ကလေးတွေကို ကိုယ်နိုင်သလောက်လေး ဝေမျှပေးတာပါ။ သင်ခန်းစာတွေရော ကိုယ့်အတွေ့အကြုံတွေရော၊ ဗဟုသုတတွေပါ အများကြီးရစေချင်ပါတယ်" ဟု ပြောသည်။

**အကအလှတို့ဖြင့် သီဆိုဖျော်ဖြေ**

ကလေးစာပေပွဲတော် နောက်ဆုံးနေ့တွင် မျက်လှည့်ပြပွဲ၊ ရုပ်သေးပြပွဲ၊ ရိုးရာဆင်အက၊ ခြင်းအလှခတ်ကစားခြင်းတို့အပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိက ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက အကအလှတို့ဖြင့် သီဆိုဖျော်ဖြေမှုနှင့် အတူ တေးသံရှင် ဇော်ပိုင်၊ ပုလဲဝင်း၊ ဝါးခယ်မရဲမောင်တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်

**သတင်း- သီသီမင်း၊မင်းသစ်**(MNA)

**ဓာတ်ပုံ -နေလင်း**




ကလေးစာပေပွဲတော် (ပုသိမ်)နောက်ဆုံးနေ့၌ ရုပ်သေးအကဖြင့် တင်ဆက်ပြသနေမှုကို တွေ့ရစဉ်။

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၅**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် အကြိမ်(၃၀)မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုသောအားဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ရုံးချုပ်)နှင့် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်း(အရာထမ်း/အမှုထမ်း)အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်းအင်အား ၇၀ တို့သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး အင်အားဖြည့် အစားအသောက်နှင့်ဆေးဝါးများ ထောက်ပံ့ပေးခဲ့သည်။ **(ယာပုံ)**




အလားတူ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအသီးသီးတွင်လည်း ပြည်သူ့အကျိုးပြုရေးလုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဇာတ်ညွှန်းအလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် ရန်ကုန်ရုပ်ရှင်သင်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ရသအနုပညာဆိုင်ရာမိတ်ဆက် (TV & Film Drama Orientation Day Led by British Screenwriter Rachel Mathews) ခေါင်းစဉ် ဖြင့် ရုပ်ရှင်ဇာတ်ညွှန်းနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(Film Development Centre) ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကို ဗြိတိန်နိုင်ငံသူ ဇာတ်ညွှန်းဆရာမ Ms. Rachel Mathews မှ ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများတွင် နိုင်ငံတကာစံနှုန်းများနည်းတူ လုပ်ကိုင်နိုင်စေရန်အတွက် ဇာတ်ညွှန်းကဏ္ဍမှ အထောက်အကူပြု ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို သိရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ဇာတ်ညွှန်းအလုပ်ရုံဆွေးနွေးပွဲကျင်းပမည့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို တွေ့ရစဉ်။

53rd MEETING OF ASEAN COMMITTEE ON CULTURE AND INFORMATION

aseanCOCI

12 - 16 NOVEMBER 2018
NAY PYI TAW, MYANMAR.

(၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN COCI) အစည်းအဝေးကို
နေပြည်တော်ရှိ Royal Naypyitaw ဟိုတယ်တွင်
(၁၂.၁၁.၂၀၁၈ မှ ၁၆.၁၁.၂၀၁၈) ရက်နေ့အထိ ကျင်းပသွားပါမည်။

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## သုတေသနဖွံ့ဖြိုးရေး စာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၅**

သုတေသနဖွံ့ဖြိုးရေးစာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါစာတမ်းဖတ်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် သုတေသနဖွံ့ဖြိုးရေး၊ သုတေသနအသင်းအဖွဲ့များ ပေါ်ထွန်းလာရေးနှင့် မြန်မာနိုင်ငံသုတေသနအသင်းကြီး ပြန်လည်ထူထောင်နိုင်ရန် နည်းလမ်းများ ရှာဖွေရေးတို့ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဒုတိယနေ့၌ မြန်မာအသင်းက ရွှေ ခြောက်၊ ငွေ သုံး၊ ကြေး လေးခု ရရှိ

**ရန်ကုန် နိုဝင်ဘာ ၅**

သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ရန်ကုန်မြို့ ကျိုက္ကဆံမြားပစ်အားကစားကွင်း၌ ကျင်းပလျက်ရှိရာ ယနေ့ နိုဝင်ဘာ ၅ ရက်အထိ မြန်မာနိုင်ငံ မြားပစ်ကစားသမားများမှ ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် လေးခု စုစုပေါင်း ဆုတံဆိပ် ၁၃ ခု ရရှိကြောင်း သိရသည်။

**ဗိုင်နယ်ပွဲများကျင်းပ**

ယနေ့ နိုဝင်ဘာ ၅ ရက်တွင် တတိယနေ့အဖြစ် အမျိုးသမီး Recurve ဗိုင်နယ်ပြိုင်ပွဲများနှင့် အမျိုးသား Recurve ဗိုင်နယ်ပြိုင်ပွဲများ ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း Recurve မီတာ(၇၀) ဆီမီးဗိုင်နယ်ပွဲစဉ်တွင် စန္ဒာဦး(မြန်မာ)နှင့် Lee Shuk Kwan (ဟောင်ကောင်)တို့ ယှဉ်ပြိုင်ကြရာ ဟောင်ကောင်က ၈-၉ မှတ် တစ်မှတ်အသာဖြင့် ဗိုင်နယ်သို့တက်ရောက်သွားပြီး တစ်ဖက်မှ ပြည့်စုံနှင်း(မြန်မာ)က Cheng Ching Yi (ဟောင်ကောင်)ကို ၆ မှတ်-၂ မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုင်နယ်သို့ တက်ရောက်သွားကာ ဗိုင်နယ်ပွဲစဉ်တွင် Lee Shuk Kwan (ဟောင်ကောင်)က ပြည့်စုံနှင်း(မြန်မာ)ကို ၉ မှတ်-၆ မှတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ အမျိုးသမီး Recurve တတိယလုပြိုင်ပွဲတွင် Cheng Ching Yi (ဟောင်ကောင်) က စန္ဒာဦး(မြန်မာ)ကို ၉ မှတ် ၁၀ မှတ်ဖြင့် အနိုင်ရရှိပြီး တတိယ ရရှိသွားသည်။

**ဆုများချီးမြှင့်**

အဆိုပါပြိုင်ပွဲများတွင် အနိုင်ရရှိသူများအား ဆုများချီးမြှင့်ရာ Recurve အမျိုးသမီးတစ်ဦးချင်း မီတာ ၇၀ ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုရ စန်းနုလွင်(မြန်မာ)၊ ဒုတိယ သီတာနွယ်(မြန်မာ) နှင့် တတိယ ခင်လေးလွင်(မြန်မာ) တို့အား ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. Sanguan Kosavinta၊ အမျိုးသားတစ်ဦးချင်း Recurve မီတာ ၇၀ ပြိုင်ပွဲ၌ ကောင်းခန့်မော်(မြန်မာ)က ပထမ ရွှေတံဆိပ်ဆု၊ ဒုတိယဆုကို ထိုင်းက လည်းကောင်း၊ တတိယဆုရ နေလင်းဦး(မြန်မာ)တို့ကို မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် နာယက ဒေါက်တာခင်ရွှေ၊ အမျိုးသားတစ်ဦးချင်း မီတာ ၅၀ Compound ပြိုင်ပွဲ၌ ပထမ ရွှေတံဆိပ်ဆုကို ဇင်သူရိန်မျိုး (မြန်မာ)၊ ဒုတိယနှင့်တတိယဆုကို ဟောင်ကောင်က လည်းကောင်းရရှိရာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဦးဇေသီဟ၊ အမျိုးသမီးအသင်းလိုက် မီတာ ၅၀ Compound ပြိုင်ပွဲ၌ ပထမ ထိုင်းအသင်း၊ ဒုတိယ မြန်မာအသင်းနှင့် တတိယဟောင်ကောင်အသင်းတို့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦး၊ အမျိုးသား/ အမျိုးသမီး အသင်းလိုက် မီတာ ၇၀ Recuerve ပြိုင်ပွဲ၌ ပထမဆု မြန်မာ (က)အသင်း၊ ဒုတိယဆုရ ဘင်္ဂလားဒေ့ရှ်အသင်းနှင့် တတိယဆုရ မြန်မာ(ခ)အသင်းတို့ကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်နန်းအေးခိုင်၊ အမျိုးသား/ အမျိုးသမီး အသင်းလိုက် မီတာ ၅၀ Compound ပြိုင်ပွဲ၌ ပထမဆုရ မြန်မာအသင်း၊ ဒုတိယဆုရ လာအိုအသင်းနှင့် တတိယ ဆုရ ဟောင်ကောင်အသင်းတို့ကို မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတောက်ထွန်းတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ထပ်လုပ်ဖို့ အစီအစဉ်ရှိ**

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇေသီဟက "အရှေ့တောင်အာရှနိုင်ငံတွေကို အဓိကထားပြီးဖိတ်ခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်တို့၊ ဟောင်ကောင်တို့လည်း ဖိတ်ခဲ့တာပေါ့။ ဒါပေမယ့် အခြေအနေအရ ငါးနိုင်ငံလောက်ပဲ လာပြိုင်နိုင်ပါတယ်။ နိုင်ငံတိုင်းမှာ ဒီအချိန်က နှစ်ကုန်တဲ့ ဘတ်ဂျက်ကုန်တဲ့အချိန်ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ လာရတာ အခက်အခဲရှိတဲ့အနေအထားမျိုး တွေ့ရတယ်။ နောင်နှစ်ဆိုရင်တော့ ဇန်နဝါရီ၊ ဖေဖော်ဝါရီလလောက်မှာ ထပ်လုပ်ဖို့အစီအစဉ်ရှိပါတယ်"ဟု ပြောကြားသည်။



အမျိုးသမီးအသင်းလိုက် ဗိုလ်လုပွဲပြိုင်ပွဲယှဉ်ပြိုင်စဉ်။

မြန်မာနိုင်ငံတွင် လက်ရှိမြားပစ်အားကစားသမား ၇၀ ခန့်ရှိပြီး ပြိုင်ပွဲသွင်းနိုင်သည့် အားကစားသမား ၄၀ ခန့် ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက "စံချိန်စံညွှန်းလည်း အင်မတန်ကောင်းတယ်။ နောက်တစ်ခုက မနေ့က ပစ်တဲ့အပေါ်မှာ ယုံကြည်မှုရှိပြီးတော့ ရှစ်ခုပေးတဲ့နေရာမှာ ခြောက်ခုရပါတယ်။ ပြိုင်ပွဲတိုင်းမှာ ဆုရတယ်ဆိုတာ ကလေးတွေ ပစ်နေကျ အမှတ်အတိုင်းရတယ်။ အဲဒီထက်ပိုရတဲ့အတွက်ကြောင့် ဆုရတယ်လို့ ကျွန်တော် သုံးသပ်ပါတယ်"ဟု ပြောသည်။

**ဆက်လက်ယှဉ်ပြိုင်**

သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို နိုင်ငံပေါင်း ငါးနိုင်ငံမှ မြားပစ်သမားများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီမှစတင်ကာ ကျိုက္ကဆံမြားပစ်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ- ထိန်လင်း**

## MFF 100 Plus Cup ယူ-၁၄ ပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် နိုဝင်ဘာ ၅**

MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်နှင့် ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ ရောဝတီ၊ မကွေး၊ စစ်ကိုင်းအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

အုပ်စုတတိယနေ့တွင် ရောဝတီအသင်းက မွန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ မကွေးအသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စစ်ကိုင်းအသင်းက ကချင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ရှမ်း(အရှေ့)နှင့် ရခိုင်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ရောဝတီအသင်းသည် နှစ်ပွဲဆက်တိုက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်အသင်းမှာမူ ရှုံးပွဲဆက်ခဲ့သည်။

ပြိုင်ပွဲစတုတ္ထနေ့ကို နိုဝင်ဘာ ၆ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် မန္တလေးအသင်းနှင့် ကယားအသင်း၊ နေပြည်တော်အသင်းနှင့် တနင်္သာရီအသင်း၊ ညနေ ၄ နာရီတွင် ချင်းအသင်းနှင့် ရှမ်း(မြောက်) အသင်း၊ ပဲခူးအသင်းနှင့် ကရင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## အာဆီယံဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ပွဲဦးထွက်ရှုံးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၅**

၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ပွဲဦးထွက် ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် ပထမပွဲအဖြစ် အိမ်ရှင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ပွဲဦးထွက်ပွဲဖြစ်သည့်အပြင် အိမ်ရှင်အသင်းနှင့် တွေ့ဆုံသောကြောင့် အမှားများခဲ့ပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၉ မိနစ်တွင် လှိုင်မင်းထွန်းက သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ၂၀၁၆ နှင့် ၂၀၁၇ ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် အင်ဒိုနီးရှားအသင်းကို အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ယခုပွဲ အရှုံးရလဒ်ကြောင့် ဆီမီးဗိုင်နယ်တက်ရောက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် နိုဝင်ဘာ ၆ ရက်(**ယနေ့**)တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# မိုးမောက်-လွယ်ဂျယ်လမ်း၌ တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းသယ်ဆောင်သည့် ယာဉ်လေးစီး ဖမ်းမိ

**မိုးမောက် နိုဝင်ဘာ ၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်-လွယ်ဂျယ်လမ်း၌ နိုဝင်ဘာ ၃ ရက်က တရားမဝင်ကုန်သွယ်မှု တားဆီးကာကွယ်ရေးအဖွဲ့မှ တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်လေးစီးကို ယာဉ်မောင်းသူများနှင့်အတူ ဖမ်းဆီးအရေးယူထားကြောင်း မိုးမောက်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့် ဦးဆောင်သည့် တရားမဝင်ကုန်သွယ်မှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၃ နာရီက မိုးမောက်-လွယ်ဂျယ်ကားလမ်းရှိ ကျောက်စခန်းကျေးရွာတွင် တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများတင်ဆောင်ကာ ယာဉ်မောင်း အောင်ရဲကျော် (၂၇ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် 4J/---- တိုရိုတာနော့ယာဉ်ပေါ်မှ တရုတ်နိုင်ငံထုတ် အင်ဂျင်ဝိုင် ဖာ ၃၀ မှ အင်ဂျင်ဝိုင် ၁၈၀ ဘူးနှင့် ချိန်းစောအပိုပစ္စည်း ၁၀ ဖာကို လည်းကောင်း၊ ရွှေထွန်း(ခ) မာမက်(၆၂ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် 5B/---- ချာနာယာဉ်ပေါ်မှ ဆိုင်ကယ်တာယာ ၃၅ လုံး၊ ဆိုင်ကယ်ဒိုင်ခွက် ၇၄ ခု၊ ဆိုင်ကယ် ဝိုက်စီး အခု ၆၀၊ ဆိုင်ကယ်ကာဗာ တစ်စုံ၊ ဘရိတ်ရှူး အစုံ ၂၀၀၀၊ ဆိုင်ကယ်ရော်ဘာအစွပ် အခု ၃၂၀ ကို လည်းကောင်း၊ ဝင်းလှိုင်စိုး(၂၇ နှစ်) မောင်းနှင်လာသည့် 3L/---- အဲလ်ဖတ်ယာဉ်ပေါ်မှ ဆိုင်ကယ်တာယာ အလုံး ၄၀၊ ဆိုင်ကယ်ရှေ့ဖောက် အစုံ ၂၀၊ ရှော့ဘား အစုံ ၃၀၊ ဆိုင်ကယ်အင်ဂျင် တစ်လုံး၊ မီးကွိုင် အခု ၁၀၀၊ ဆိုင်ကယ်ကျွတ် အလုံး ၅၀၊ ပီနံအိတ်ခွံ ၁၀၀ ပါ ခြောက်ထုပ်၊ အေးခဲအသား ခြောက်ထုပ်ကို လည်းကောင်း၊ ဝင်းကျော်ကျော် (၂၃ နှစ်) မောင်းနှင်လာသည့် 4H/---- ပိုဇီယာဉ်ပေါ်မှ ဘက်ထရီ ခြောက်လုံး၊ ပိုးသတ်ဆေး ဘူး ၂၆၀၊ တစ်လုံးထိုးအင်ဂျင် နှစ်လုံး၊ စောင်ထုပ် ၅၀ ပါ နှစ်ထုပ်၊ မီးလုံး ၁၀ လုံး၊ ဖော့ပျော့ အချပ် ၂၀၊ ခေါင်းစွပ်ခတ်မီး အခု ၄၅၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် မိုးမောက်မြို့မရဲစခန်းတွင် ပို့ကုန်/သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



**မိုးမောက်-လွယ်ဂျယ်ကားလမ်းရှိ ကျောက်စခန်းကျေးရွာတွင် သိမ်းဆည်းရမိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများနှင့် ယာဉ်တစ်စီးကို တွေ့ရစဉ်။**

## မြန်မာ့ရုပ်မြင်သံကြား

**၆-၁၁-၂၀၁၈(အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - "ရဟန္တာမြတ်တစ်ပါး ပေါ်ထွန်းခဲ့ရာ ညောင်လွန့်တောရ သာသနာ့မြေမဟာ"
- ၈း၃၅ - စီးပွားရေးစကားဝိုင်း "မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရတာ လွယ်ကူရဲ့လား" (အပိုင်း- ၁)
- ၉း၃၅ - ဥပဒေရေးရာအဖြာဖြာ "ယိုသူမရှက် မြင်သူရှက်"
- ၁၀း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၁း၄၀ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် "အသက်ရှည်ရှည်နေရအောင် တိုင်းရင်းနည်းကိုဆောင်"
- ၁၄း၂၀ - Yes or No Talk Show

**ညပိုင်း**

- ၁၆း၃၅ - "၂၀၁၈ (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ အကြိုဆွေးနွေးခန်း"
- ၁၇း၀၅ - "ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုး" (ရိုးရာယဉ်ကျေးမှုကိုစံထား မြန်မာ့ချည်ထည်လုပ်ငန်းများ)
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ - Football Magazine
- ၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ သရုပ်ဆောင် -ထွန်းကိုကို
- ၁၈း၅၅ - "CHOICE" (အပိုင်း- ၉၅)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း- ၅၈)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - စီးပွားရေးစကားဝိုင်း "မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရတာ လွယ်ကူရဲ့လား" (အပိုင်း- ၂)
- အနုပညာခန်းရိပ်သာ "အဆိုတော် စည်သူထားနှင့် တွေ့ဆုံခြင်း"
- နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း- ၅)

# မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာ၌ လူသတ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

**မိုးညှင်း နိုဝင်ဘာ ၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာ သရက်ကုန်းရပ်ကွက်တွင် ပထွေးဖြစ်သူက ခြောက်နှစ်အရွယ် မယားပါသားကို သတ်ပြီး နေအိမ် အိပ်ခန်းအတွင်းထားမှုကြောင့် ပတ်ဝန်းကျင်က အပုပ်နံ့ရ၍ တာဝန်ရှိသူများ ရှာဖွေစစ်ဆေးရာမှ လူသတ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီက ဘီလူးမြို့ကျေးရွာနေ စန်းအောင်နှင့် မခင်မာချို၏နေအိမ်မှ အပုပ်နံ့ရကြောင်း သတင်းပို့ခဲ့သဖြင့် မိုးညှင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ဝင်းအောင်၊ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် တင်ဝင်းနှင့် အဖွဲ့တို့သည် ဘီလူးမြို့ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ထွန်း အဖွဲ့နှင့်အတူ အဆိုပါနေအိမ်သို့ ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် စန်းအောင်နှင့် မခင်မာချိုတို့နှစ်ဦးကို နေအိမ်ဧည့်ခန်းအတွင်း တွေ့ရှိရသဖြင့် ဆက်လက်ရှာဖွေစစ်ဆေးရာ နေအိမ် အိပ်ခန်းအတွင်း စောင်ဖြင့်ပတ်ထားသည့်အထဲမှ အပုပ်နံ့ရသဖြင့် စစ်ဆေးရာ မောင်ရန်မျိုးကျော် (၆ နှစ်)အား သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

၎င်းတို့နှစ်ဦးကို ဆက်လက်စစ်ဆေးမေးမြန်းရာ လွန်ခဲ့သော လေးရက် ညနေ ၆ နာရီခန့်က မခင်မာချိုသည် သားဖြစ်သူ ရန်မျိုးကျော်နှင့်အတူ အိပ်ခန်းအတွင်း အိပ်နေစဉ် မခင်မာချို၏ နောက်အိမ်ထောင်ဖြစ်သူ စန်းအောင် ရောက်ရှိလာပြီး အရိုး ခြောက်လက်မ အသွား ၁၅ လက်မခန့်ရှိ ဓားရှည်ကိုင်ဆောင်ကာ အိပ်ခန်းအတွင်း ဝင်ရောက်လာကာ သားဖြစ်သူ ရန်မျိုးကျော်ကို သတ်ခဲ့ကြောင်း၊ ယင်းနောက် အလောင်းကို စောင်ဖြင့်ပတ်ကာ ဝှက်ထားခဲ့ကြောင်း၊ ၎င်းအနေဖြင့် ခင်ပွန်းဖြစ်သူ စန်းအောင် သတ်မည်ကို ကြောက်ရွံ့သဖြင့် မည်သူ့ကိုမျှ မပြောဘဲနေခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ စန်းအောင် (၂၈ နှစ်) သရက်ကုန်းရပ်ကွက် ဘီလူးမြို့ကျေးရွာ မိုးညှင်းမြို့နယ်နေသူနှင့် မခင်မာချို (၃၈ နှစ်) တို့နှစ်ဦးကို မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နီတိုး**

# ရန်ကုန်၊ ကျိုင်းတုံနှင့် ကွတ်ခိုင်မြို့တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

မူးယစ်တပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၃ ရက် ည ၇ နာရီခွဲက မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် စံပါယ်(၇)လမ်း အမှတ်(မ/၈၂၆)နေ သက်ကိုကို၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈ ပြား သိမ်းဆည်းရမိသည်။

ကွင်းဆက်အရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂)(ခ)ရပ်ကွက် ခရေပင်လမ်းမကြီးပေါ်တွင် တင့်နိုင်ထွန်း မောင်းနှင်လာသည့် ဟွန်ဒါဖစ်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၆ ပြား၊ အိုက်စ် ၉ ဒသမ ၅ ဂရမ်နှင့် ဖုန်းတစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိသည်။ စစ်ဆေးပေါ်ပေါက်ချက်အရ တောင်ဥက္ကလာပမြို့နယ် အမှတ် ၅ ရပ်ကွက် ပင်းယ ၁၀ လမ်း အမှတ် ၁၆၄ ရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၀၈၁ ပြားကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညပိုင်းတွင် မူးယစ်တပ်ဖွဲ့စု ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ပန်ဟုတ်ကျေးရွာနေ ပေါ်အိုက်ယောင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၂၀ ကိုလည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၄ ရက် ညနေပိုင်းတွင် မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်-ကောင်းခါး ကားလမ်း ခိုလုံကျေးရွာ အဝင်လမ်းမပေါ်တွင် ကျိန်ဖဂျင့် မောင်းနှင်လာသည့် ဟိုင်းလပ်ဖိုးဝီး (နှစ်ခန်းတွဲ) မော်တော်ယာဉ်ကို ရှာဖွေရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် သေနတ်ဖြင့် သတိပေးပစ်ခတ်ပြီး ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၄၄ ခွက် (ဘိန်းဖြူအလေး ချိန် ၄၈၄ ဂရမ်)သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိသည်။ **သတင်းစဉ်**

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ ဆိုင်ကယ်များ စစ်ဆေးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၄ ရက်တွင် မန္တလေး- မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၀၈ စီး၊ သွင်းကုန် ၄၃၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၃၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၃၀ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၄၁ သန်းခန့် စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၁၇၁ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ၁၂ ဘီးယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လိုင်စင်မဲ့ဆိုင်ကယ်(အဟောင်း) တစ်စီး၊ ဆိုင်ကယ် (အသစ်) ၁၃ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၄ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်/ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ အောင်ဇူနယ်မြေရုံးမှ ရဲမှူး မျိုးမြင့် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Nikuchari ကင်းစခန်းမှ Naib Subedar Md. Mahbubur Rahman ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ မှ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ အထိ မိမိတို့ နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၂) မှ (၄၃) အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြသည်။

အလားတူ နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မောင်တောမြို့နယ်မြေ (၃) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ကျီးကျွန်းရဲကင်းစခန်းမှ ရဲအုပ်ကြည်စိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ် (၀၀၂)၊ (၀၀၄) နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB (2)မှ Subedar Md.Shaik Adul Jalil နှင့်တပ်ဖွဲ့ဝင်များသည် စက်တပ်ရေယာဉ် နှစ်စင်းဖြင့် လည်းကောင်း ရေတွင်းပြင်ချောင်းဝ နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံ နယ်နိမိတ်အနီး ရေမိုင်အမှတ်(၁၅)၌ တွေ့ဆုံပြီး ရေယာဉ်လေးစင်းဖြင့် နတ်မြစ်ကြောင်းအတိုင်း ကင်းလှည့်ခဲ့ရာ ၁၀ နာရီ ၄၅ မိနစ်တွင် သဲချောင်းချောင်းဝ ရေမိုင်အမှတ်(၁၈)သို့ရောက်ရှိခဲ့ပြီး ရေယာဉ်အမှတ်(၀၀၄)ပေါ်၌ နှစ်ဖက်ညှိနှိုင်း ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# တနင်္သာရီမြို့နယ်၌ ရော်ဘာပေါင်းဖိုရုံ မီးလောင်မှုဖြစ်

**တနင်္သာရီ နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းအနောက်ကျေးရွာတွင် နိုဝင်ဘာ ၄ ရက် နံနက် ၁၁ နာရီခွဲခန့်က ရော်ဘာပေါင်းဖို အလုပ်ရုံ၌ မီးလောင်မှုတစ်ခု ဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်ပင်ကွင်းအနောက်ကျေးရွာရှိ ဦးကျော်မင်း ပိုင်ဆိုင်သော သွပ်မိုး၊ သွပ်ကာ၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ ရှိသော မြေညီထပ် ရော်ဘာပေါင်းဖို အလုပ်ရုံ၌ ပေါင်းဖိုထားသော မီးကြွင်းမီးကျန်မှတစ်ဆင့် မီးကူးစက်လောင်ခြင်းကြောင့် ရော်ဘာပေါင်းဖိုတစ်လုံး ဆုံးရှုံးခဲ့ပြီး ယင်းမီးလောင်မှုကို မီးသတ်ဖွဲ့ဝင်များနှင့် ကျေးရွာသားများ စုပေါင်းငြှိမ်းသတ်နိုင်ခဲ့ကြောင်း တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ပိုင်ရှင် ဦးကျော်မင်းအား တနင်္သာရီမြို့နယ်ရဲစခန်းက ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြင်သစ်၌ပြုလုပ်သည့် ပထမကမ္ဘာစစ်ပြီးဆုံးခြင်းရာပြည့်အခမ်းအနားသို့ ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်ရန်ရှိ



ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နှင့် ဂျာမနီသမ္မတ ဖရန့်ဝေါ်တာ စတိန်မီရာတို့ တွေ့ဆုံစဉ်။

**ပါရီ နိုဝင်ဘာ ၅**

တစ်ပတ်ကြာကျင်းပမည့် ပထမကမ္ဘာစစ်ပြီးဆုံးခြင်း နှစ် ၁၀၀ ပြည့်အခမ်းအနားကို ပြင်သစ်နိုင်ငံတွင် တနင်္ဂနွေနေ့က စတင်ကျင်းပခဲ့ရာ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန် တက်ရောက်ခဲ့သည်။ အတိတ်ကာလက ဖြစ်ရပ်များကို ပြန်လည်သတိရရန် ကျင်းပခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ကမ္ဘာအနှံ့ အမျိုးသားရေးဝါဒီများ ပြန်လည်ကြီးစိုးလာချိန် ပထမကမ္ဘာစစ်ပြီးဆုံးခြင်း နှစ် ၁၀၀ ပြည့် အခမ်းအနား ကျင်းပခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ အပါအဝင် ကမ္ဘာ့ခေါင်းဆောင် ၇၀ မှ ၈၀ ခန့်အထိ အဆိုပါအခမ်းအနားသို့ တက်ရောက်ရန် လာမည့်သီတင်းပတ်တွင် ပြင်သစ်နိုင်ငံသို့သွားရောက်ရန် ပြင်ဆင်နေကြသည်။ တနင်္ဂနွေနေ့တွင်လည်း ဂျာမနီသမ္မတ ဖရန့်ဝေါ်တာ စတိန်မီရာသည် နယ်စပ်မြို့ဖြစ်သည့် စထရာဘော့ဂ်သို့ သွားရောက်ခဲ့ပြီး ပြင်သစ်သမ္မတ မက်ခရွန်နှင့် တွေ့ဆုံခဲ့သည်။

စစ်အတွင်းက ရန်သူဖြစ်ခဲ့ကြသော ပြင်သစ်နှင့်ဂျာမနီတို့ကြား ခင်မင်ရင်းနှီးမှုဖြင့် အတူတကွ တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ အသက် ၄၀ အရွယ်ရှိ ပြင်သစ်သမ္မတသည် လာမည့်သီတင်းပတ်တွင် ပထမကမ္ဘာစစ်အတွင်း စစ်ဘေးဒဏ်ခံ ဒေသများဖြစ်သည့် ပြင်သစ်နိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သို့ သွားရောက်ပြီး ဂျာမနီ၊ ဗြိတိန်နှင့် မာလီခေါင်းဆောင်များနှင့်အတူ အထိမ်းအမှတ်အခမ်းအနားအသီးသီးကို တက်ရောက်သွားမည်ဖြစ်သည်။

၂၀ရာစုကဖြစ်ပွားခဲ့သော စစ်ပွဲများကို ပြန်လည်သတိရစေပြီး အမျိုးသားရေးဝါဒ၏ ကြောက်မက်ဖွယ်ကောင်းပုံကို ကမ္ဘာ့နေရာအနှံ့အပြားက သတိထားမိလာအောင် မီးမောင်းထိုးပြနိုင်ရေး ပြင်သစ်သမ္မတ မက်ခရွန်က ရည်ရွယ်ထားသည်။ နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပမည့် စစ်ပွဲပြီးဆုံးခြင်း နှစ် ၁၀၀ ပြည့် အခမ်းအနားသို့တက်ရောက်မည့် နိုင်ငံ့ခေါင်းဆောင်များစာရင်းတွင် အမေရိကန်သာ ပထမဟု အမြဲလိုလို ကြွေးကြော်နေသော သမ္မတထရမ့်လည်းပါဝင်သည်။ ပြင်သစ်သမ္မတ မက်ခရွန်သည် လာမည့်မေလအတွင်း ကျင်းပမည့် ဥရောပ ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရရှိနိုင်ရေး ကြိုးပမ်းနေသည်။

**အေအက်ဖ်ပီ**

## ယီမင်နိုင်ငံ၌ ကလေး ၄၀၀၀၀၀ ခန့်မှာ အာဟာရချို့တဲ့မှုဒဏ် ခံစားနေရ

**ဆာနား နိုဝင်ဘာ ၅**

ယီမင်နိုင်ငံရှိ ကလေး ၄၀၀၀၀၀ ခန့်မှာ အာဟာရချို့တဲ့မှုကို ခံစားနေရသည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ပြောသည်။ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဆိုင်ရာ ဒေသတွင်းညွှန်ကြားရေးမှူး ဂရိကပယ်လာရီက ယခုလအတွင်း ယီမင်ရှိဆေးရုံများ၌ စစ်ဆေးမှုများပြုလုပ်ပြီးနောက် တနင်္ဂနွေနေ့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

ဆော်ဒီက ကျောထောက်နောက်ခံပြုထားသော ယီမင်အစိုးရတပ်ဖွဲ့ဝင်များနှင့် ဟူသီသူပုန်များ သုံးနှစ်ခွဲကြာ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ အသက် ငါးနှစ်အောက် ကလေးငယ် ၁ ဒသမ ၈ သန်းခန့်မှာ အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေရပြီး ကလေးငယ် ၄၀၀၀၀၀ ခန့်မှာ အသက်အန္တရာယ်စိုးရိမ်ရသည့် အာဟာရချို့တဲ့မှုဒဏ်ကို ဆိုးဆိုးရွားရွားခံစားနေရကြောင်း ကပယ်လာရီက ပြောသည်။

ယီမင်၌ ၁၀ မိနစ်တွင် အသက်ငါးနှစ်အောက်ကလေးငယ်တစ်ဦး သေဆုံးနေကြောင်း ၎င်းကပြောသည်။ ယီမင်နိုင်ငံ၌ ဆေးဝါးအထောက်အကူပြုပစ္စည်းထက်ဝက် နီးပါးခန့်မှာ ဖျက်ဆီးခံထားရပြီး ဆရာဝန်နှင့်သူနာပြုများမှာလည်း လုံလုံလောက်လောက် မရှိပေ။ ယခုအခါ ဆော်ဒီအာရေဗျနှင့် အရင်းနှီးဆုံးမိတ်ဆွေဖြစ်သည့် အမေရိကန်က စစ်ပွဲများအဆုံးသတ်စေရေး တောင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်က အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုများပြုလုပ်

**ဝါရှင်တန် နိုဝင်ဘာ ၅**

ရေနံတင်ပို့သည့် အရှေ့အလယ်ပိုင်း တိုင်းပြည်တစ်ခုဖြစ်သည့် အီရန်နိုင်ငံကို အမေရိကန်က စီးပွားရေးပိတ်ဆို့မှုများ ထပ်မံပြုလုပ်ခဲ့သည်။ အီရန်နိုင်ငံက အကြမ်းဖက်သမားများကို ထောက်ပံ့ပေးနေသည်ဟူသော စွပ်စွဲချက်ဖြင့် စီးပွားရေးပိတ်ဆို့မှု အမေရိကန်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အီရန်အပေါ်ပြုလုပ်ခဲ့သည့် စီးပွားရေးပိတ်ဆို့မှုမှာ အမေရိကန်ကပြုလုပ်ခဲ့ဖူးသမျှသော စီးပွားရေးပိတ်ဆို့မှုများတွင် အဆိုးဆုံးပင်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောသည်။ ဂျပန်၊ တရုတ်၊ အိန္ဒိယအပါအဝင် နိုင်ငံပေါင်း ရှစ်နိုင်ငံကိုမူ အီရန်နိုင်ငံမှ ရေနံဝယ်ယူခွင့်အတွက် ကင်းလွတ်ခွင့်ပေးထားသည်။

အဆိုပါကင်းလွတ်သည့် ကာလကို ရက်ပေါင်း ၁၈၀ ခွင့်ပြုပေးထားမည်ဖြစ်ပြီး ယင်းနောက်ပိုင်းတွင် အီရန်မှရေနံဝယ်ယူမှုကို ရပ်တန့်ရန် အမေရိကန်ပြည်ထောင်စုက တောင်းဆိုသွားမည်ဟု အိမ်ဖြူတော်က ပြောသည်။ ရေနံအပေါ်ပိတ်ဆို့မှုများ ပြုလုပ်နေစဉ် အမေရိကန်သည် အီရန်နှင့် အဆက်အသွယ်ရှိသည့် အဖွဲ့အစည်းပေါင်း ၇၀၀ ကျော်ကို အမည်ပျက်စာရင်းသွင်းရန်လည်း ပြင်ဆင်နေသည်။ အမေရိကန်သည် အကြမ်းဖက်သမားများကို ထောက်ပံ့ပေးနေသော တိုင်းပြည်၏အပြုအမူများကို လုံးဝပြောင်းလဲပေးရန် ရည်ရွယ်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဖော့ခ်နယူးနှင့် အင်တာဗျူးတွင် ဖြေကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ယခုတစ်ကြိမ်ပြုလုပ်သော အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုမှာ ဒုတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်သည်။ ပြီးခဲ့သည့် နွေရာသီကလည်း ကားနှင့်စတီးလ်လုပ်ငန်းများတွင် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများကို အကောင်းဆုံးရှောင်လွှဲသွားမည်ဟု အီရန်သမ္မတပြော

**တီဟီရန် နိုဝင်ဘာ ၅**

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက အီရန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုက ပြုလုပ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို ကောင်းမွန်စွာ ရှောင်လွှဲသွားနိုင်လိမ့်မည်ဟု တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်သည် အီရန်၏ ရေနံနှင့် ဘဏ္ဍာရေးကဏ္ဍများကို ပစ်မှတ်ထားကာ ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ "အမေရိကန်ရဲ့ တရားမဝင် မမျှတတဲ့ ပိတ်ဆို့မှုတွေကို အီရန်က အကောင်းဆုံး ကျော်လွှားသွား လိမ့်မယ်"ဟု ရုပ်မြင်သံကြားမိန့်ခွန်းတွင် အီရန်သမ္မတ ဟတ်ဆန် ရိုဟာနီက ပြောသည်။

"ကျွန်တော်တို့ဟာ အခုအချိန်မှာ စီးပွားရေးစစ်ပွဲအတွင်းမှာ ကျရောက်နေတာပါ။ အာဏာကိုအသုံးပြုပြီး အနိုင်ကျင့်နေသူတွေနဲ့ရင်ဆိုင်နေရတာပါ။ အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုတွေနဲ့ ဥပဒေတွေကို ဆန့်ကျင်နေသူ တစ်ဦးက အိမ်ဖြူတော်ကို ဝင်ရောက် လာတာဟာ အမေရိ ကန်သမိုင်းမှာ ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် တစ်ခါမှ မတွေး ခဲ့ဖူးဘူး"ဟု အီရန်သမ္မတက ပြောသည်။



အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ ။

အမေရိကန်က လက်ရှိပြုလုပ်သော စီးပွားရေးပိတ်ဆို့မှုသည် အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုကို ပိတ်ဆို့ရန်နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးစနစ်မှ အီရန်နိုင်ငံကို ဖြတ်တောက်ပစ်ရန် ရည်ရွယ်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ပြီးခဲ့သည့် မေလက အငြင်းပွားဖွယ် ဆုံးဖြတ်ချက်တစ်ခုအဖြစ် အီရန်နျူကလီးယား သဘောတူစာချုပ်မှ နုတ်ထွက်ခဲ့သည်။

**အေအက်ဖ်ပီ**

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ကျူးဘားခေါင်းဆောင်တို့ တွေ့ဆုံ



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ကျူးဘားသမ္မတ မီဂဲဒီရက်ဇ်ကန်နယ်တို့ကို အတူတွေ့ရစဉ်။

**ပြုံယမ်း နိုဝင်ဘာ ၅**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် မြောက်ကိုရီးယားနှင့် ကာလရှည်ကြာ မဟာမိတ်ဖြစ်ခဲ့သော ကျူးဘားနိုင်ငံမှ ခေါင်းဆောင်နှင့် တွေ့ဆုံခဲ့သည်။ ကျူးဘားသမ္မတ မီဂဲဒီရက်ဇ်ကန်နယ်သည် တနင်္ဂနွေနေ့က မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်းသို့ ရောက်ရှိခဲ့သည်။

လက်ရှိ အပြည်ပြည်ဆိုင်ရာတွင် ဖြစ်ပေါ်နေသော သိသာထင်ရှားသည့် ကိစ္စရပ်များကို နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးခဲ့ကြကြောင်း မြောက်ကိုရီးယားအစိုးရ သတင်းအေဂျင်စီက ပြောသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်က ၎င်းအနေဖြင့် ကျူးဘားနိုင်ငံနှင့်ညီအစ်ကို ဆက်ဆံရေးဖြင့် ဆက်ဆံလိုသည်ဟု မြောက်ကိုရီးယား အာဏာရပါတီ၏သတင်းစာတွင် ဖော်ပြထားသည်။ အမေရိကန်က ကျူးဘားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုပြုလုပ်ခဲ့ပြီး မကြာမီ ကျူးဘားခေါင်းဆောင်သည် ယခုလို ပြုံယမ်းသို့ သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။ ကျူးဘားသမ္မတ မီဂဲဒီရက်ဇ်ကန်နယ် အနေဖြင့် သမ္မတနေရာရယူပြီးချိန်မှစ၍ ယခုတစ်ကြိမ်သည် ၎င်း၏ ပထမဦးဆုံး နိုင်ငံခြားခရီးစဉ်ဖြစ်သည်။ ဆယ်စုနှစ် ခြောက်ခုကြာ ဖီဒယ်ကတ်စထရိုနှင့် ရာအူးကတ်စထရိုတို့က တိုင်းပြည်ကိုဦးဆောင်ခဲ့ပြီးနောက် ဧပြီလမှစ၍ မီဂဲဒီရက်ဇ်ကန်နယ် အာဏာရလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတကာ သတင်းတိုထွာ

## အမေရိကန်၏ စီးပွားရေး ပိတ်ဆို့မှုကို အီရန်ရှုတ်ချ

**တီဟီရန် နိုဝင်ဘာ ၅**
အီရန်ပါလီမန်မှ လွှတ်တော်အမတ်သည် အမေရိကန်၏ အီရန်အပေါ် စီးပွားရေအရ ပိတ်ဆို့မှုများကို ဝေဖန်ရှုတ်ချခဲ့သည်။ အမေရိကန်သည် တနင်္လာနေ့မှစကာ အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုများ တစ်ဖန်ပြန်၍ ပြုလုပ်တော့မည်ဖြစ်သည်။

အမေရိကန်သည် အီရန်နှင့်ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးထားသည့် နျူကလီးယား သဘောတူစာချုပ်မှ နုတ်ထွက်ထားသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့တွင် အီရန်အမျိုးသားလုံခြုံရေးဥက္ကဋ္ဌနှင့် အီရန်နိုင်ငံပါလီမန်မှ နိုင်ငံခြားရေးမူဝါဒကော်မရှင်မှ ဟတ်ရှ်မော်တိုလာ ဖလာဟစ်ပီရှာက နိုင်ငံခြားသတင်းထောက်များကို ခေါ်ယူကာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ယခင်အီရန်အပေါ် အမေရိကန်က ပြုလုပ်ခဲ့သည့် ပိတ်ဆို့မှုများကဲ့သို့ မဟုတ်ဘဲ ယခုတစ်ကြိမ်အမေရိကန်၏ ပိတ်ဆို့မှုကို ကမ္ဘာ့နိုင်ငံအများက ဝေဖန်ကြလိမ့်မည်ဟုလည်း ၎င်းကပြောခဲ့သည်။

အမေရိကန်ပြည်ထောင်စုက နိုင်ငံပေါင်း ရှစ်နိုင်ငံအပေါ် အီရန်နိုင်ငံမှ ရေနံတင်သွင်းခွင့် ခေတ္တပေးထားသည့်အပေါ် ထောက်ပြပြောဆိုခဲ့ခြင်း ဖြစ်သည်။ ယင်းနိုင်ငံရှစ်နိုင်ငံကို ကင်းလွတ်ခွင့်ပေးရခြင်းမှာ အီရန်ရေနံ၏ အရေးပါမှုကို မီးမောင်းထိုးပြသကဲ့သို့ ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။ အီရန်သည် အမေရိကန်ပိတ်ဆို့မှုကို ရှောင်ရှားကာ ဥရောပသမဂ္ဂနှင့် ငွေပေးချေမှု ပုံစံအသစ်အစပြုနိုင်ရေးလည်း ကြိုးပမ်းလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## ရွှေတင်ပို့ရေး ပိတ်ဆို့မှုအတွက် အမေရိကန်ကို ဗင်နီဇွဲလားရှုတ်ချ

**ကရာကတ် နိုဝင်ဘာ ၅**
ဗင်နီဇွဲလားနိုင်ငံ၏ ရွှေတင်ပို့မှုကို အမေရိကန်က ပိတ်ဆို့မှုအသစ်ပြုလုပ်ခဲ့ရာ ယင်းပိတ်ဆို့ မှုအတွက် ဗင်နီဇွဲလား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့သည်။ ယခုကဲ့သို့ပိတ်ဆို့မှုသည် ဗင်နီဇွဲလားပြည်သူများကို နှိပ်ကွပ်နိုင်လိမ့်မည်ဟု အမေရိကန်ကယုံကြည်နေသည်ဟု ဒီယိုဆတ်ဒိုကာဘယ်လိုက ပြောခဲ့သည်။

အမေရိကန် ပြည်ထောင်စုသည် ဗင်နီဇွဲလားနိုင်ငံ၏ ရွှေတင်ပို့မှုကို ကြာသပတေးနေ့က ပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးဂျွန်ဘော်တန်က ဗင်နီဇွဲလား၊ ကျူးဘားနှင့် နီကာရာဂွါ နိုင်ငံတို့အပေါ် ပိတ်ဆို့မှုများ ပြုလုပ်လိုက်သည်ဟု ကြေညာခဲ့သည်။ ရွှေတင်ပို့မှုသည် တောင်အမေရိကနိုင်ငံဖြစ်သည့် ဗင်နီဇွဲလားနိုင်ငံ၏ ဆေးဝါးနှင့် အစားအသောက်များအတွက် အထောက်အပံ့ဖြစ်သော စီးပွားရေးလုပ်ငန်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံအပေါ် အမေရိကန်၏ပိတ်ဆို့မှုမှာ လူမျိုးတုံးသတ်ဖြတ်မှုကဲ့သို့ ဆိုးရွားသည်ဟု ဒီယိုဆတ်ဒိုကာဘယ်လိုက ပြောသည်။
**ဆင်ဟွာ**

# အမေရိကန်သာမက တစ်ကမ္ဘာလုံးရင်ဆိုင်နေရသည့် ခိုလှုံခွင့်တောင်းခံသူများ အရေးကိစ္စ

**ခြူးစန္ဒီနွေး**



အမေရိကန်နယ်စပ်ကို ဦးတည်လာသည့် ဗဟိုအမေရိကမှ ရွှေ့ပြောင်းအခြေချနေထိုင်သူများကို တွေ့ရစဉ်။

ယနေ့ခေတ် ကမ္ဘာတစ်လွှားကို ခြိမ်းခြောက်နေတဲ့အထဲမှာ တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်မှုဆိုတာ တစ်ခုအပါအဝင်ဖြစ်လာပါပြီ။ နိုင်ငံတကာသတင်းစာမျက်နှာတွေမှာ လတ်တလောတွေ့နေရတဲ့အကြောင်းအရာကတော့ ဟွန်ဒူးရပ်စ်က အများစု ပါဝင်တဲ့ ဗဟိုအမေရိကက ရွှေ့ပြောင်းနေထိုင်သူတွေဟာ အုံနဲ့ကျင်းနဲ့စုဖွဲ့လာကြပြီး အမေရိကမှာ ခိုလှုံခွင့် တောင်းခံဖို့ဆိုတဲ့ စိတ်ကူးနဲ့ အမေရိကန်နယ်စပ်အထိရောက်အောင် လျှောက်လှမ်းလာကြတဲ့ သတင်းပါပဲ။

### အမေရိကန်သမ္မတရဲ့ကတိ

လူအစုလိုက်အဝေးလိုက် ရွှေ့ပြောင်းလာတဲ့အတွက် ဒီလူတွေကိုရပ်တန့်ဖို့ အမေရိကန်အစိုးရဟာလည်း အမျိုးမျိုးကြိုးပမ်းခဲ့ပါတယ်။ အခုအခါမှာလည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဗဟိုအမေရိက က အုံနဲ့ ကျင်းနဲ့ ရွှေ့ပြောင်းလာတဲ့ လူအုပ်ကြီးကို အမေရိကန်နယ်စပ်မှာပဲ တားဆီးနိုင်လိမ့်မယ်လို့ ကတိပြုထားပါတယ်။ လိုအပ်ရင် အမေရိကန်တပ်ဖွဲ့ အင်အားကိုအသုံးပြုတာပဲဖြစ်ဖြစ်၊ တစ်ဖက်သတ်ကျတဲ့အပြည်ပြည်ဆိုင်ရာ ဥပဒေကို ချိုးဖောက်ပြီး ဆောင်ရွက်တာပဲဖြစ်ဖြစ် ဒီလူအုပ်ကြီးကိုတားဆီးနိုင်ဖို့ အစွမ်းကုန်လုပ်ဆောင်ကောင်း လုပ်ဆောင်နိုင်ပါတယ်။ ရွှေ့ပြောင်းဒုက္ခသည်တွေအတွက်ခေါင်းခဲနေရတာ သမ္မတထရမ့်တစ်ဦးတည်း မဟုတ်ပါဘူး။

### ထောက်ခံမယ့်သူ ပိုများနိုင်

အမေရိကန်သမ္မတ ထရမ့်ဟာ ရာသီဥတုသဘောတူစာချုပ်က နုတ်ထွက်တာမျိုး၊ လက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်က နုတ်ထွက်တာမျိုး၊ ကုန်သွယ်မှုသဘောတူညီချက်တွေကို တစ်မျိုးပြောင်းပစ်တာမျိုး အစရှိတာတွေ လုပ်ဆောင်ခဲ့တဲ့အခါ သူ့ကို နိုင်ငံတကာက ဝိုင်းပြီးဝေဖန်ကြတာတွေရှိပါတယ်။ ဒါပေမယ့် ရွှေ့ပြောင်းဒုက္ခသည်အရေးကိုင်တွယ်မယ်ဆိုရင်တော့ သမ္မတထရမ့်ကို ဝေဖန်အပြစ်တင်မယ့်သူထက် ထောက်ခံမယ့်သူ ပိုများမှာပါ။ သူ့လိုပဲ ဒုက္ခသည်အရေးခေါင်းခဲနေရတဲ့နိုင်ငံတွေ အများကြီးပါ။ တစ်ကမ္ဘာလုံးဆိုင်ရာရွှေ့ပြောင်းဒုက္ခသည် စည်းမျဉ်းဥပဒေတွေမှာ အောက်ခြေက လိုက်စားနေတာတွေ အများကြီးပါပဲ။

### ကမ္ဘာ့နေရာအနှံ့ရင်ဆိုင်နေရတဲ့ ပြဿနာ

ဥရောပသမဂ္ဂနဲ့ ဩစတြေးလျတို့ဟာ ရွှေ့ပြောင်းဒုက္ခသည်တွေကို လက်မခံနိုင်တော့တဲ့ အကြီးမားဆုံးအုပ်စုတွေပါပဲ။ ဒီလိုပါပဲ ပီရူးနဲ့ အီကွေဒေါဟာလည်း ဗင်နီဇွဲလားက ဒုက္ခသည်တွေကိုလက်မခံနိုင်ပါဘူး။ အလားတူ တန်ဇန်းနီးယားဟာလည်း ဘူရွန်ဒီရန်တွေကို လက်မခံနိုင်တော့လို့ ပြန်လည်နှင်ထုတ်ဖို့အစွမ်းကုန်ကြိုးစားနေပါတယ်။ ဒီတော့ ကောင်းမွန်တဲ့ အနာဂတ်တစ်ခုရဖို့နေရပ်ကို စွန့်ခွာလာကြတဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေရဲ့ပြဿနာဟာ အမေရိကန်သာမက တစ်ကမ္ဘာလုံးက ရင်ဆိုင်နေရတယ်ဆိုတာ အထင်အရှားပါပဲ။

### ခိုလှုံခွင့်တောင်းခံသူရဲ့အခွင့်အရေး

လူသားချင်း စာနာထောက်ထားမှုဆိုတဲ့ ခေါင်းစဉ်အောက်က စည်းမျဉ်းဥပဒေတွေကြောင့် အချို့သောနိုင်ငံတွေဟာ ဒီပြဿနာကို ဖြေရှင်းဖို့ ထက်ရှောင်ဖယ်လိုကြတယ်။ ဒါပေမယ့် သမ္မတထရမ့်ကတော့ ဒုက္ခသည်အဖြစ် ခိုလှုံခွင့်တောင်းခံသူတွေကို တင်းကျပ်တဲ့ စည်းမျဉ်းတွေနဲ့ ဆက်ဆံနေတာဟာ ပုန်းလျှိုးကွယ်လျှိုးမဟုတ်ပါဘူး။ ပေါ်ပေါ်ထင်ထင်ပါပဲ။ တကယ်လို့များ လူတစ်ဦးဟာ တခြားနိုင်ငံတစ်ခုရဲ့နယ်စပ်ကို ရောက်ရှိလာခဲ့မယ်ဆိုရင် သူ့မှာခိုလှုံခွင့်တောင်းခံဖို့ အခွင့်အရေးရှိပါတယ်။ ခိုလှုံခွင့်တောင်းခံခြင်းခံရတဲ့ တိုင်းပြည်ဟာလည်း တောင်းဆိုသူရဲ့အချက်အလက်တွေကိုစိစစ်မယ်၊ အဲဒီလိုစိစစ်နေဆဲအချိန်မှာ ခိုလှုံခွင့်တောင်းခံသူကို မောင်းထုတ်ခွင့်မရှိပါဘူး။ မိမိရဲ့ တိုင်းပြည်အတွင်းမှာ ညှဉ်းပန်းနှိပ်စက်မှုတွေနဲ့ ကြုံတွေ့နေရလို့ ယုံကြည်ရဖွယ်ရှိရင် ဒီလိုစိစစ်တဲ့အချိန်ဟာ လနဲ့ချီပြီးလည်းကြာနိုင်သလို နှစ်နဲ့ချီပြီးလည်း ကြာနိုင်ပါတယ်။ ခိုလှုံခွင့်တောင်းခံသူဟာ ဒုက္ခသည်သတ်မှတ်ချက်နဲ့ကိုက်ညီမယ်ဆိုရင် ခိုလှုံရာ နေရာတွေမှာနေထိုင်ခွင့်ရမှာဖြစ်ပြီး ဒီလိုမှ သက်သေမပြနိုင်ရင်တော့ နေရပ်ကိုပြန်ပို့ခံရမှာပါပဲ။

### ဒုက္ခသည်အကာအကွယ်ပေးရေး ဘာကြောင့် ဥပဒေချမှတ်ခဲ့တာလဲ

ဒီအခွင့်အရေးတွေဟာ ဒုတိယကမ္ဘာစစ်ပြီးကတည်းက သတ်မှတ်ထားတဲ့ အချက်တွေဖြစ်ပြီး ဒီသတ်မှတ်ချက်ကြောင့်လည်းဥရောပမှ ဒုက္ခသည်တွေ အစုလိုက်အပြုံလိုက်ရောက်ရှိကုန်ပါတယ်။ ဒုက္ခသည်တွေအပေါ်အကာအကွယ်ပေးရေးဥပဒေတွေဟာ အနာဂတ်မှာဖြစ်ပေါ်လာမယ့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပဋိပက္ခတွေအတွက် တည်ငြိမ်မှုနဲ့ အခြေခံအခွင့်အရေးတွေ ရရှိဖို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့တာပါ။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီတွေကဂျူးတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်နေစဉ်က ဂျူးတွေကိုအမေရိကန်အပါအဝင် အခြားသော တိုင်းပြည်တွေက ခိုလှုံခွင့်မပေးခဲ့တဲ့အတွက် ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်ဆိုးကြုံတွေ့ခဲ့ရပါတယ်။ ဒီလို ဖြစ်ရပ်မျိုး နောက်တစ်ကြိမ်မဖြစ်စေရဘူးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီလိုဒုက္ခသည်အကာအကွယ်ပေးရေး စည်းမျဉ်းဥပဒေတွေ ချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။

### အမေရိကန်က လျစ်လျူရှုလို့ မရ

ဒုက္ခသည်အခွင့်အရေးအတွက် သဘောတူညီချက်ကို အပြည်ပြည်ဆိုင်ရာဥပဒေအဖြစ် လေးစားလိုက်နာခဲ့ပြီး ၁၉၅၁ ခုနှစ်မှာတစ်ကြိမ်၊ ၁၉၆၇ ခုနှစ်မှာတစ်ကြိမ် တစ်ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်အဖြစ် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ တိုင်းပြည်အားလုံးပါဝင်တယ်လို့တော့ မဟုတ်ပါဘူး။ အမေရိကန်ပြည်ထောင်စုဟာ ၁၉၆၇ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့ပြီး အရှေ့အလယ်ပိုင်းတိုင်းပြည်အချို့နဲ့ အာရှတိုင်းပြည်အချို့ကတော့ လက်မှတ်ရေးထိုးခြင်းမရှိပါဘူး။ ဒုက္ခသည်အရေးနဲ့ပတ်သက်ပြီး တချို့သော တိုင်းပြည်တွေဟာ ပြည်တွင်းကဥပဒေတွေမှာပါ ထည့်သွင်းရေးဆွဲတာမျိုးတွေ ပြုလုပ်ခဲ့ကြပါတယ်။ အဲဒီ အထဲမှာ အမေရိကန်လည်း အပါအဝင်ပါပဲ။ ဒီတော့အမေရိကန်သမ္မတ ထရမ့်အနေနဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေကို လျစ်လျူရှုထားလို့ မရပါဘူး။

> “ဒုတိယကမ္ဘာစစ်အတွင်း နာဇီတွေကဂျူးတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်နေစဉ်က ဂျူးတွေကို အမေရိကန်အပါအဝင် အခြားသော တိုင်းပြည်တွေက ခိုလှုံခွင့်မပေးခဲ့တဲ့အတွက် ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်ဆိုးကြုံတွေ့ခဲ့ရပါတယ်။ ဒီလိုဖြစ်ရပ်မျိုး နောက်တစ်ကြိမ်မဖြစ်စေရဘူးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီလို ဒုက္ခသည်အကာအကွယ်ပေးရေး စည်းမျဉ်းဥပဒေတွေ ချမှတ်ခဲ့ခြင်းဖြစ်”

### ဒုက္ခသည်များအခြေစိုက်ရာ စခန်းကြီးတွေအဖြစ် ဖန်တီးပေးထား

အခုအချိန်မှာတော့အမေရိကန်သမ္မတဟာ အမေရိကန်တောင်ပိုင်းနယ်စပ်ကို ဒုက္ခသည်တွေ အုံနဲ့ကျင်းနဲ့ရောက်မလာဖို့ရာ နယ်စပ်မှာထောင်ပေါင်းများစွာသောတပ်ဖွဲ့ဝင်တွေကို တပ်ဖြန့်ချထားပါတယ်။ အလားတူ ဥရောပသမဂ္ဂဟာ ဆီးရီးယားက ဒုက္ခသည်တွေ တိုင်းပြည်အတွင်း လက်ခံမထားရအောင် ဂျော်ဒန်၊ တူရကီ၊ လက်ဘနွန်နိုင်ငံတို့မှာ ဒုက္ခသည်များအခြေစိုက်ရာ စခန်းကြီးတွေအဖြစ် ဖန်တီးပေးထားပါတယ်။ ဒါမှသာ ဥရောပကို ဝင်ရောက်လာမယ့် ဆီးရီးယားဒုက္ခသည်အရေအတွက်ကို ထိန်းချုပ်နိုင်မှာပါ။ ရွှေ့ပြောင်းဒုက္ခသည်တွေ အုံနဲ့ကျင်းနဲ့ ထွက်ပေါ်လာတာဟာဆိုရင် သူတို့ကိုလက်ခံပေးမယ့်နိုင်ငံအတွက် ထိခိုက်သလို ဒုက္ခသည်တွေ ကိုယ်တိုင်လည်းထိခိုက်ခံစားရပါတယ်။ ဥရောပက ဒုက္ခသည်အရေးကြောင့် နိုင်ငံရေးအကျိုးဆက်တွေ ဘာတွေဆက်ဖြစ်လာသလဲ ဆိုတာဟာလည်း အားလုံးမြင်တွေ့နေရပါတယ်။

### ရွှေ့ပြောင်းဒုက္ခသည် ပြဿနာဟာ ပိုပိုပြီးဆိုးလာ

အနာဂတ်ကို မျှော်မှန်းကြည့်မယ်ဆိုရင် တိုင်းပြည်အတွင်း မငြိမ်မသက်မှုတွေကြောင့် ရွှေ့ပြောင်းသွားလာရတဲ့ ဒုက္ခသည်တွေရှိသလို ကမ္ဘာ့ရာသီဥတုအခြေအနေ ဖောက်ပြန်ပြောင်းလဲခြင်းကြောင့် နေရပ်စွန့်ခွာလာရတဲ့လူတွေလည်း ပေါ်ပေါက်လာနိုင်တယ်လို့ သိပ္ပံပညာရှင်တွေက ကြိုတင်မှန်းမျှော်ထားပါတယ်။ ဒီလိုအတိုင်းသာဆို ရွှေ့ပြောင်းဒုက္ခသည်ပြဿနာဟာ ပိုပိုပြီးဆိုးလာဦးမှာပါပဲ။ ခိုလှုံသူအခွင့်အရေးတောင်းခံချက်တွေဟာ ၁၉၉၀ အလွန်မှာ တဖြည်းဖြည်းကျဆင်းလာခဲ့ပါတယ်။အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၊ ရုရှားသမ္မတ ဗလာဒီမာပူတင် ၊ ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအိုဗန်တို့လက်ထက်မှာ ခိုလှုံသူတွေရဲ့အခွင့်အရေးဟာ တိုးတက်လာမယ်လို့ခန့်မှန်းဖို့တော့ အလွန်ခက်ပါတယ်။ လက်ရှိမှာ သမ္မတထရမ့်အနေနဲ့ဗဟိုအမေရိက ရွှေ့ပြောင်းဒုက္ခသည်တွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာကတော့ တစ်ကမ္ဘာလုံးက စိတ်ဝင်စားနေတဲ့ အကြောင်းအရာဖြစ်လာခဲ့ပါတယ်။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

# မြန်အောင်မြို့နယ်၌ အင်ပင်မြို့ဖွင့်ပွဲအခမ်းအနားကျင်းပ

မြန်အောင် နိုဝင်ဘာ ၄

**ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အင်ပင်ဒေသအား အင်ပင်မြို့အဖြစ် ဖွင့်လှစ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၄ ရက် နံနက်က ကျင်းပခဲ့သည်။**

ရှေးဦးစွာ မြို့မှုခ်ဦးတွင် ဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုအောင်၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းနှင့် မြို့မိမြို့ဖတစ်ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် အင်ပင် အ.ထ.က အောင်သပြေခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းတို့က ဝမ်းမြောက်စကားများ ပြောကြားကြသည်။ ယင်းနောက် အင်ပင် မြို့မိမြို့ဖတစ်ဦးဖြစ်သော ဦးသန်းဌေးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အင်ပင်ဒေသသည် ခေတ်စနစ်နှင့်အညီ မြို့အင်္ဂါ ၂၀ ရပ်ဖြင့် ပြည့်စုံသောကြောင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာ ၁၁၉၃/၂၀၁၈ ဖြင့် အင်ပင်မြို့အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(အင်ပင်)**



# စစ်ကိုင်းခရိုင် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံး ဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**စစ်ကိုင်း နိုဝင်ဘာ ၅**

စစ်ကိုင်းမြို့ ရတနာစေတီ ဆင်များရှင် စေတီတော်ဝင်းအတွင်းရှိ စစ်ကိုင်းခရိုင် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းရုံးဖွင့်ပွဲကို နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖအဖွဲ့စသည့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

စစ်ကိုင်းခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း မုခ်ဦးကို တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ ဥပဒေချုပ် ဦးခင်မောင်လှ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

“စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ဆားတောင်မှာ အသေးစား အလတ်စားလုပ်ငန်းတွေ အများကြီး ရှိပါတယ်။ ဒီလိုအသင်းဖွဲ့လိုက်ခြင်းအားဖြင့် အကျိုးရှိမယ့် လုပ်ငန်းတွေ ချိတ်ဆက်ပြီး လုပ်လို့ရလာမယ်။ နည်းပညာလည်း နိုင်ငံတကာနဲ့ချိတ်ဆက်ပြီး လုပ်လို့ရလာမယ်။လက်ရှိ စစ်ကိုင်းမှာ အသေးစား၊ အလတ်စားလုပ်ငန်းတွေ အများကြီးရှိပါတယ်။ ပိုးထည်၊ ကြိမ်၊ ဂီတာ၊ ငွေထည်၊ ကြေးထည်၊ ကျောက်စိမ်းပုတီး၊ စိန်တလုံး သရက်တွေကို မန္တလေးကတစ်ဆင့် ပြည်ပကို တင်ပို့နေပါတယ်။ အသေးစား အလတ်စားလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးလာစေဖို့ ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်”ဟု ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ဆန်းက ပြောသည်။

**ကိုမင်း(အင်းတော်)**

# ဖြူးမြို့နယ်အတွင်းရှိ တပ်မတော်စွန့်လွှတ်မြေများအား မူလတောင်သူများထံသို့ ပေးအပ်

**ဖြူး နိုဝင်ဘာ ၅**

တောင်ငူခရိုင် ဖြူးမြို့နယ် စည်ပင်သာယာခန်းမ၌ နိုဝင်ဘာ ၂ ရက်က တပ်မတော်မှ ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေများအား မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူတို့၏ အဓိကလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖော်ဆောင်နေသည့် လုပ်ငန်းစဉ်များတွင် ယခုလို ပြန်လည်စွန့်လွှတ်သည့် တောင်သူများ၏ မူလစိုက်ပျိုးမြေများကို ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ရစေရန် ဆောင်ရွက်ပေးနေမှုမှာလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း ပြန်လည်ရှိလာသည့် စိုက်ပျိုးမြေများကို အကျိုးရှိရှိ ဆောင်ရွက်ကြစေလိုကြောင်းနှင့် ယခုထုတ်ပေးခဲ့သည့် ယာယီလုပ်ပိုင်ခွင့် ပုံစံ(၃)မှသည် တောင်သူတစ်ဦးချင်းအား လယ်ယာမြေ ဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ရရှိရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ဆက်လက်ဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းညွန့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းတို့က ဖြူးမြို့နယ်နယ်မြေခံတပ်မှ စွန့်လွှတ်သည့် လယ်မြေ ဧက ၈၀ အား တောင်သူ ၁၉ ဦးသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၃) လွှဲပြောင်းပေးအပ်ခဲ့ပြီး တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ဖြူး(ပြန်/ဆက်)**



# သံလွင်မြစ်တစ်ဖက်ကမ်းရှိ ကမမောင်းမြို့ကို ၂၄ နာရီ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပြီးစီး

**ဘားအံ နိုဝင်ဘာ ၅**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့တွင် ဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်သောကြောင့် ၃၃ ကေဗွီဓာတ်အားလိုင်း ၁၆ မိုင်နှင့် ၃၃/၁၁ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက်က ကမမောင်းမြို့ ဓာတ်အားခွဲရုံ၌ ပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်က မီးလင်းရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဓာတ်အားလိုင်းနှင့် ခွဲရုံအား အောင်မြင်စွာ ဆောင်ရွက်ပေးသော Htoo Myat Myanmar ကုမ္ပဏီလီမိတက်သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ မန်နေဂျင်း ဒါရိုက်တာ ဒေါ်မာမာခင်က လက်ခံယူခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဓာတ်အားလိုင်းနှင့် ခွဲရုံဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး၊ Htoo Myat Myanmar ကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ကမမောင်းမြို့သည် ယခင်က လျှပ်စစ်ဓာတ်အားကို တစ်ညလျှင် သုံးနာရီ ဒီဇယ်အင်ဂျင်မီးစက်ဖြင့် မြို့ပေါ်ရပ်ကွက်များတွင်သာ အလှည့်ကျ ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ဓာတ်အားလိုင်းစနစ်ဖြင့် ၂၄ နာရီ မီးရရှိရေးအတွက် သထုံမှလာသည့်လိုင်းမှ ကုန်းလမ်းအတိုင်း ဆွဲမည်ဆိုပါက ၃၅ မိုင် ကွာဝေးသည့်အတွက် ဗို့အားဆုံးရှုံးပြီး ဓာတ်အားပြည့်ဝစွာ မရရှိနိုင်ခြင်းတို့ကြောင့် တစ်ဖက်ကမ်းနီမှ တစ်ဆင့် သံလွင်မြစ်ကိုဖြတ်၍ မြစ်ကျော်တာဝါတိုင်များဖြင့် ဓာတ်အားလိုင်း ၁၆ မိုင် ဆွဲယူခဲ့ခြင်း ဖြစ်ကြောင်း၊ ကမမောင်း ၃၃/၁၁ ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လျာထားဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘတ်ဂျက်တွင်လည်း အနီးရှိ ကျေးရွာ ၁၆ ရွာ မီးရရှိရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီးထံမှ သိရသည်။

အဆိုပါ ကမမောင်းမြို့ ဓာတ်အားလိုင်းဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးတွင် သထုံ-ဘားအံ ၆၆ ကေဗွီ ဓာတ်အားလိုင်းမှ လှိုင်းဘွဲ့မြို့နယ် ၂၀ အမ်ဗွီအေ ဒိုင်းပြ ဓာတ်အားခွဲရုံမှတစ်ဆင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း ကြိုး ၂၅ မိုင် သွယ်တန်းကာမြိုင်ကြီးငူ အထူး ဒေသတွင် ၃၃/၁၁ ကေဗွီအေ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ လည်းကောင်း၊ မြိုင်ကြီးငူ- ကမ်းနီမှ တစ်ဆင့် သံလွင်မြစ်ကိုဖြတ်၍ ကမမောင်းမြို့သို့ သွယ်တန်းရယူကာ မြို့ပေါ်လေး ရပ်ကွက်နှင့် အနီးဝန်းကျင် ကျေးရွာများ လျှပ်စစ်မီးရရှိမည်ဖြစ်ကြောင်း သိရသည်။

ကမမောင်းဒေသ လျှပ်စစ်မီးရရှိသောကြောင့် အသေးစားစက်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုအဆင်ပြေလာမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ မီးအလင်းရောင်ဖြင့်စာကျက်နိုင်မည် ဖြစ်ကြောင်း၊ ထင်း၊ မီးသွေးသုံးစွဲရမှု နည်းလာခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျော့နည်းသွားမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## သန့်ရှင်းသောလက် ဆေးတစ်ခွက် (၁)

လူတို့၏လက်တွင် ရောဂါပိုးများနှင့်အညစ်အကြေးများ အချိန်မရွေး ကပ်ငြိနေနိုင်ပါသည်။

ထိုသို့ ရောဂါပိုးများ ကပ်ငြိနေသောကြောင့် -

- ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ
- အသည်းရောင်အသားဝါရောဂါ
- ပိုလီယိုရောဂါ
- သန်ကောင်ရောဂါများ
- အရေပြား သန့်ရှင်းမှုမရှိသောကြောင့် ဝဲ၊ ဒက်၊ ယားနာ၊ ပြည်တည်နာများ ဖြစ်ပွားတတ်ပါသည်။

သို့ဖြစ်ပါ၍ အစာမစားမီတိုင်း၊ အစားအစာပြင်ဆင်ချိန်တိုင်း၊ အိမ်သာတက်ပြီးတိုင်း၊ အညစ်အကြေးနှင့် အမှိုက်သရိုက်များ ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင် ဆေးကြောကြပါရန် တိုက်တွန်းအပ်ပါသည်။

## သန့်ရှင်းသောလက် ဆေးတစ်ခွက် (၂)

လူတို့၏လက်တွင် ရောဂါပိုးများနှင့် အညစ်အကြေးများ အချိန်မရွေး ကပ်ငြိနေနိုင်ပါသဖြင့် လက်ကို စင်ကြယ်စွာဆေးကြောရန် လိုအပ်ပါသည်။

လက်ဆေးနည်း

- လက်ကိုရေအရင်လောင်း၍ဆေးပါ
- ဆပ်ပြာဖြင့်သေချာစွာပွတ်တိုက်ပါ
- လက်သည်းကြားထဲသို့လည်း ဆပ်ပြာဝင်ရောက်အောင်ပွတ်တိုက်ပါ
- သန့်ရှင်းသောရေဖြင့် လက်ကိုဆေးပါ
- ဆပ်ပြာမရှိလျှင် သဲဆပ်ပြာ၊ ပြာ၊ ပြာရည်၊ ကင်ပွန်းသီးရည်၊ တရော်ရည် စသည်တို့ကို အသုံးပြုနိုင်သည်။

လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းသည် အလွယ်ကူဆုံးနှင့် စရိတ်အသက်သာဆုံး ကြိုတင်ကာကွယ်ခြင်းနည်းလမ်းဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရေစကြိုမြို့နယ်မှ ကျေးရွာအချို့တွင် ကြက်သွန်အစား ဈေးကွက်ခိုင်မာသည့် သစ္စာပန်းကို ပြောင်းလဲစိုက်ပျိုးလာ



**ရေစကြို  နိုဝင်ဘာ ၅**

ယခုနှစ်အတွင်း ရေစကြိုမြို့နယ်အတွင်းရှိ ဇီးကုန်းကျွန်းကျေးရွာနှင့် အနီးတစ်ဝိုက်မှ ကျေးရွာများတွင် ဈေးကွက်မတည်ငြိမ်သည့် ကြက်သွန်နီအစား ဈေးကွက်တည်ငြိမ်သည့် သစ္စာပန်းပင်များကို ပြောင်းလဲစိုက်ပျိုးလျက် ရှိသည်ဟု သိရသည်။

ကြက်သွန်အစား သစ္စာပန်းပြောင်းလဲ စိုက်ပျိုးလာသည့် အကြောင်းရင်းကို သစ္စာပန်းစိုက် တောင်သူဦးလှသောင်းက "ကြက်သွန်နဲ့ကွာခြားချက်က ဘာရှိသလဲဆိုရင် ကြက်သွန်က ရောဂါပိုးဝင်တယ်။ ကြက်သွန်နီ ပိုးမွှားဝင်ရင် ကုရအတော်ခက်ခဲတယ်။ ကုလို့မနိုင်တဲ့ အဆင့်မျိုးတွေရှိတယ်။ သစ္စာပန်းက အဲဒီလိုမဟုတ်ဘူး။ ရောဂါပိုး ရံဖန်ရံခါ ဝင်တယ်။ ဒါပေမယ့် ကုလို့ရတယ်။ ပိုးမွှားဝင်တော့ ဝင်တယ်။ ကုလို့ရတယ်။ ကြက်သွန်နီလောက်လည်း မကုရဘူး။ အဲဒီလို အားသာချက်တွေရှိတော့ သစ္စာပန်းကို စိုက်ဖြစ်တယ်။ ချင်းတွင်းမြစ်ရေကျချိန်တွေမှာ စိုက်ကြတယ် " ဟု ပြောသည်။

ရေစကြိုမြို့နယ်အတွင်း ကျေးရွာများမှ သစ္စာပန်းစိုက်တောင်သူများသည် ၎င်းတို့စိုက်ခင်းထွက် သစ္စာပန်းများကို မန္တလေးမြို့၊ ပခုက္ကူမြို့၊ မုံရွာမြို့ စသည့် မြို့ကြီးများသို့ အဓိက တင်ပို့ရောင်းချကြကြောင်း သိရသည်။

"ဆောင်းရာသီမနက်စောစော နှင်းတအားကျချိန်ဆိုရင် နှင်းလေးနည်းနည်းကွဲတာနဲ့ ထွက်ရိတ်ရတယ်။ ရိတ်ပြီးရင် တစ်ခါတည်း တန်းပြီးအစည်းစည်းတယ်၊ အဲဒီပန်းစည်းတွေကို အချိန်နဲ့တစ်ပြေးညီ မန္တလေးကို ရောက်အောင်ပို့ရတယ်။ ဒီနေ့ခုတ် ဒီနေ့ရောက်တယ်။ သူတို့ကလည်း ဦးတို့ဆီက ရောက်တာနဲ့ တန်းပြီး တောင်ကြီး၊ ရန်ကုန်ဘက်ကို တင်တယ်" ဟု ဇီးကုန်းကျွန်းမှ သစ္စာပန်းစိုက်တောင်သူတစ်ဦးက ပြောသည်။

သစ္စာပန်းသည် ဈေးကွက် အခိုင်အမာ ရှိနေသဖြင့် စိုက်ပျိုးသူ များလာရခြင်းဖြစ်ကြောင်း သိရသည်။ သစ္စာပန်းတစ်တိုင်လျှင် ငွေကျပ် ၃၀ ခန့် မှ ၁၀၀ ဝန်းကျင်အထိ ရလေ့ရှိသည်ဟု သိရသည်။ "တစ်တိုင်ကို ငွေကျပ် ၈၀၊ ၉၀ ကျွန်တော်တို့ ရောင်းရရင် အဆင်ပြေတယ်။ ငွေကျပ် ၃၀ လောက် ဆိုရင်တော့ ကြက်သွန်နီလို ပစ်စလက်ခတ် မဟုတ်သေးဘူး။ တစ်ကေကို အပင်ရေ ရှစ်သောင်းကနေ တစ်သိန်းလောက်ထိ ဆံ့တယ်။ အဲဒီလိုဆိုတော့ အပင်ရေရှစ်သောင်းနဲ့ပဲတွက်ဦး ငွေကျပ် ၂၄ သိန်းလောက်ရထားရင် သူက အမြတ်အစွန်း အများကြီး မဟုတ်တောင်မှ မဆိုးသေးဘူး။ ပန်းတစ်တိုင်ကို ငွေကျပ် ၁၀၀ ဆိုရင်တော့ မြတ်ပြီပေါ့။ ဒါဆိုရင် ငွေကျပ်သိန်း ၈၀ လောက်ရပြီ" ဟု သစ္စာပန်းစိုက် တောင်သူတစ်ဦးက ပြောသည်။

သစ္စာပန်းမျိုးဥ တစ်တင်းလျှင် ငွေကျပ် ခုနစ်သောင်းခွဲ၊ ရှစ်သောင်းဝယ်ရကြောင်း သိရသည်။ မျိုးဥတစ်တင်းလျှင် ဥသေးအရေအတွက် တစ်သောင်းဝန်းကျင်ပါရှိသည်ဟု သိရသည်။

စိုက်ပျိုးမြေ တစ်ကေလျှင် အပင်ရေ ရှစ်သောင်းမှ တစ်သိန်းလောက်အထိ ဝင်ဆံ့ကြောင်း သိရသည်။ ပထမဆုံး စတင်စိုက်ပျိုးသော တောင်သူများအနေဖြင့် မျိုးဥဝယ်ကြရခြင်းဖြစ်ပြီး တစ်ကြိမ်စိုက်ပျိုးပြီးပါက မျိုးဥမှာ ပွားများလာသည့်အတွက် မျိုးဥထပ်မံဝယ်ယူရန်မလိုဘဲ နောက်တစ်နှစ် သစ္စာပန်းစိုက်ပျိုးချိန်တွင် ယခင်နှစ်မှ ရရှိထားသည့် သစ္စာပန်းဥများကို ပြန်လည်စိုက်ပျိုးနိုင်သဖြင့် မျိုးဥဖိုး ကုန်ကျငွေသက်သာကြောင်း သိရသည်။

"တော်သလင်းလ တစ်ကြိမ်၊ နတ်တော်လ တစ်ကြိမ် စိုက်ရတယ်။ စိုက်ပြီးနှစ်လပြည့်ရင် ပန်းတိုင်မြင်ရတယ်။ တစ်လလောက်က ပန်းခူးတဲ့ရာသီ၊ ပန်းနာမည်ကလည်း သစ္စာပန်းဆိုသလို သူကလည်း သစ္စာရှိရှိ လုပ်ရတဲ့ သဘောမျိုးဆောင်တယ်။ သစ္စာပန်းဥက မြေကြီးထဲ အပင်စစိုက်ပြီး ခြောက်လပြည့်မှ ဖော်ရတယ်။ စစိုက်ပြီး သုံးလရှိရင် ပန်းခူးစရာ ကုန်သွားပြီ ဆိုပေမယ့် ဥကိုတော့ ဒီအတိုင်းထားရတယ် ခြောက်လပြည့်မှ ဖော်ရတယ် "ဟု သစ္စာပန်းစိုက်တောင်သူတစ်ဦးက ပန်းဥဖော်ရပုံကို ပြောသည်။ သစ္စာပန်းတစ်ပင်ကို ပန်းအတိုင်တစ်တိုင် ထွက်ကြောင်း သိရသည်။

သစ္စာပန်းဥကို စတင်စိုက်ပြီး နှစ်လခန့်ရှိလျှင် ပန်းစတင်ပွင့်လေ့ရှိကြောင်း၊ သစ္စာပန်းသည် ကြက်သွန်နီထက် ဈေးကွက်တည်ငြိမ်ခြင်းကြောင့် သစ္စာပန်းပင်များကို ပြောင်းလဲစိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# ဖလမ်းမြို့၌ စာစီစာကုံး၊ ကဗျာနှင့် ဝတ္ထုတိုရေးသားနည်းကို ကျောင်းသား ကျောင်းသူများအား အခမဲ့ သင်ကြားပေး

**ဖလမ်း  နိုဝင်ဘာ ၅**

Ninu(နေနူး) အဖွဲ့အစည်း ဦးဆောင်မှုဖြင့် စာစီစာကုံး၊ ကဗျာနှင့် ဝတ္ထုတိုရေးသားနည်းကို နိုဝင်ဘာ ၃ ရက်က ဖလမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ အခမဲ့သင်ကြားပေးခဲ့သည်ဟု သိရသည်။

"Ninu (နေနူး) အဖွဲ့အစည်းက ဦးဆောင်ကျင်းပပြီးတော့ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း တက်နေကြတဲ့ ကျောင်းသား ကျောင်းသူ ၆၃ ဦးကို စာစီစာကုံး၊ ကဗျာနှင့် ဝတ္ထုတို ရေးနည်းလေးကို ပြောပြပေးတာ ဖြစ်ပါတယ်။ အဓိကအားဖြင့် ရသစာပေဘက်ပိုင်းကို ကျွန်တော်တို့ရဲ့ လူမှုအသိုင်းအဝိုင်းမှာ ဒီထက်ပိုပြီး စိမ့်ဝင်ပျံ့နှံ့လာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပတာ ဖြစ်ပါတယ်။ ဒီနေ့မှာ အဲဒီလို စာရေးသားနည်းတွေကို သင်ကြားပေးပြီးတဲ့ အချိန်မှာ ကျောင်းသား ကျောင်းသူတွေကို စာမူရေးဖို့ အချိန်ပေးပြီးတော့ သူတို့ ရေးလာတဲ့ စာစီစာကုံး၊ ကဗျာနဲ့ ဝတ္ထုတိုစာမူတွေကို ဒီဇင်ဘာ ၃ ရက် နောက်ဆုံးထားပြီး Ninu အဖွဲ့ဆီကို ပြန်အပ်ရမှာ ဖြစ်ပါတယ်။ စာမူရဲ့ အရည်အသွေးပေါ် မူတည်ပြီး ထိုက်တန်တဲ့ ဆုတွေကိုလည်း ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ စိတ်အားထက်သန်လာအောင် သူတို့ရေးသားတဲ့အထဲမှာ ကောင်းတဲ့စာမူတွေကို စာအုပ်နဲ့ ပြန်ထုတ်ပေးမှာ ဖြစ်ပါတယ်"ဟု သင်တန်းဆရာ ဆလိုင်းငယ်ပီးက ပြောသည်။

စာစီစာကုံး၊ ကဗျာနှင့် ဝတ္ထုတို ရေးသားနည်းကို ဆလိုင်းငယ်ပီးနှင့် လာလ်ရိန္ဒန်းနာတို့က ကျောင်းသား ကျောင်းသူများကို သင်ကြားပေးကြောင်းနှင့် စာရေးသားနည်း သင်ကြားပေးပြီးနောက် တက်ရောက်လာသူများက စာမူရေးသားပြီး Ninu အဖွဲ့အစည်းက ဆုများပြန်လည်ချီးမြှင့်သွားမည်ဖြစ်ကြောင်း Ninu အဖွဲ့ခေါင်းဆောင် မိုင်လဲင်နိုင်ကျဲရ်ထံမှ သိရသည်။

**ဂျွန်**

## ၂၀၁၈ ခုနှစ် ကျောက်မျက်ရိုင်းများနှင့်ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော်  နိုဝင်ဘာ ၅**

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် နိုဝင်ဘာ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပါသည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ အနေဖြင့် အဆိုပါရောင်းချပွဲသို့ နေ့စဉ်အခမဲ့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး အရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ နိုဝင်ဘာ ၁၇ ရက်နေ့ ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် နိုဝင်ဘာလ ၈ ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ပုံစံ ဖြည့်စွက်ကာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပါသည်။ သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဖုန်း ၀၆၇ - ၄၁၂၁၂၅၊ ၄၁၂၁၂၆ သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာငွေကျပ်ဖြင့် ရောင်းချပွဲ၊ စီမံရေးရာလုပ်ငန်းကော်မတီ၊ ဖုန်း ၀၆၇- ၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

## မက်မန်း အထကတွင် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး ဟောပြော

**မက်မန်း  နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း မော်ဖဒေသ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၃ ရက် က အစီအစဉ်ငါးရပ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများအင်အား ၂၀၀ ခန့် တက်ရောက်ကြပြီး "ကျောင်းသားလူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်" အကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ခင်မိုးဆွေက အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်နှင့် ဆိုးကျိုးများကို ဟောပြောပေးခဲ့သည်ဟု သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၁၁-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၀/၁၀၉၀ ကျပ် | ၁၁၀၀/၁၁၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၀၉၅ ကျပ် | ၁၁၁၅/၁၁၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၉၇၀/၁၀၂၅ ကျပ် | ၁၀၅၀/၁၀၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၆၀/၁၀၇၅ ကျပ် | ၁၁၁၀/၁၁၄၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၃ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၉ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၃၄ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၂ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၂၅ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ . ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ . ၆၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ . ၅၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ . ၆၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ . ၆၅၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# မင်းဘူး ဦးသြဘာသနှင့် ဓာတ်တော်ကုန်း

မောင်သာ (ရှေးဟောင်းသုတေသန)

**မြေလတ်ဒေသ၊ ဧရာဝတီမြစ်ကမ်း၏ အနောက်ဘက်ကမ်းတွင် တည်ရှိနေသည့် မင်းဘူးမြို့သည် စက္ကိန်းတဲစေတီတော်၊ မင်းဘူးရေနံမြေ၊ နဂါးပွက်တောင်တို့နှင့် အထူးထင်ရှားကျော်ကြားသကဲ့သို့ မင်းဘူးမြို့ကို ဇာတ်ကြီး ၁၀ ဘွဲ့အနက် ရှစ်ဘွဲ့ကို ရေးသားပြုစုခဲ့သော ဆရာတော် ဦးသြဘာသနှင့် ယှဉ်တွဲသိရှိကြသည်။**

ဆရာတော် ဦးသြဘာသသည် မင်းဘူးမြို့ ဓာတ်တော်ကုန်းပေါ်ရှိ ကျောင်းတိုက်တွင် သီတင်းသုံးလျက် ဇာတ်တော်ကြီးများကို ရေးသားခဲ့ရာ ယင်းကျောင်းတိုက်သည် ဓာတ်တော်ကုန်းတွင် ယနေ့တိုင်တည်ရှိနေသည်။ မင်းဘူးမြို့ရှိ ဓာတ်တော်ကုန်းသည် နှစ်ကာလရှည်ကြာလာချိန်တွင် ချုံနွယ်များဖြင့် ဖုံးအုပ်လာခဲ့သဖြင့် ၂၀၀၈ ခုနှစ်မှ စတင်၍ ဓာတ်တော်ကုန်း ပြုပြင်ထိန်းသိမ်းမွမ်းမံမှု လုပ်ငန်းများကို ရန်ကုန်မြို့မှ လယ်တီကမ္မဋ္ဌာနာစရိယ ဆရာကြီးဦးသိန်းဟန် ဦးစီးလျက် ဂေါပကအဖွဲ့ အဆက်ဆက်က ဆောင်ရွက်ခဲ့ကြသည်။

ဓာတ်တော်ကုန်းကို ပြုပြင်မွမ်းမံခဲ့ပြီးနောက် ရှင်ပင်ချမ်းသာဘုရားကြီးတွင် ဆရာကြီး ဦးသိန်းဟန်၊ ဒေါ်မူမူဟန်နှင့် အလှူရှင်များက သံဃသာမဂ္ဂီ ဝိသုံရာမ သိမ်ဓမ္မာရုံကြီးကို ဆောက်လုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၃ ရက်တွင် ရေစက်ချလှူဒါန်းခဲ့ရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

### သမိုင်းထဲမှ မင်းဘူး(စကု)

မင်းဘူးမြို့နှင့် စကုမြို့ကို ပူးပေါင်းကာ မင်းဘူး(စကု) ဟု တရားဝင်ခေါ်ဆိုသည့် မင်းဘူးမြို့ တည်နေရာသည် အနောက်ရိုးမတွင် မြစ်ဖျားခံကာ စီးဆင်းလာသည့် မန်းချောင်းနှင့် ဧရာဝတီမြစ်တို့ ပူးပေါင်းသည့်နေရာဖြစ်သည်။ ထို့ကြောင့် မင်းဘူးဟူသည့် အမည်သည် မန်းပူး၊ မင်းပူးမှ ပြောင်းလဲလာခဲ့သည်ဟု ဆိုကြသည်။ အချို့ကလည်း မမင်းပူး ဘုရားကို အစွဲပြု၍ မင်းဘူးဟု အမည်တွင်ခဲ့သည်ဟု ဆိုသည်။

ဆရာတော် မင်းဘူးဦးသြဘာသ၏ တေမိယဇာတ်တော် နိဂုံးအရ မင်းဘူးမြို့နေရာသည် မိုးညှင်းမင်းတရားနှင့် ရှင်ဘို့မယ်တို့ ပေါင်းဆုံပူးပေါင်းခဲ့သည့်နေရာဖြစ်သဖြင့် မင်းပူးဟု အမည်တွင်ခဲ့ကာ "မိုးညှင်းဘို့မယ်၊ မင်းနှစ်သွယ်၊ ဖူးလှယ်ဂဟေ၊ ဆုံကွန်းဓွေ"ဟု မှတ်သားအပ်ကြောင်း စာရေးဆရာ လက်ဝဲမင်းညို (ဦးချမ်းသာ)က ရေးသားခဲ့သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှတ်တမ်းတွင် ဂေါတမဘုရားရှင်လက်ထက်က ဝါဏိဇ္ဇဂါမဟု အမည်တွင်ခဲ့သည့် ယခု ပွင့်ဖြူမြို့နယ် သစ်တော်ရွာမှ ကုန်သည်ညီနောင်နှစ်ဦးအနက် မဟာပုဏ္ဏသည် ရဟန်းပြု၍ ယခုစကုမြို့ ထီးကြီးဘုရား တည်နေရာဖြစ်သည့် မာတုလာဂီရအရပ်၌ တရားအားထုတ်ခဲ့သည်ဟု ရေးသားထားသည်။ ယင်းနေရာသည် ကျေးငှက် သာရကာများ ပျော်မြူးရာနေရာဖြစ်သဖြင့် ပါဠိဘာသာဖြင့် သကုနဟု ခေါ်ဆိုခဲ့ရာမှ ကာလရွေ့လျောလာချိန်တွင် သကုစကုဟု အမည်တွင်ခဲ့သည်ဟု ဆိုပေသည်။

မှန်နန်းရာဇဝင် အပါအဝင် မြန်မာရာဇဝင်ကျမ်းများတွင် ဘီလူးမ စန္ဒမုခီက တကောင်းပြည်မှ ဖောင်နှင့် မျောလာသည့် မျက်မမြင်ညီနောင် မဟာသမ္ဘဝနှင့် စူဠသမ္ဘဝတို့၏ စက္ခုအလင်းကို စတင်ကုသသည့်နေရာသည် စကုဟု အမည်တွင်ခဲ့ကြောင်း ရေးသားကြသည်။

၁၈၈၆ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် မြို့တည်နေရာ အနေအထားကောင်းမွန်သည့် မင်းဘူးမြို့ကို ခရိုင်ရုံးစိုက်သည့် မြို့အဖြစ်သတ်မှတ်ခဲ့သည်။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၂ ခုနှစ်တွင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီခရိုင်ရုံးကို မင်းဘူးတွင် ဖွင့်လှစ်၍ မြို့နယ်ရုံးများကို စကုတွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ၁၉၇၃ ခုနှစ် မတ်လ ၃၁ ရက်တွင် မင်းဘူးမြို့နှင့် စကုမြို့တို့ကို ဖွဲ့စည်းခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် အုပ်ချုပ်ရေး စနစ်သစ်အရ ခရိုင်အဆင့်ရုံးများကို ဖျက်သိမ်းကာ စကုမှ မြို့နယ်အဆင့်ရုံးများကို မင်းဘူးသို့ ပြောင်းရွှေ့၍ မင်းဘူး(စကု)မြို့နယ်ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။ ယခုအခါတွင် မင်းဘူး(စကု)မြို့နယ်ကို မြို့နှစ်ခု၊ ရပ်ကွက်ခုနစ်ခု၊ ကျေးရွာအုပ်စု ၆၇၊ ကျေးရွာ ၁၅၀ ဖြင့် ဖွဲ့စည်းထားသည်။

မင်းဘူးမြို့နယ်သည် အရှေ့မှအနောက်သို့ ၄၆ မိုင်၊ တောင်မှ မြောက်သို့ ၄၂ မိုင် ကျယ်ဝန်းပြီး မင်းဘူးမြို့သည် ၁ ဒသမ ၇၆ စတုရန်းမိုင်၊ စကုမြို့သည် ၃ ဒသမ ၁၁ စတုရန်းမိုင်ကျယ်ဝန်းသည်။ မင်းဘူး(စကု)မြို့နယ်၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်နှင့် မကွေးမြို့နယ်၊ အနောက်ဘက်တွင် ငဖဲမြို့နယ်၊ တောင်ဘက်တွင် မင်းလှမြို့နယ်နှင့် မြောက်ဘက်တွင် ပွင့်ဖြူမြို့နယ်တို့ တည်ရှိသည်။ မင်းဘူးမြို့သည် ရန်ကုန်မြို့မှ ရေကြောင်းအတိုင်း ၃၇၆ မိုင်ကွာဝေးလျက် မကွေးမြို့နှင့် ဧရာဝတီမြစ်ခြားကာ ခါးလွယ်ခုတ် အနေအထားတွင် တည်ရှိနေသည်။ ထို့ကြောင့် မင်းဘူးမြို့မှ စက္ကိန်းတဲစေတီနှင့် မကွေးမြို့မှ မြသလွန်စေတီတို့သည် အရှေ့အနောက်တန်းလျက် မျက်နှာချင်းဆိုင် တည်ရှိနေကြသည်။



မင်းဘူး ဦးသြဘာသ ပိဋကတ်တိုက်

မင်းဘူးမြို့သည် ရခိုင်ပြည်နယ်သို့ ဝင်ပေါက်နေရာတစ်ခုဖြစ်ပြီး မင်းဘူးမြို့မှတစ်ဆင့် အမ်းတောင်ကြားကိုဖြတ်သန်းကာ ရခိုင်ပြည်နယ်သို့ သွားရောက်နိုင်ကြသည်။ ၂၀၁၇ ခုနှစ် လူဦးရေ စာရင်းအရ မင်းဘူးမြို့နယ်တွင် နေထိုင်သည့် လူဦးရေ ၁၇၉၉၈၃ ဦးဖြစ်ကာ မင်းဘူးခရိုင်ကို မင်းဘူး(စကု)၊ ငဖဲ၊ စလင်း၊ ပွင့်ဖြူနှင့် စေတုတ္တရာမြို့နယ်များဖြင့် ဖွဲ့စည်းထားသည်။

မင်းဘူးမြို့နှင့် ဆက်စပ်လျက် (မင်းဘူး) ရွှေစက်တော် ဘုရားနှင့် ကျောင်းတော်ရာတို့သည် မြန်မာနိုင်ငံတွင် အလွန်ထင်ရှားသော ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အအုံများဖြစ်ခဲ့ကြပေသည်။

### ဓာတ်တော်ကုန်း

မင်းဘူးမြို့ အနောက်လမ်းပေါ်ရှိ ၂ ဒသမ ၇၅ ဧက ကျယ်ဝန်းသည့် ဓာတ်တော်ကုန်းသည် သမိုင်းဝင်နေရာတစ်ခုဖြစ်ကာ ယခင်က စေတီပေါင်း ၁၀၀ ကျော်ရှိခဲ့သဖြင့် ဆရာတော် မင်းဘူး ဦးသြဘာသက စေတီယတောင်ဟု ခေါ်ဆိုခဲ့သည်။ လက်ရှိအချိန်တွင် ဓာတ်တော်ကုန်းပေါ်၌ မြေစိုက်စေတီ ၃၆ ဆူနှင့် အရံစေတီ ၆၄ ဆူတို့ကို ဖူးတွေ့နိုင်ကြသည်။ ယင်းစေတီတော်များအနက် တောင်မြောက်တန်းနေသည့် စေတီလေးဆူသည် မိုးညှင်းမင်းတရား၏ ကောင်းမှုတော်ချမ်းသာကြီးစေတီ၊ မိဖုရားရှင်ဘို့မယ်၏ ကောင်းမှုတော် ရွှေတန်ဆာစေတီ၊ သားတော်နော်ရထာ၏ ကောင်းမှုတော် ရွှေစေတီနှင့် တူတော်သီရိဇေယျသူ၏ ကောင်းမှုတော် ဆုတောင်းပြည့်စေတီတို့ ဖြစ်ကြသည်။

မိုးညှင်းမင်းတရားသည် မိုးညှင်းမြို့စားဘဝက ၁၄၂၇ ခုနှစ်တွင် အင်းဝဘုရင် ကလေးကျေးတောင်ညိုကို လာရောက်တိုက်ခိုက်ခဲ့ရာ ကလေးကျေးတောင်ညိုသည် မိဖုရားရှင်ဘို့မယ်ကို ခေါ်ဆောင်လျက် ရခိုင်သို့ထွက်ပြေးခဲ့စဉ် ပဲလွန်းတောင်၌ အနိစ္စရောက်ခဲ့သည်။ မိုးညှင်းမင်းတရားသည် ရှင်ဘို့မယ်ကို ရွှေစက်တော်မှ ပြန်လည်ခေါ်ယူလာခဲ့ပြီး မင်းဘူးတွင် ခရီးတစ်ထောက်နားစဉ် ယင်းစေတီများကိုတည်ခဲ့သည်ဟု ဆိုကြသည်။

မြန်မာ့သမိုင်းတွင် ဘုရင်ငါးဆက်၏ မိဖုရားဖြစ်ခဲ့သူဟု အလွန်ထင်ရှားခဲ့သည့် ရှင်ဘို့မယ်သည် ကဝိလက္ခဏာ သတ်ပုံကျမ်းတွင် စိန္တကျော်သူ ဦးသြက မင်းဆက်ငါးသွယ်၊ ရှင်ဘို့မယ်၊ နန်းလယ်တင့်သည်သာဟု ဖွဲ့ဆိုခဲ့ရသည့် မိဖုရားဖြစ်သည်။ ရှင်ဘို့မယ်သည် ခရစ်နှစ် ၁၄၀၁ ခုနှစ်မှ ၁၄၂၇ ခုနှစ်အတွင်း နန်းတက်ခဲ့ကြသည့် အင်းဝဘုရင်များဖြစ်သည့် ပထမမင်းခေါင်ကြီး၊ ဆင်ဖြူရှင်သီဟသူ၊ မင်းလှငယ်၊ ကလေးကျေးတောင်ညိုနှင့် မိုးညှင်းမင်းတရားဟူသည့် မင်းငါးပါး၏ မိဖုရားဖြစ်ခဲ့သည်။

ဘဒ္ဒန္တပညာဝံသာဘိကဝိဓဇ မဟာထေရ်ပြုစုသည့် ဓာတ်တော်ကုန်း စေတီတော်သမိုင်းတွင် မိုးညှင်းမင်းတရားကြီး (ခရစ်နှစ် ၁၄၂၇-၁၄၄၀)သည် မင်းဘူးမြို့လယ်တွင် ကျယ်ပြန့်သော မြေပြင်ကို တောင်ကုန်းပြု၍ ရှင်ပင်ချမ်းသာကြီးစေတီကို တည်ခဲ့သည်။ ယင်းစေတီတော်၏ အရှေ့မြောက်ထောင့်တွင် အမြင့်ငါးတောင်၊ အောက်ခြေလေးတောင်ပတ်လည်ရှိသည့် သာမောက်ရွှေဂူအမည်ဖြင့် ဂူတစ်ခုရှိခဲ့ရာ ယင်းဂူကို မိုးညှင်းမင်းတရားကြီး ပြုလုပ်ခဲ့သည်ဟု ယူဆကြသည်။ မြန်မာသက္ကရာဇ် ၁၂၆၃ ခုနှစ်တွင် စေတီတော်ရင်ပြင် ကျယ်ဝန်းစေရန် ယင်းဂူကို ဖြိုဖျက်ခဲ့ရာ ဂူအလယ်နှင့် ဂူနံရံလေးဖက်မှ ဖန်ဘူး၊ ကြေးသပိတ်၊ သံသပိတ်နှင့် စဉ့်ခွက်တို့ဖြင့် ထည့်ထားသည့် ဘုရားရှင်နှင့် အဂ္ဂသာဝကများ၏ ဓာတ်တော်အဆူ ၃၀၀၀၀ ကျော်ကို ရရှိခဲ့သည်။

မင်းဘူးမြို့လယ်ရှိ ယင်းကုန်းမို့သည် ဘုရားရှင်ဓာတ်တော်များရရှိခဲ့သည့်နေရာ ဖြစ်သဖြင့် ဓာတ်တော်ကုန်းဟု ထင်ရှားခဲ့သည်။ ဘုရားရှင်ဓာတ်တော်များကို ငွေကလပ်အလယ်တွင် ထည့်သွင်း၍ ဖန်အုပ်ဆောင်းအတွင်း ကိန်းဝပ်ပူဇော်ထား ရှိခဲ့သည်။ ယင်းဖန်အုပ်ဆောင်းအပေါ်၌ ရွှေစင် ၂၅ ကျပ်သားဖြင့် ပြုလုပ်ထားပြီး နဝရတ်ကိုးပါး စီခြယ်ထားသော ထီးတော်တင်ထားသည့် ရွှေစေတီကို ပူဇော်ထားရှိခဲ့ရာ ယနေ့တိုင်ဖူးမြင်နိုင်ကြပေသည်။ ရင်ပြင်ပေါ်တွင် ဓာတ်တော်များ သမိုင်းကျောက်စာကိုလည်း စိုက်ထူခဲ့သည်။

### မင်းဘူး ဦးသြဘာသ

ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ကြသည့် ဂေါတမ ဘုရားရှင်၏ ဘုရားမဖြစ်မီက ပါရမီဖြည့်ကျင့်ခဲ့သည့် ဘဝဖြစ်စဉ် ၁၀ ခု အနက် သုဝဏ္ဏသာမဇာတ်တော်နှင့် ဘူရိဒတ်ဇာတ်တော်မှလွဲ၍ ကျန်ဇာတ်တော်ရှစ်ဘွဲ့ကို မြန်မာစကားပြေဖြင့်ပြုစုခဲ့သည့် ဆရာတော် မင်းဘူးဦးသြဘာသသည် မြန်မာစာပေနယ်တွင် အလွန်ထင်ရှားခဲ့သည့် ရဟန်းစာဆိုတစ်ဦးဖြစ်သည်။ ဆရာတော်သည် နာရဒဇာတ်တော်ကို နှစ်လ၊ ဝိဓူရ ဇာတ်တော်ကို ငါးလနှင့် ကျန်ဇာတ်တော်များကို တစ်ဘွဲ့လျှင် ခုနစ်လအတွင်း မြန်မာစကားပြေဖြင့် ရေးသားပြုစုခဲ့သည်။

ဆရာတော်ဦးသြဘာသကို စကုပိုင်၊ ရပ်သာမြို့ မင်းပူးရွာ



နဂါးပွက်တောင်

အသည်ကြီးက (ခန့်မှန်း) မြန်မာသက္ကရာဇ် ၁၁၂၀ ပြည့်နှစ်တွင် ဖွားမြင်ခဲ့သည်ဟု ယူဆခဲ့ကြသည်။(အသည်ကြီးသည် ဇာတိသားဖြစ်ပြီး မင်းမှုထမ်း မဟုတ်သူကို ခေါ်ဆိုသည့်အမည် ဖြစ်သည်။) ဆရာတော်သည် ငယ်စဉ်ကပင် သာမဏေပြု၍ စာပေကျမ်းဂန်များကို လေ့လာဆည်းပူးခဲ့ဟန်ရှိကာ ဦးသြဘာသ၏ ဆရာတော်သည် မင်းပူးရွာ အရှေ့ဘက်ရှိ လေသာကျောင်းဆရာတော်ဖြစ်သည်။ လေသာကုန်းသည် ယခုဓာတ်တော်ကုန်းကို ဆရာတော် ဦးသြဘာသ လက်ထက်က ခေါ်တွင်ခဲ့သည့် အမည် ဖြစ်သည်။

မင်းဘူးမြို့ ဓာတ်တော်ကုန်းတွင် စိုက်ထူထားသော ကျောက်စာတွင် မင်းပူးဆရာတော်လောင်းလျာကို မင်းပူးရပ်သာရွာ၌ အဖ ဦးဇေယျ၊ အမိ ဒေါ်မင်းလှတို့က ကောဇာသက္ကရာဇ် ၁၁၂၀ ပြည့်နှစ် နယုန်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့သည်ဟု ရေးထိုးထားသည်။ ဆရာတော် ပျံလွန်သည့် ခုနှစ်ကို အတိအကျ မသိကြသော်လည်း ဝါတော် ၂၀ ၊ သက်တော် ၆၀၊ မြန်မာသက္ကရာဇ် ၁၁၆၀ ပြည့်နှစ်တွင် ပျံလွန်ခဲ့သည်ဟု ယူဆရကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။

ဆရာတော်လောင်းလျာသည် အသက်ခြောက်နှစ်အရွယ်တွင် လေသာကျောင်းဆရာတော်ထံတွင်ပညာသင်ယူခဲ့ကာ ၁၅ နှစ်အရွယ်တွင် ရှင်သာမဏေပြု၍ သာသနာ့ဘောင်သို့ ဝင်ခဲ့သည်။ဘွဲ့အမည်မှာ ရှင်အရိယဝံသဖြစ်သည်။

ဆရာတော် ဦးသြဘာသသည် ကျောင်းဒကာ ဦးဝနှင့် သားမောင်ထောက်၏ လျှောက်ထားချက်အရ ဇာတ်ကြီး ၁၀ ဘွဲ့အနက် ရှစ်ဘွဲ့ကို ရေးသားပြုစုခဲ့သည်။ဆရာတော်သည် ယင်းဇာတ်တော်ကြီးများကို မင်းဘူးမြို့ ဓာတ်တော်ကုန်းရှိ ကျောင်းတိုက်တွင် ရေးသားခဲ့ရာ မောင်ထောက်၏ လျှောက်ထားချက်ကြောင့် နာရဒဇာတ်တော်ကို မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ် တန်ခူးလ၊ ဝိဓူရဇာတ်တော်ကို ၁၁၄၅ ခုနှစ် ဝါခေါင်လ၊ ဝေဿန္တရာဇာတ်တော်ကို ၁၁၄၅ ခုနှစ် တပေါင်းလ၊ မဟောသဓဇာတ်တော်ကို ၁၁၄၆ ခုနှစ် တန်ဆောင်မုန်းလ၊ မဟာဇနကဇာတ်တော်ကို ၁၁၄၇ ခုနှစ် နယုန်လ၊ နေမိဇာတ်တော်ကို ၁၁၄၈ ခုနှစ် ဝါဆိုလတွင် ရေးသားပြီးစီးခဲ့သည်။

ထို့အတူ ကျောင်းဒကာ မောင်ဝ၏ လျှောက်ထားချက်အရ တေမိယဇာတ်တော်ကို ရေးသားပြုစုခဲ့ရာ ၁၁၄၈ ခုနှစ် နတ်တော်လတွင် ပြီးဆုံးခဲ့သည်။ (ဇာတ်ကြီး ၁၀ ဘွဲ့အနက် ကျန်ဇာတ်တော်နှစ်ခုဖြစ်သည့် ဘူရိဒတ်ဇာတ်တော်ကို မင်းဘူးလေသာကျောင်းတိုက်မှ အရှင်နန္ဒမေဓာက ၁၁၄၈ ခုနှစ် နတ်တော်လတွင် ပြုစုပြီးစီး၍ သုဝဏ္ဏသာမဇာတ်တော်ကို လေသာကျောင်းတိုက်ခွဲ၊ ပုဂံစစ်ရွာ ရန်ကုန်ဆရာတော်၏ တပည့် ရှင်ပညာတိက္ခက ၁၁၈၈ ခုနှစ် နယုန်လတွင် ပြုစုပြီးစီးခဲ့သည်။)

### စက္ကိန်းတဲ၊ မန်းစက်တော်ရာနှင့် နဂါးပွက်တောင်

ဗုဒ္ဓဘုရားရှင်သည် မန်းစက်တော်ရာတွင် ခြေတော်ရာနှစ်ဆူချရန် ကြွချီခဲ့စဉ် ကျိန်းစက်ခဲ့သည်ဟု ယုံကြည်ကြသည့် စက္ကိန်းတဲတောင်တည်ရှိရာ မင်းဘူးမြို့နယ်တွင် စေတီပုထိုး ၁၅၄ ဆူရှိကာ ဘုန်းတော်ကြီးကျောင်း ၃၀၀ နှင့် သီလရှင်ကျောင်း ၁၈ ကျောင်းတည်ရှိသည်။ ဗုဒ္ဓသာသနာထွန်းကားသည့် အရပ်ဖြစ်သဖြင့် လက်ရှိ အချိန်မှာပင် ရဟန်း ၈၂၆ ပါး၊ သာမဏေ ၄၉၈ ပါးနှင့် သီလရှင် ၁၉၂ ပါး သီတင်းသုံးလျက်ရှိသည်။မန်းရွှေစက်တော်၊ ရှင်ပင်စက္ကိန်းတဲနှင့် ဓာတ်တော်ကုန်း ရှင်ပင်ချမ်းသာကြီးတို့သည် မင်းဘူးမြို့နယ်ရှိ ထင်ရှားသော သမိုင်းဝင်စေတီတော်များဖြစ်ကြပေသည်။

ဘုရားရှင်၏ ခြေတော်ရာနှစ်ဆူ ကိန်းဝပ်နေသည့် မန်းရွှေစက်တော်သို့ သွားရောက်ကြသူများသည် မကွေးတံတားကို ဖြတ်သန်း၍ မင်းဘူးမြို့မှတစ်ဆင့် သွားကြသကဲ့သို့ ပုသိမ်မုံရွာလမ်းမှလည်း သွားရောက်လေ့ရှိကြသည်။မင်းဘူးမြို့သို့ရောက်ရှိ လာကြသူများသည် မင်းဘူးမြို့၏ သမိုင်းဝင်စေတီများကို ဖူးမြော်ကြပြီးနောက် သဘာဝဘူမိ ဖြစ်စဉ်ကြောင့် ပေါ်ထွန်းခဲ့သည့် ရွှံ့မီးတောင်တစ်ခုဖြစ်သည့် နဂါးပွက်တောင်သို့လည်း သွားရောက်လည်ပတ် ကြည့်ရှုလေ့ ရှိကြသည်။ ထူးခြားစွာ ရွှံ့ရည်များပွက်နေသည့် မီးတောင်ဝကို နဂါးပွက်သည်ဟု ယူဆမှုများသည် ယနေ့တိုင် ရှိနေကြဆဲဖြစ်သည်။

ထို့အတူ သုတေသီများကလည်း ဓာတ်တော်ကုန်းရှိ မင်းဘူးဦးသြဘာသ ပိဋကတ်တိုက်နှင့် သိမ်တော်များသို့ သွားရောက်လေ့ရှိကြကာ မိုးနည်းရပ်ဝန်းရှိ မင်းဘူးမြို့သည် စည်ကားအေးချမ်းစွာ တည်ရှိနေပေသည်။

**ကိုးကား**
**မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)**
**မင်းဘူး (စကု) မြို့နယ်ဒေသဆိုင်ရာ အချက်အလက်များ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**
**ဓာတ်တော်မွေတော်သမိုင်း(ဘဒ္ဒန္တပညာဝံသာဘိကဝိဓဇ)**
**မင်းပူးဦးသြဘာသ၏ ဘဝနှင့် စာပေ(ဦးချမ်းသာ)**

# လွိုင်ကော်မြို့တွင် လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၅**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံး တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ကယားပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို နိုဝင်ဘာ ၃ ရက်က လွိုင်ကော်မြို့ နာရီစင်စုရပ်မှစတင်၍ ကန္တာရဝတီလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကာ ကျောက်သား ရင်ပြင်တွင် ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ (၂) နှင့် ဇွန်ဘာလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ ပါဝင်ကြကြောင်း သိရသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲအပြီးတွင် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲ ဆက်လက်ကျင်းပသည်။

ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အနေဖြင့် နှစ်စဉ်လူထုလှုပ်ရှားမှု အားကစားပွဲများကို ဒီဇင်ဘာလ စနေနေ့တိုင်းဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ကယားပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှု အားကစားပွဲများကို နိုဝင်ဘာနှင့်ဒီဇင်ဘာနှစ်လတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာအုပ်စုများတွင် လူထုလှုပ်ရှားမှု အားကစားပွဲများ ပါဝင်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရီရယ်**




# သီးနှံပေါ်ချိန်တိုင်း ဈေးကွက်ကောင်းမွန်ခြင်းမရှိ၍ ဆောင်းသီးနှံစိုက်ပျိုးမည့်တောင်သူများ ဝေခွဲမရဖြစ်နေ

**ရေတာရှည် နိုဝင်ဘာ ၅**

စပါးနှင့် ပဲအမျိုးမျိုးကိုအဓိကစိုက်ပျိုးကြသော ကျေးလက်ဒေသနေ တောင်သူများ အနေဖြင့် မိမိတို့စိုက်ပျိုးသည့် သီးနှံပေါ်ချိန်တိုင်း ဈေးကွက်ကောင်းမွန်ခြင်း မရှိသည့်အတွက် ယခုနှစ် မိုးစပါးပြီး၍ ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးရန် အချိန်ကျရောက်နေသော်လည်း စိုက်ပျိုးရန် သင့်၊ မသင့် ဇဝေဇဝါဖြစ်နေကြသည်ကို တွေ့ရှိသည်။

"တောင်သူတွေက အခုစပါးဖြိုင်ဖြိုင်ပေါ်တော့ ကုန်သည်ပွဲစားတွေရဲ့ဈေးနှိမ်တာခံရတယ်။ ပေးဆပ်ရမယ့် အကြွေးတွေကရှိနေတော့ သိသိကြီးနဲ့ကိုရောင်းရတာပဲ။ အခု မိုးစပါးပြီးလို့ ဆောင်းသီးနှံ စိုက်ပါမယ်ဆိုပြန်တော့လည်း စက်သုံးဆီဈေးတွေ တက်တော့ ထွန်ယက်ခတွေက ဈေးတက်လာတယ်။ တစ်ဧကကို ထွန်ယက်ခတင် ငွေကျပ်လေးသောင်းခွဲနဲ့ ငါးသောင်းဝန်းကျင်လောက်ကုန်ကျမှာ။ ပဲဈေးကွက်က အခုတောင်သူတွေဆီမှာပဲ မရှိတော့ ဈေးကောင်းတယ်။ တောင်သူတွေဆီမှာသီးနှံပေါ်ရင် အကုန် ဈေးကျကုန်တယ်။ စပါးလည်းအတူတူပဲ။ တောင်သူတွေမှာ ပင်ပန်းသလောက် အကျိုးခံစားရမှု မရှိကြပါဘူး။ ဒါကြောင့် အခုတောင်သူတွေ အတော်တော်များများ ဆောင်းသီးနှံကို မစိုက်ချင်ကြတော့ဘူး"ဟု ဆွာမင်းလမ်းကျေးရွာ အုပ်စု တံတားကြီးကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

လက်ရှိ မိုးစပါးဈေးကွက်သည် အကျဘက်သို့ ဦးတည်နေပြီး ရန်ကုန်-မန္တလေးကားလမ်းဘေးနှင့် လမ်းသာသည့် နေရာများတွင် တင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်းဖြင့် ဝယ်ယူလျက်ရှိကာ လမ်းထောက်၍ တစ်ဆင့်ထပ်မံသယ်ယူကြရမည့် စပါးရောင်းသည့် တောင်သူများအနေဖြင့် တင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်း ရှစ်သောင်းဖြင့်သာ ရောင်းချကြသည့်အတွက် ကုန်ထုတ်လမ်းများ မရှိခြင်းကတောင်သူများအတွက် အခွင့်အလမ်းရရှိမှုမှာကွာခြားနေဆဲ ဖြစ်ကြောင်း တောင်သူများက ပြောသည်။

"အခုပဲကြဲမယ်ဆိုရင် ထွန်ယက်ခ၊ မျိုးစရိတ်၊ နောက်ထပ်လိုက်ရမယ့် ဆေးဝါးတွေရဲ့ ကုန်ကျစရိတ်ကအလွန်များတော့ စိုက်ပြီးမှရှုံးမယ့်အတူတူ ဆောင်းသီးနှံ မစိုက်တော့ဘူး။ ဒီအတိုင်း ပဲထားလိုက်တော့မယ်"ဟု အထက်ပါကျေးရွာမှတောင်သူတစ်ဦးက ဆက်လက်ပြောသည်။

ရေတာရှည်မြို့နယ်တွင် ဆွာချောင်းတမံမှ ကျိုးကျသွားသော ပင်မရေပိုလွှဲနေရာကို ယာယီရေကျော်တစ်ခုတည်ဆောက်ထားပြီး လက်ကျန်သိုလှောင်ထားသော ဆည်ရေဖြင့် နွေစပါးစိုက်ဧက ၅၀၀၀ ဝန်းကျင်သာရေပေးဝေနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။ **သန်းလွင်**

# ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျုံဧက တစ်သိန်းနှစ်သောင်း စိုက်ပျိုးရန် လျာထား

**မုံရွာ နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုနှင့် ယင်းမာပင် ခရိုင်အတွင်းရှိ မြို့နယ်များတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဂျုံသီးနှံဧက ၁၂၀၀၀၀ စိုက်ပျိုးနိုင်ရန် လျာထားလျက်ရှိကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ညွန့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆန်စပါးစိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ဂျုံသီးနှံကို မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်တွင် အများဆုံးစိုက်ပျိုးကြပြီး ထွက်ရှိသီးနှံများကို မုံရွာ၊ စစ်ကိုင်းနှင့် ရွှေဘိုမြို့တို့ရှိ စက်မှုဇုန်များရှိ ဂျုံစက်ရုံများမှ အများဆုံးဝယ်ယူအသုံးပြုကြကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဂျုံစိုက်ပျိုးရာသီတွင် ခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် ဧက ၅၁၅၀၀ ကို လည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် ၁၇၁၄၃ ဧကကို လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် ၁၈၀၀၅ ဧကကို လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် ငါးခုတွင် ၃၀၄၆၃ ဧကကို လည်းကောင်း၊ ကလေးမြို့နယ်တွင် ၂၇၈၂ ဧကကို လည်းကောင်း၊ တမူးမြို့နယ်တွင် ၂၈ ဧကကို လည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ ဟုမ္မလင်းမြို့နယ်တွင် ၇၉ ဧကကိုလည်းကောင်း စိုက်ပျိုးရန်လျာထားလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းအသိပညာပေးယာဉ်ဖြင့် ပြည်သူအများ မှုခင်းအသိပညာကြွယ်ဝစေရေးအတွက် မြို့နယ်များတွင် လိုက်လံပြသဟောပြောလျက်ရှိရာ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးရပ်ကွက် အ.လ.က (၄)ကျောင်းရှေ့၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင်နှင့်အဖွဲ့ နိုဝင်ဘာ ၃ ရက်က ကျောင်းသားကျောင်းသူများနှင့် လမ်းသွားလမ်းလာပြည်သူများအား ဟောပြောစဉ်။

ကိုကြီးတင်

# ဆီဆိုင်မြို့နယ်၌ ဘိန်းခင်းများ ဆက်လက်ဖျက်ဆီး

**ဆီဆိုင် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင် မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု ဘန်းနောင်ကားကျေးရွာ အနောက်တောင်ဘက်နှစ်မိုင်ခန့်အကွာ၌ စိုက်ပျိုးထားသော အမြင့် တစ်ပေခွဲခန့် ဖူးပွင့်ဆဲဘိန်းခင်း သုံးဧကနှင့် အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် တစ်ပေခွဲခန့် သီးပွင့်ဆဲဘိန်းခင်း ၁၀ ဧကတို့ကို နိုဝင်ဘာ ၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သီဟန် ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘန်းနောင်ကားကျေးရွာမှ ရွာသားများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စုပေါင်းဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။




ဘိန်းခင်းများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့ပိုင်နယ်မြေအတွင်း စုစုပေါင်း ဘိန်းခင်း ၆၇ ဧက ဖျက်ဆီးရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း ဆီဆိုင်မြို့မရဲစခန်းမှ သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**


# ကျွဲနွားကူးစက်ရောဂါကာကွယ်ဆေးများ ပုံမှန်ထိုးနှံရေးနှိုးဆော်ချက်

၁။ ကျွဲနွားများ၌ ခွာနာလျှာနာရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ထောင့်သန်းရောဂါများ အများဆုံးဖြစ်ပွားလေ့ရှိသဖြင့် ကျွဲနွားများရောဂါကင်းစင်စေရန် ကာကွယ်ဆေးများကို ပုံမှန်ထိုးနှံဆောင်ရွက်ရန်လိုအပ်ပါသည်။
၂။ ခွာနာလျှာနာရောဂါကာကွယ်ဆေးကို ကျွဲနွား အသက် နှစ်လမှ စတင်ထိုးပေးနိုင်ပြီး ခြောက်လတစ်ကြိမ် ပုံမှန်ထိုးပေးရမည်။
၃။ လည်ချောင်းကွဲရောဂါကာကွယ်ဆေးကို ကျွဲနွား အသက် ခြောက်လမှ စတင်ထိုးပေးနိုင်ပြီး ခြောက်လတစ်ကြိမ် ပုံမှန်ထိုးပေးရမည်။
၄။ ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးကို ကျွဲနွား အသက်ခြောက်လမှ စတင်ထိုးပေးနိုင်ပြီး ခြောက်လတစ်ကြိမ် ပုံမှန်ထိုးပေးရမည်။
၅။ ထောင့်သန်းရောဂါကာကွယ်ဆေးကို ကျွဲနွား အသက်ခြောက်လမှ စတင်ထိုးပေးနိုင်ပြီး တစ်နှစ်တစ်ကြိမ်ပုံမှန်ထိုးပေးရမည်။
၆။ ကျွဲနွားကူးစက်ရောဂါကာကွယ်ဆေးများထိုးနှံရန် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
၇။ ကျွဲနွားများတွင်အဖြစ်များသော ခွာနာလျှာနာရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ထောင့်သန်းရောဂါ ကာကွယ်ဆေးများ ပုံမှန်ထိုးပေးခြင်းဖြင့် ကူးစက်ရောဂါကြောင့် သေဆုံးမှုလျော့ကျနိုင်ပြီး ရောဂါကင်းစင်၍ ကျန်းမာသန်စွမ်းကာ လယ်ယာလုပ်ငန်းခွင်တွင် ပိုမိုဆောင်ရွက်နိုင်ခြင်း၊ ရောဂါကင်းစင်ကျန်းမာသော ကျွဲနွားများကိုတန်ဖိုးမြှင့် ရောင်းဝယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရှိပါသဖြင့် ပုံမှန်ဆောင်ရွက်သွားကြရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(၁) ကုမ္ပဏီ၏အရာရှိ၊

(၂) ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိနေကြောင်း သိရှိရသူ သို့မဟုတ် သံသယရှိသူ သို့မဟုတ် ကုမ္ပဏီသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိနေသည်ဟု ထင်မြင်ယူဆရသူ၊ သို့မဟုတ်

(၃) ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်ခြင်း၊ စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သည့်ကိစ္စရပ်များ၊ လုပ်ငန်းကိစ္စရပ်များ၊ ကုမ္ပဏီပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ သတင်းပေးနိုင်စွမ်းရှိသူဟု တရားရုံးက ထင်မြင်ယူဆသူ။

(ခ) တရားရုံးသည်ပုဒ်မခွဲ(က)တွင် ဖော်ပြထားသူ တစ်ဦးဦးအား ၎င်းနှင့်ကုမ္ပဏီတို့အကြားရှိ ဆက်သွယ်ရောင်းဝယ်မှုများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်ကိုတင်ပြရန် သို့မဟုတ် အထက်ပါပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသော ကုမ္ပဏီနှင့် စပ်လျဉ်းသည့် ၎င်း၏လက်ဝယ် သို့မဟုတ် ၎င်း၏ ထိန်းသိမ်းမှုအောက်ရှိ စာအုပ်စာတမ်းများ သို့မဟုတ် အခြားမည်သည့် မှတ်တမ်းကိုမဆို တင်ပြရန် သို့မဟုတ် အထက်ပါကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားရုံးက ကြည့်ရှုစစ်ဆေးရန် ဆင့်ဆိုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တရားရုံးသို့ တင်သွင်းရာတွင် ကျမ်းကျိန်လွှာဖြင့် တင်ပြရမည်။

(ဃ) ပုဒ်မခွဲ (င) နှင့် (စ)ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည် -

(၁) ဤပုဒ်မအရ တစ်စုံတစ်ဦးကို တရားရုံးသို့လာရောက်ရန် ဆင့်ဆိုရာတွင် ထိုသူသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လာရောက်ရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ်၊

(၂) ဤပုဒ်မအရ တရားရုံးရှေ့သို့ လူကိုယ်တိုင်လာရောက်ရခြင်းမှ ရှောင်ရှားရန်အလို့ငှာ ထိုသူသည် ထွက်ပြေးတိမ်းရှောင်သွားကြောင်း သို့မဟုတ် ထွက်ပြေးတိမ်းရှောင်မည်ဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင်။

(င) ထိုသူနှင့် ထိုသူ၏လက်ဝယ်ရှိ မည်သည့်ပစ္စည်းကိုမဆို တရားရုံးရှေ့သို့ တင်ပို့စေရန် တရားရုံးသည် အောက်ပါရည်ရွယ်ချက်များအလို့ငှာ ဝရမ်းတစ်ရပ် ထုတ်ဆင့်နိုင်သည်-

(၁) ထိုသူကို ဖမ်းဆီးချုပ်နှောင်ရန်နှင့်

(၂) ထိုသူ၏လက်ဝယ်ရှိ စာအုပ်စာတမ်းများ သို့မဟုတ် အခြားမှတ်တမ်းများ၊ ငွေကြေးများ သို့မဟုတ် ကုန်စည်များကို သိမ်းဆည်းရန်။

(စ) တရားရုံးသည်ဝရမ်းဖြင့် ဖမ်းဆီးခံရသူကို ချုပ်နှောင်ထားရန်နှင့် ဝရမ်းဖြင့် သိမ်းယူခဲ့သည့်မည်သည့်ပစ္စည်းကိုမဆို ထိုသူကိုရုံးရှေ့သို့ ဝရမ်းဖြင့်ခေါ်ဆောင်လာသည်အထိ သို့မဟုတ် တရားရုံးက အမိန့်ချမှတ်ထားသည့် အချိန်အထိ ထိန်းသိမ်းထားရန်ခွင့်ပြုနိုင်သည်။

**ပုဒ်မ ၃၅၅ အရ တရားရုံး၏ အတည်ပြုနိုင်သည့်အာဏာ**

၃၅၆။ ပုဒ်မ၃၅၅ သို့မဟုတ် ဤပုဒ်မအရ လက်ခံရယူခဲ့သည့်သက်သေခံချက်များအရ ကုမ္ပဏီပိုင်ပစ္စည်းတစ်ခုခုသည် လူတစ်ဦးတစ်ယောက်၏လက်ဝယ်တွင် ရှိကြောင်း ပေါ်ပေါက်သည့်အခါ ရာထူးလက်ရှိဖြစ်သူက လျှောက်ထားလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ထိုပစ္စည်းလက်ဝယ်ထားသူက အဆိုပါပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေသတ်မှတ်ထားသည့်အချိန်တွင် သတ်မှတ်ထားသည့်နည်းလမ်းဖြင့် ရာထူးလက်ရှိဖြစ်သူထံသို့ လွှဲပြောင်းပေးအပ်ရန် အမိန့်ချမှတ်နိုင်သည်။

**အခန်း (၂)**

**ဤဥပဒေအရခန့်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအတွက် အခကြေးငွေ**

**ဤအခန်းနှင့် သက်ဆိုင်ခြင်း**

၃၅၇။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ပစ္စည်းထိန်းမှအပ ရာထူးလက်ရှိဖြစ်သူအားလုံးနှင့် သက်ဆိုင်စေရမည်။

**အခကြေးငွေ သတ်မှတ်ခြင်း**

၃၅၈။ (က) ရာထူးလက်ရှိဖြစ်သူအဖြစ် ခန့်အပ်ခြင်းခံရသူသည် ၎င်း၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့်အတွက် သင့်လျော်သည့်အခကြေးငွေ ရထိုက်ခွင့်ရှိစေရမည်။

(ခ) ရာထူးလက်ရှိဖြစ်သူအတွက် အခကြေးငွေသတ်မှတ်ချက်ကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆုံးဖြတ်ရမည်-

(၁) မြီရှင်များကော်မတီ၏ဆုံးဖြတ်ချက်ဖြင့်ဖြစ်စေ၊

(၂) မြီရှင်များကော်မတီ မရှိပါက လူမွဲခံသည့်အဖွဲ့အစည်း၏ မြီရှင်များ ဆုံးဖြတ်ချက်ဖြင့်ဖြစ်စေ၊

(၃) အထက်ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) ပါ နည်းလမ်းဖြင့် မဆုံးဖြတ်နိုင်လျှင် သို့မဟုတ် ယင်းနည်းလမ်းတစ်ရပ်ရပ်အရ ဆုံးဖြတ်ချက်ကို ရာထူးလက်ရှိဖြစ်သူက လက်မခံနိုင်လျှင် ၎င်းသည် သင့်လျော်သည့် အခကြေးငွေသတ်မှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ သို့မဟုတ် နည်းဥပဒေတွင် ဖော်ပြထားသည့် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အခကြေးငွေကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ရာထူးလက်ရှိဖြစ်သူအတွက် အခကြေးငွေတွက်ချက်ရာတွင် အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် တွက်ချက်နိုင်သည်-

(၁) ဆောင်ရွက်ခဲ့သည့်အလုပ် သို့မဟုတ် ဆောင်ရွက်ရမည့် အလုပ်အတွက် အခကြေးငွေကို ပုံသေသတ်မှတ်ခြင်း၊ သို့မဟုတ်

(၂) မြီရှင်များသို့ ခွဲဝေပေးသည့်ပစ္စည်းအပေါ် အခကြေးငွေကို ရာခိုင်နှုန်းဖြင့် သတ်မှတ်ခြင်း၊ သို့မဟုတ်

(၃) ဆောင်ရွက်ခဲ့သည့်အလုပ် သို့မဟုတ် ဆောင်ရွက်ရမည့်အလုပ်အတွက် နာရီအလိုက် ပုံသေသတ်မှတ်ခြင်း သို့မဟုတ် အလုပ်ချိန်ပေါ်မူတည်၍ အခကြေးငွေတွက်ချက်ခြင်း၊

(၄) ရာထူးလက်ရှိဖြစ်သူသဘောတူထားသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် တွက်ချက်ခြင်း သို့မဟုတ် တရားရုံး၏ အမိန့်အရသတ်မှတ်ခြင်း။

(ဃ) မှတ်ပုံတင်အရာရှိသည်-

(၁) ကုမ္ပဏီတွင်ခန့်ထားသည့်ရာထူးလက်ရှိဖြစ်သူက အခကြေးငွေသတ်မှတ်ပေးရန်အတွက် ဤအခန်းအရ တရားရုံးသို့ လျှောက်ထားမှုအပေါ် ကန့်ကွက်တင်ပြနိုင်သည်၊

(၂) တရားရုံးသည် ကန့်ကွက်မှုကိုကြားနာ၍ သင့်သည်ထင်မြင်သည့် အမိန့်ကို ချမှတ်နိုင်သည်။

(င) ဤပုဒ်မအရရာထူးလက်ရှိဖြစ်သူအတွက် အခကြေးငွေသတ်မှတ်ရာတွင်လည်းကောင်း၊ ပုဒ်မခွဲ (ဂ) အရ အခကြေးငွေသတ်မှတ်သည့် နည်းလမ်းများကိုလည်းကောင်း နည်းဥပဒေဖြင့် သတ်မှတ်နိုင်သည်။

**အခန်း (၃)**

**ယခင်က ဆောင်ရွက်ခဲ့သည့်လုပ်ငန်းကိစ္စရပ်များနှင့် သက်ဆိုင်ခြင်း (ပြန်လည်ထူထောင်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် လူမွဲခံယူခြင်း) စတင်အကျိုးသက်ရောက်သည့်နေ့**

၃၅၉။ (က) လူမွဲခံယူသည့်အဖွဲ့အစည်းနှင့် စတင်အကျိုးသက်ရောက်သည့်နေ့ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-

(၁) အပိုင်း (၅) အရ ကုမ္ပဏီပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် **စတင်အကျိုးသက်ရောက်သည့်နေ့**သည် ပုဒ်မ ၄၇ နှင့်အညီ ပြန်လည်ထူထောင်ရေးမန်နေဂျာခန့်အပ်မှု စတင်အကျိုးသက်ရောက်သည့်နေ့ဖြစ်သည် သို့မဟုတ် ထိုသို့ခန့်အပ်ပြီးနောက် စာရင်းရှင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းပါကပုဒ်မ ၁၅၀ နှင့်အညီ စာရင်းရှင်းဖျက်သိမ်းခြင်း စတင်ဆောင်ရွက်သည့်နေ့ဖြစ်သည်။

(၂) ဤအပိုင်းပါ ကန့်သတ်ချက်ကို ဆန့်ကျင်ခြင်းမရှိစေဘဲ အပိုင်း (၆) အရပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် **စတင်အကျိုးသက်ရောက်သည့်နေ့**သည် ပုဒ်မ ၁၀၁ နှင့်အညီပြန်လည်ထူထောင်ရေးအကြံပေးခန့်အပ်မှု စတင်အကျိုးသက်ရောက်သည့်နေ့ဖြစ်သည်။

(၃) စာရင်းရှင်းလင်းဖျက်သိမ်းနေသောကုမ္ပဏီနှင့် **ယင်း၏စတင်အကျိုးသက်ရောက်သည့်နေ့**သည်ပုဒ်မ ၁၅၀ နှင့်အညီ ထိုစာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ဆောင်ရွက်သည့်နေ့ဖြစ်သည်။

(၄) တစ်သီးပုဂ္ဂလလူမွဲနှင့် **ယင်း၏စတင်အကျိုးသက်ရောက်သည့်နေ့**သည်လူမွဲခံယူသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းသည့်နေ့ဖြစ်သည်။

(ခ) လူမွဲခံယူသည့်အဖွဲ့အစည်း၏ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆိုရာတွင် လူမွဲခံယူခြင်း လုပ်ငန်းစဉ်စတင်ခြင်းမပြုမီက ပြုလုပ်ခဲ့သော လုပ်ငန်းကိစ္စရပ်များလည်း အကျုံးဝင်စေရမည်။

(ဂ) ရာထူးလက်ရှိဖြစ်သူဟုဆိုရာတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သည်-

(၁) အစီအစဉ်ကြီးကြပ်သူ၊

(၂) အပိုင်း (၆) လုပ်ငန်းအစီအစဉ်ကြီးကြပ်သူ၊

(၃) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ သို့မဟုတ်

(၄) လူမွဲခံယူခြင်းတွင် ယုံမှတ်အပ်နှံခြင်းခံရသူ။

**တန်ဖိုးလျှော့ထားသည့်လုပ်ငန်းကိစ္စရပ်များ**

၃၆၀။ (က) ရာထူးလက်ရှိဖြစ်သူသည် ဆက်စပ်သည့်အချိန်အတွင်း ဤပုဒ်မအရ လူမွဲခံယူသည့် အဖွဲ့အစည်း၏ အောက်ပါဆောင်ရွက်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားနိုင်သည်-

(၁) လူမွဲခံယူသည့်အဖွဲ့အစည်းက လူတစ်ဦးတစ်ယောက်သို့ လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အရေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေးကမ်းခြင်းဖြစ်စေ၊ ထိုသူနှင့် အဖိုးစားနား တစ်စုံတစ်ရာမရသည့်လုပ်ငန်းကိစ္စရပ် တစ်ရပ်ကို ပူးတွဲလုပ်ကိုင်လျှင်၊

(၂) လူမွဲခံယူသည့်အဖွဲ့အစည်းက တစ်စုံတစ်ဦးနှင့် လုပ်ငန်းကိစ္စရပ်တစ်ရပ်ကို ဆောင်ရွက်ရာတွင်ငွေကြေး သို့မဟုတ် ငွေကြေးကဲ့သို့ တန်ဖိုးရှိသောအရာကို ကာလတန်ကြေးထက် သိသာစွာ လျော့နည်းသော အဖိုးစားနားတစ်ရပ်ဖြင့် ဆောင်ရွက်ခဲ့လျှင်။

(ခ) ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ အောက်ပါအခြေအနေ တစ်ရပ်ရပ်ရှိကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် အဆိုပါဆောင်ရွက်ချက်ကို ပြုလုပ်ခဲ့ခြင်းမရှိဘိသကဲ့သို့ မှတ်ယူ၍ ထိုဆောင်ရွက်ချက်မပြုမီက ရှိနေခဲ့သည့် မူလအခြေအနေအတိုင်း ပြန်လည်ထားရှိစေရန် အမိန့်ချမှတ်ရမည်-

(၁) လူမွဲခံယူသည့် အဖွဲ့အစည်းသည် ပုဒ်မခွဲ (က) ပါ လုပ်ငန်းကိစ္စရပ် တစ်ရပ်ကို ဆောင်ရွက်စဉ်က ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရှိနေကြောင်း သို့မဟုတ် အဆိုပါဆောင်ရွက်ချက် တစ်ရပ်ရပ်ကို ပြုလုပ်ခဲ့သည့် အကျိုးဆက်ကြောင့် ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရောက်ရှိခဲ့ကြောင်း ရာထူးလက်ရှိဖြစ်သူက ယုံကြည်လျှင်၊ သို့မဟုတ်

(၂) ထိုလုပ်ငန်းကိစ္စရပ်တစ်ရပ်ရပ်မှာ စတင်အကျိုးသက်ရောက်သည့်နေ့ မတိုင်မီ ၂ လ ထက် မပိုသောကာလအတွင်း ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိုလုပ်ငန်းကိစ္စရပ်ကို လုပ်ဆောင်ခဲ့သူသည် လူမွဲခံယူသည့် အဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ပေါ်ပေါက်လျှင်။

(ဂ) တရားရုံးသည် အောက်ပါအချက်တစ်ရပ်ရပ်အရ တန်ဖိုးလျှော့၍ ဆောင်ရွက်ထားသည့် လုပ်ငန်းကိစ္စရပ်တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ယုံကြည်လျှင် ဤပုဒ်မအရ အမိန့်ချမှတ်ခြင်း မပြုရ -

(၁) လူမွဲခံသည့်အဖွဲ့အစည်းသည် လုပ်ငန်းကိစ္စရပ်များအား သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါလုပ်ငန်းကိစ္စကို ဆောင်ရွက်ခဲ့သည့် အချိန်က ယင်းအဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ရန် လုံလောက်သော အကြောင်းများရှိနေလျှင်၊ သို့မဟုတ်

(၂) ထိုလူမွဲခံသည့် အဖွဲ့အစည်းသည် အပိုင်း ၆ လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေပြီး အဆိုပါလုပ်ငန်းကိစ္စကို ဆောင်ရွက်ခြင်းကြောင့် အကျိုးအမြတ်ရမည့်သူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွယ်သည့်ပုဂ္ဂိုလ်မဟုတ်ကြောင်း ပေါ်ပေါက်လျှင်။

(ဃ) ဤပုဒ်မအရ ဆက်စပ်သည့်အချိန်ဆိုသည့်စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) ပုဒ်မခွဲ(ခ) သို့မဟုတ် (ဂ) နှင့် မသက်ဆိုင်လျှင် စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ ၂နှစ်၊

(၂) ပုဒ်မခွဲငယ် (၃) နှင့်မသက်ဆိုင်လျှင် အဆိုပါလုပ်ငန်းကိစ္စကြောင့် အကျိုးအမြတ်ရသူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်ဖြစ်သည့်ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ လေးနှစ်၊ သို့မဟုတ်

(၃) သက်ဆိုင်ရာ ကြွေးမြီတောင်းဆိုချက်များနှင့်စပ်လျဉ်း၍ မြီရှင်များအား ကြွေးမြီရရှိမှု အခွင့်အရေးပျက်ပြားစေရန်၊ ဟန့်တားရန် သို့မဟုတ် နှောင့်နှေးစေရန် ရည်ရွယ်၍ အဆိုပါလုပ်ငန်းကိစ္စရပ်ကို ဆောင်ရွက်ခဲ့ကြောင်း ရာထူးလက်ရှိဖြစ်သူက သက်သေထင်ရှားပြသသည့်ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ ငါးနှစ်။

**ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ခြင်း**

၃၆၁။ (က) မြီရှင်တစ်ဦးထံသို့ပေးရန်တင်ရှိနေသည့် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီတစ်ရပ်နှင့်စပ်လျဉ်း၍ လူမွဲခံသည့်အဖွဲ့အစည်းက ဆက်စပ်သည့်အချိန်၌ မြီရှင်တစ်ဦးနှင့် လုပ်ငန်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့ပြီး အကယ်၍ ထိုမြီရှင်က ၎င်း၏ကြွေးမြီအတွက် သက်သေထင်ရှားပြသ၍ ထိုလုပ်ငန်းကိစ္စ တစ်ရပ်ရပ်ကို ပယ်ဖျက်ခဲ့ပါက မြီရှင်သည် ကြွေးမြီပမာဏ ပိုမိုရရှိမည်ဆိုလျှင် ရာထူးလက်ရှိဖြစ်သူသည် ဤပုဒ်မအရ ထိုလုပ်ငန်းကိစ္စ ဆောင်ရွက်ချက်ကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ(ဃ) နှင့် မဆန့်ကျင်စေဘဲ တရားရုံးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်ရှိကြောင်း ယုံကြည်လျှင် ထိုဆောင်ရွက်ချက်ကို ပြုလုပ်ခဲ့ခြင်း မရှိဘိသကဲ့သို့မှတ်ယူ၍ ထိုဆောင်ရွက်ချက်မပြုမီက ရှိနေခဲ့သည့်မူလအခြေအနေအတိုင်း ပြန်လည်ထားရှိစေရန် အမိန့်တစ်ရပ်ချမှတ်ရမည်-

(၁) လူမွဲခံယူသည့်အဖွဲ့အစည်းသည် ထိုဆောင်ရွက်ချက်တစ်ရပ်ကိုပြုစဉ်အချိန်က ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့်အနေအထားရှိနေကြောင်း သို့မဟုတ် ထိုဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ခဲ့သည့် အကျိုးဆက်ကြောင့် ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရောက်ရှိခဲ့ကြောင်း ယုံကြည်လျှင်၊ သို့မဟုတ်

(၂) ထိုလုပ်ငန်းကိစ္စဆောင်ရွက်ချက်မှာ ဆက်စပ်သည့်နေ့မတိုင်မီ (၂) လ ထက်မပိုသော ကာလတွင် ဖြစ်ပွားခဲ့ကြောင်း ထိုဦးစားပေးချေမှု အကျိုးအမြတ်ရရှိသူသည် ယင်းလူမွဲခံယူသည့်အဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူဖြစ်ကြောင်း ပေါ်ပေါက်လျှင်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

(ဂ) တရားရုံးအမိန့်နှင့်အညီ ဆောင်ရွက်ခဲ့သော ဆောင်ရွက်ချက်တစ်စုံတစ်ရာသည် ယင်းအရ ရွေးချယ်ရန်အခွင့်အရေးပေးခြင်းမှ ဖြစ်ပေါ်လာသည့် ခွင့်ပြုဆောင်ရွက်ချက်အား ပိတ်ပင်ခြင်းမရှိစေရ။

(ဃ) တရားရုံးသည် ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်ကြောင့်ဖြစ်သည်ဟု ယုံကြည်ပါက ဤပုဒ်မအရ အမိန့်ချမှတ်ခြင်းမပြုရ-

(၁) အကျိုးအမြတ်ရရှိသူသည် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ပြီး ယင်းအချိန်က-

(ကက) လူမွဲခံယူသည့်အဖွဲ့အစည်းသည် ကြွေးမြီပေးဆပ်နိုင်ခြင်း မရှိကြောင်းကို သံသယဖြစ်စေရန်အတွက် ထိုသူတွင် ဆီလျော်သော အကြောင်းအချက်များ မရှိသည့်အပြင်၊

(ခခ) သာမန်ဆင်ခြင်တတ်သူ တစ်ဦးကလည်း ယင်းကဲ့သို့အခြေအနေတွင်သံသယဖြစ်စေရန် အကြောင်းမရှိဟု ထင်မြင်ယူဆနိုင်လျှင်။ သို့မဟုတ်

(၂) လူမွဲခံယူသည့်အဖွဲ့အစည်းသည် အပိုင်း (၆) ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ခြင်းကြောင့် အကျိုးအမြတ်ရရှိသူသည် ထိုလူမွဲခံယူသည့် အဖွဲ့အစည်းနှင့် ဆက်နွှယ်နေသော တွဲဖက်လုပ်ကိုင်သူ မဖြစ်စေရ။

(င) ဤပုဒ်မအရ ဆက်စပ်သည့်အချိန်ဆိုသည့်စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) ပုဒ်မခွဲငယ် (၂) နှင့် မသက်ဆိုင်လျှင် စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ ၆ လ၊ သို့မဟုတ်

(၂) အဆိုပါလုပ်ငန်းကိစ္စကြောင့် အကျိုးအမြတ်ရသူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွှယ်သည့်ပုဂ္ဂိုလ်ဖြစ်သည့် ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီလေးနှစ်။

**ပုဒ်မ ၃၆၀ သို့မဟုတ် ၃၆၁ အရ ချမှတ်သည့်အမိန့်များ**

၃၆၂။ (က) ပုဒ်မ ၃၆၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၆၁ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ လူမွဲခံယူသည့်အဖွဲ့အစည်းတစ်ရပ်က ပုဒ်မ ၃၆၀ သို့မဟုတ် ပုဒ်မ ၃၆၁ ပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးက အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) အဆိုပါဆောင်ရွက်ချက် သို့မဟုတ် ထိုဆောင်ရွက်ချက်၏ တစ်စိတ်တစ်ဒေသနှင့် စပ်လျဉ်း၍ ကုမ္ပဏီ သို့မဟုတ် တစ်သီးပုဂ္ဂလလူမွဲဖြစ်သူ၏ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လွှဲပြောင်းပေးအပ်စေသည့်အမိန့်၊

(၂) တစ်ဦးတစ်ယောက်၏လက်ဝယ်၌ရှိသည့် ထိုသို့ လွှဲပြောင်းပေးထားသော ပစ္စည်းအားရောင်းရငွေကို လွှဲပြောင်းထားကြောင်း သို့မဟုတ် ငွေကြေးလွှဲပြောင်းထားကြောင်း လျှောက်ထားတင်ပြလာသည့် မည်သည့်ပစ္စည်းကိုမဆို လွှဲပြောင်းပေးအပ်စေသည့်အမိန့်၊

(၃) ထိုလူမွဲခံယူသည့်အဖွဲ့အစည်းက ပေးအပ်ထားသော အာမခံအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ စွန့်လွှတ်ရန် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရန်အမိန့်၊

(၄) တစ်ဦးတစ်ယောက်က ထိုလူမွဲခံယူသည့်အဖွဲ့အစည်းထံမှ အကျိုးအမြတ်အဖြစ် လက်ခံရရှိထားသော ငွေကြေးတစ်စုံတစ်ရာအား ရာထူးလက်ရှိဖြစ်သူထံသို့ တရားရုံးက သတ်မှတ်ပေးသည့်နည်းလမ်းအတိုင်း ပြန်လည်ပေးအပ်စေသည့်အမိန့်၊

(၅) အဆိုပါဆောင်ရွက်ချက်အရ လူတစ်ဦးတစ်ယောက်နှင့် ပတ်သက်၍ အာမခံခဲ့သော တာဝန်များအနက်မှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ရရှိခဲ့သော အာမခံသူတစ်ဦးဦးအပေါ်တွင် တာဝန်အသစ်တစ်ရပ်ပေးအပ်ခြင်း သို့မဟုတ် ပြင်ဆင် တာဝန်ပေးအပ်စေရန် တရားရုံးက သင့်သည့် ထင်မြင်သည့်အတိုင်း ချမှတ်သည့်အမိန့်၊

(၆) ထိုအမိန့်အရ ပေါ်ပေါက်လာသော တာဝန်တစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုရန်၊ ထို့ပြင် အာမခံ သို့မဟုတ် ပစ္စည်းအပေါ်တွင် တင်ရှိမည့် ထိုတာဝန်ကို အဆိုပါဆောင်ရွက်ချက်အရ ကင်းလွတ်ခွင့်ပြုခဲ့သည့်အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကဲ့သို့ ဦးစားပေးတူညီစွာ သတ်မှတ်ပေးစေသည့်အမိန့်၊

(၇) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းတွင် လုပ်ငန်းကိစ္စရပ်ကြောင့်ဖြစ်သော ကြွေးမြီများနှင့် အခြားသော တာဝန်များရှိကြောင်း၊ ယင်းတို့အနက် အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်းကို သက်သေပြနိုင်သည့် အတိုင်းအတာအထိ အောက်ပါပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် ပတ်သက်၍ ချမှတ်သည့်အမိန့်-

(ကက) အမိန့်အရ ၎င်း၏ပစ္စည်းအား ကုမ္ပဏီတွင် အပ်နှံထားသူ၊ သို့မဟုတ်

(ခခ) အမိန့်အ ရ ၎င်း၏ပစ္စည်းအား ပုဂ္ဂလိက လူမွဲခံယူသူ၏ ယုံမှတ်အပ်နှံခြင်းခံရသူထံ အပ်နှံထားသူ၊ သို့မဟုတ်

(ဂဂ) အမိန့်အရ ၎င်းအပေါ် လုပ်ငန်းတာဝန်များသတ်မှတ်ပေးအပ်ခြင်းခံရသူ။

**မတန်တဆနှုန်းဖြင့် ကြွေးမြီထုတ်ချေးခြင်း**

၃၆၃။ (က) လူမွဲခံယူသည့်အဖွဲ့အစည်းကိုယ်တိုင် ကြွေးမြီထုတ်ပေးသည့် ကိစ္စရပ်တစ်ရပ်ရပ်တွင် ပါဝင်သူတစ်ဦးဖြစ်လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ကြွေးမြီထုတ်ချေးရာတွင် မတန်တဆဖြစ်သည့်နှုန်းဖြစ်ပြီး သို့မဟုတ် ဖြစ်ခဲ့ပြီး ယင်းမှာစတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ သုံးနှစ်ကာလအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်လျှင် ရာထူးလက်ရှိဖြစ်သူ၏ လျှောက်ထားချက်အရ အဆိုပါ ကြွေးမြီ ထုတ်ချေးခြင်းနှင့်ပတ်သက်၍ တရားရုံးသည်သင့်သည် ထင်သည့် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

(ဂ) ဤပုဒ်မအလို့ငှာ ကြွေးမြီများကို ထုတ်ပေးသူက လက်ခံထားခဲ့သော ဈေးကွက်ပေါက်ဈေးအရ ကြွေးမြီထုတ်ချေးရာတွင် ဆန့်ကျင်သက်သေမပြနိုင်ပါက အောက်ပါအခြေအနေများသည် မတန်တဆဖြစ်စေသော ဆောင်ရွက်ချက်ဟု မှတ်ယူရမည်-

(၁) ကြွေးမြီထုတ်ပေးရာတွင် စည်းကမ်းချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မတန်တဆငွေထုတ်ပေးမှုဖြစ်လျှင် သို့မဟုတ် ဖြစ်ခဲ့လျှင်၊ သို့မဟုတ်

(၂) ကြွေးမြီထုတ်ချေးခြင်းသည် မျှတသော ရောင်းဝယ်ဖောက်ကားမှု၏ အခြေခံမူသဘောတရားများကို အခြားတစ်နည်းနည်းဖြင့် အလွန်အမင်း ဆန့်ကျင်ဖောက်ဖျက်ရာရောက်လျှင်။

(ဃ) ဤပုဒ်မနှင့်အညီချမှတ်သောအမိန့်အရ ပုဂ္ဂလိကလူမွဲခံသူ၏ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ငွေပေးချေခဲ့လျှင် ထိုငွေကြေးသည် ထိုပုဂ္ဂလိကလူမွဲခံသူပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

(င) အထက်ပါကြွေးမြီထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ ဤပုဒ်မအရ ချမှတ်သော အမိန့်တစ်ရပ်တွင် အောက်ပါအချက် တစ်ရပ်ရပ်ပါဝင်စေရမည်-

(၁) ထိုကြွေးမြီထုတ်ချေးခြင်းအရ ဖြစ်ပေါ်လာသော တာဝန်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်သည့် ဖော်ပြချက်၊

(၂) ထိုကြွေးမြီထုတ်ချေးခြင်းအလို့ငှာ ကိုင်ဆောင်ထားသည့် အာမခံတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ သို့မဟုတ် စည်းကမ်းချက်များအားလုံးကို အခြားတစ်နည်းနည်းဖြင့် ပြောင်းလဲပြင်ဆင်သည့် ဖော်ပြချက်၊

(၃) ထိုကြွေးမြီထုတ်ချေးခြင်းတွင် ပါဝင်သည့် သို့မဟုတ် ပါဝင်ခဲ့သည့် တစ်စုံတစ်ဦးက လူမွဲခံယူသည့်အဖွဲ့အစည်းထံမှ ရယူထားခဲ့သော ငွေပမာဏတစ်ရပ်ရပ်ကို ရာထူးလက်ရှိဖြစ်သူအား ပေးအပ်စေသည့် ဖော်ပြချက်၊

(၄) ထိုကြွေးမြီထုတ်ချေးခြင်းအလို့ငှာ အာမခံအဖြစ် တစ်စုံတစ်ဦးက ကိုင်ဆောင်ထားသော ပစ္စည်းတစ်ရပ်ရပ်ကို ထိုသူက ရာထူးလက်ရှိ ဖြစ်သူထံသို့ လွှဲပြောင်းပေးအပ်စေသည့် ဖော်ပြချက်၊

(၅) ထိုကြွေးမြီထုတ်ချေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် ပုဂ္ဂိုလ်များအကြား စာရင်းရှင်းလင်းတင်ပြရန် ညွှန်ကြားသည့် ဖော်ပြချက်။

**ကုမ္ပဏီ၏အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တချို့ကို ရှောင်ရှားခြင်း**

၃၆၄။ (က) ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသော ဆက်စပ်သည့်အချိန်တွင် ဖြစ်ပေါ်လာသော ကုမ္ပဏီ၏လုပ်ငန်းတာဝန် သို့မဟုတ် ပစ္စည်းတစ်ရပ်အပေါ်ရှိ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်သည် အောက်ပါအတိုင်းအတာ အထိမှတစ်ပါး တရားမဝင် ပျက်ပြယ်စေရမည်-

(၁) ထိုကြွေးမြီတာဝန်ကို ဖြစ်ပေါ်စေသည့်အချိန်တွင်ဖြစ်စေ၊ နောက်ပိုင်း အချိန်များတွင်ဖြစ်စေ ကုမ္ပဏီသို့ ပေးချေခဲ့သည့် ငွေကြေးများ သို့မဟုတ် တင်သွင်းထားခဲ့သော ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်စေသည့် ကြွေးမြီတန်ဖိုး၊

(၂) ကုမ္ပဏီ၏ကြွေးမြီတာဝန်နှင့် ကြွေးမြီတစ်ရပ်ရပ်ကို ဖြစ်ပေါ်စေသည့် အချိန်တွင်ဖြစ်စေ၊ နောက်ပိုင်းအချိန်များတွင်ဖြစ်စေ ထိုကြွေးမြီများကို ပေးချေခြင်း သို့မဟုတ် လျှော့ပေါ့ပေးခြင်းကြောင့်ဖြစ်ပေါ်လာသည့် ကြွေးမြီတန်ဖိုး၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) အတွင်းကျရောက်သော ငွေပမာဏတစ်ရပ်နှင့် စပ်လျဉ်း၍ ပေးချေရမည့် အတိုးငွေပမာဏ။

(ခ) ကုမ္ပဏီ၏အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ပေါ်ပေါက်သည့်အချိန်သည် အောက်ပါအခြေအနေတစ်ရပ်တွင် ဤပုဒ်မအလို့ငှာ ဆက်စပ်သည့်အချိန် ဖြစ်သည်ဟု မှတ်ယူရမည်-

(၁) ကုမ္ပဏီနှင့်ဆက်စပ်သည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျိုးစီးပွားအလို့ငှာ ပြုလုပ်ထားသော ကြွေးမြီတာဝန်ဖြစ်သည့်ကိစ္စတွင် စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ လေးနှစ်ကာလအတွင်း၊ သို့မဟုတ်

(၂) အခြားတစ်စုံတစ်ဦး၏ အကျိုးစီးပွားအလို့ငှာ ပြုလုပ်ထားသော ကြွေးမြီတာဝန်ဖြစ်သည့်ကိစ္စတွင် စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ ၆ လကာလအတွင်း။

(ဂ) ထိုကြွေးမြီတာဝန်တင်ရှိစဉ်က ထိုကုမ္ပဏီသည် ကြွေးမြီပေးဆပ်နိုင်သည့် အခြေအနေမရှိကြောင်း သို့မဟုတ် ကုမ္ပဏီလူမွဲခံယူသည့် အကျိုးဆက်ကြောင့် ကြွေးမြီပေးဆပ်ခြင်းမပြုနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း ယုံကြည်သည့်အခါ တရားရုံးသည် အထက်ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့် အချိန်အတွင်း ကျရောက်သည့် ကြွေးမြီတာဝန်နှင့် စပ်လျဉ်းသည့် အမိန့်ကိုသာ ချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်များအရ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်အတွက် အဖိုးစားနားအနေဖြင့် ပေးသွင်းခဲ့သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏တန်ဖိုးသည် ထိုအဖိုးစားနားမှတစ်ပါး ထိုကုမ္ပဏီသို့ ပေးသွင်းခဲ့သည့်အရာများအပေါ် သတ်မှတ်ထားသည့် တူညီသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စီးပွားရေးလုပ်ငန်းများ ပုံမှန်လုပ်ဆောင်မြဲအတိုင်း လုပ်ဆောင်ရာ၌ ပေးသွင်းခဲ့သော ထိုကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် ယင်းတို့ကိုပေးသွင်းခဲ့စဉ်က ရရှိရန် ကျိုးကြောင်းဆီလျော်စွာ မျှော်မှန်းနိုင်သော ငွေကြေးပမာဏဖြစ်သည်။

**အခန်း (၄)**

**အခြားကိစ္စများ**

**စာအုပ်စာတမ်းများကို ကြွေးမပြေ၍အာမခံအဖြစ် လက်ဝယ်ထားပိုင်ခွင့်**

၃၆၅။ (က) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေများတွင် သက်ဆိုင်စေရမည် -

(၁) ကုမ္ပဏီသည် အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေလျှင်၊

(၂) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်နေလျှင်၊ သို့မဟုတ်

(၃) ကုမ္ပဏီသည် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကို ခန့်အပ်ဆောင်ရွက်နေလျှင်။

(ခ) ကုမ္ပဏီ၏စာအုပ်စာတမ်းများ သို့မဟုတ် အခြားမှတ်တမ်းများကို အခြားသူတစ်ဦး၏ လက်ဝယ်ထားခွင့် သို့မဟုတ် ယင်းတို့ကို ဆက်လက်လက်ဝယ်ထားရှိရန် အခြားအခွင့်အရေးတစ်ရပ်ရပ်သည် ရာထူးလက်ရှိဖြစ်သူ၏ ကျိုးကြောင်းဆီလျော်သည့် အခွင့်အရေးတစ်ရပ်ကို ဟန့်တားပိတ်ပင်ရာရောက်လျှင် ယင်းအတိုင်းအတာအထိ ယင်းအခွင့်အရေးများကို အတည်ပြုဆောင်ရွက်ခွင့်မရှိစေရ။

**အဝေးရောက်အစည်းအဝေးတက်နိုင်သည့်နည်းလမ်း**

၃၆၆။ အောက်ပါအစည်းအဝေးများကို အဝေးရောက်တက်နိုင်ခြင်းနှင့် စပ်လျဉ်းသည့် နည်းလမ်းများကို နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်-

(၁) ဤဥပဒေ သို့မဟုတ် နည်းဥပဒေများအရ ဆင့်ခေါ်ကျင်းပသည့် မြီရှင်များ အစည်းအဝေး၊ လူမွဲဖြစ်သူ သို့မဟုတ် ကုမ္ပဏီတို့၏ အစည်းအဝေး တစ်ရပ်ရပ်၊ သို့မဟုတ်

(၂) ဤဥပဒေ သို့မဟုတ် နည်းဥပဒေများအရ ရာထူးလက်ရှိဖြစ်သူက ဆင့်ခေါ် ကျင်းပသည့် ကုမ္ပဏီတွင်ပါဝင်သူများနှင့် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူတို့၏ အစည်းအဝေး တစ်ရပ်ရပ်။

**ဝက်ဘ်ဆိုက်များအသုံးပြုခြင်း။**

၃၆၇။ ဤဥပဒေ သို့မဟုတ် နည်းဥပဒေများအရ ရာထူးလက်ရှိဖြစ်သူက လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသည့် အကြောင်းကြားစာ၊ စာတမ်းအမှတ်အသား သို့မဟုတ် သတင်းအချက်အလက်ပေးပို့ရန်တာဝန်နှင့်စပ်လျဉ်း၍ အင်တာနက်ဝက်ဘ်ဆိုက် သို့မဟုတ် အခြားသော အီလက်ထရွန်နစ်နည်းတစ်ဘုတ် သို့မဟုတ် ကြားခံဆက်သွယ်ရေးစနစ် တစ်ရပ်ရပ်မှတစ်ဆင့် ပြုလုပ်ရမည့်နည်းလမ်းများကို နည်းဥပဒေဖြင့် သတ်မှတ်နိုင်သည်။

**အပိုင်း (၁၀)**

**နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းနှင့်စပ်လျဉ်းသည့်ဥပဒေ**

**အခန်း (၁)**

**နိဒါန်း**

**ရည်ရွယ်ချက်**

၃၆၈။ ဤအပိုင်းပါ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းနှင့်ပတ်သက်၍ ထိရောက်သည့် စနစ်တစ်ရပ် ဖော်ဆောင်ရန်၊

(ခ) နယ်စပ်ဖြတ်ကျော် လူမွဲခံယူသည့်အမှုများတွင် နိုင်ငံခြားတရားရုံးများနှင့် သက်ဆိုင်ရာ အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ခိုင်မာသည့် ဥပဒေမူဘောင်တစ်ရပ် ဖြစ်စေရန်၊

(ဃ) မြီရှင်များ၊ မြီစားများနှင့် အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကို မျှတစွာနှင့် ထိရောက်စွာ စီမံဆောင်ရွက်ပေးရန်၊

(င) မြီစားပိုင်ပစ္စည်းကို ကာကွယ်ခြင်းနှင့် ယင်းပစ္စည်း၏တန်ဖိုးကို တတ်နိုင်သမျှ မြှင့်တင်ပေးရန်၊

(စ) ငွေကြေးအခက်အခဲဖြစ်နေသည့် စီးပွားရေးလုပ်ငန်းများကို ကယ်ဆယ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်ပြီး အလုပ်အကိုင်များတည်မြဲစေရန်။

**အခန်း (၂)**

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃၆၉။ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

*(ဆက်လက်ဖော်ပြပါမည်)*

# ပွင့်ဖြူမြို့နယ်၌ အခြေခံ ရှေးဦးပြုစုခြင်းနှင့် ဘေးအန္တရာယ်လျှော့ပါးရေး သင်တန်းဆင်း

**ပွင့်ဖြူ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကြက်ခြေနီအသင်းခွဲရုံးနှင့် ပညာရေးဌာနတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်ခဲ့သည့် အခြေခံ ရှေးဦးပြုစုခြင်းနှင့် ကျောင်းအခြေပြု ဘေးအန္တရာယ်လျှော့ပါးရေးသင်တန်း အမှတ်စဉ်(၁/ ၂၀၁၈)သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၃ ရက်က ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပွင့်ဖြူမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာ ထွန်းထွန်းက သင်တန်းသားများအနေဖြင့် သင်တန်းတွင် လေ့လာသင်ယူခဲ့ရသော အခြေခံ ရှေးဦးပြုစုခြင်းပညာရပ်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြုံတင်ကာကွယ်ရမည့် နည်းလမ်းများ၊ တုန့်ပြန်ဖြေရှင်းရန် နည်းစနစ်များကို ပိုမိုကျွမ်းကျင်ရန်အတွက် အစဉ်လေ့ကျင့်သွားကြစေလိုကြောင်း အမှာစကားပြောကြားပြီး လယ်ကိုင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လယ်ကိုင်း အထကမှ ယာယီကျောင်းအုပ်ဆရာမကြီးက ကျောင်းသား ကျောင်းသူများအား ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ပြီး စစ်ရေးပြနှင့် အခြေခံ ရှေးဦးပြုစုနည်းပညာများ၊ သဘာဝဘေးအန္တရာယ် လျှော့ပါးရေးဆိုင်ရာများ ပို့ချသင်ကြားပေးမှုအပေါ် ကျောင်းသားကျောင်းသူများကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် တက်ကြွစွာကြိုးစားမှုဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အခြေခံ ရှေးဦးပြုစုခြင်းနှင့် ကျောင်းအခြေပြု ဘေးအန္တရာယ်လျှော့ပါးရေး သင်တန်း အမှတ်စဉ်(၁/ ၂၀၁၈)ကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ကိုးရက်ကြာ ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့ပြီး သင်တန်းသို့ လယ်ကိုင်း အထကကျောင်းမှ ကျောင်းသား ကျောင်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိုးနဲမြို့နယ်၌ ကျွဲ၊ နွားနှင့် ဝက်များကို ကူးစက်ရောဂါကာကွယ်ဆေး ထိုးနှံပေး

**မိုးနဲ နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသတွင်းမှပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားများအား ပေါင်ပုပ်လက်ပုပ်ရောဂါ၊ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများနှင့် ဝက်များအား ဝမ်းကျရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ဒေသတွင်းမှပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားနှင့် ဝက်များတွင် ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးအနေဖြင့် ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးနေခြင်းဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၄ ရက်က ပေါ့မိုင်းရပ်ကွက်၌ ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဝင်း၏ ပြောကြားချက်အရ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



# မြိတ်ခရိုင်အတွင်း အကောင်အထည်ဖော်မည့် စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

**မြိတ် နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ဌာနဆိုင်ရာများက ၂၀၁၈ ခုနှစ် ကာလတို ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည့် နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းပွဲကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြိတ်ခရိုင် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး မြိတ်ခရိုင်စီမံကိန်းဦးစီးမှူး ဦးမျိုးဇော်ထွန်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် ကာလတို ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြကာ လွှတ်တော်ကိုယ်စားလှယ်များက လိုအပ်ချက်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မကွေး၌ သန့်ရှင်းမှုအားနည်းသည့် ရေသန့်လုပ်ငန်းများကို ဖြန့်ဖြူးခွင့်ပိတ်

**မကွေး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီးတွင် စံမီသောရေသန့်များ ပေါ်ထွက်လာရေးစီမံချက်ကို လုပ်ဆောင်လျက်ရှိပြီး အဆိုပါစီမံချက်အရ အိမ်သုံးစက်များဖြင့် ရေသန့်ထုတ်လုပ်ရောင်းချနေသည့် ရေသန့်လုပ်ငန်းများနှင့် သန့်ရှင်းမှုအားနည်းသည့် ရေသန့်စက်ရုံ ၁၆ ခုကို ဖြန့်ဖြူးခွင့်ပိတ်သိမ်းလိုက်ကြောင်း မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တာဝန်ခံ ဒေါက်တာပြည့်ထူးထံမှ သိရသည်။

ရေသန့်လုပ်ငန်းစစ်ဆေးမှုတွင် FDA ထောက်ခံချက်ရယူရန် ကွင်းဆင်းစစ်ဆေးသည့်အပိုင်းနှင့် ဈေးကွက်ထဲရှိ ရေသန့်များ သန့်ရှင်းမှုရှိမရှိ စောင့်ကြည့်ရသည့်အပိုင်းဟူ၍ အဓိကဆောင်ရွက်ချက် နှစ်ခုရှိကြောင်း၊ အောက်တိုဘာလကုန်အထိ စာရင်းအရ မကွေးတိုင်းဒေသကြီးအတွင်း ရေသန့်စက်ရုံပေါင်း ၈၀ ကျော်ရှိပြီး ခြောက်လတစ်ကြိမ် ပုံမှန်စစ်ဆေးမှု ပြုလုပ်နေကြောင်း၊ ရှောင်တခင်စစ်ဆေးမှုအရ ဖြန့်ဖြူးမှုပိတ်သိမ်းခဲ့ရသည့် စက်ရုံပေါင်း ၁၆ ရုံရှိပြီး အိမ်သုံးစက်များဖြင့်ထုတ်လုပ်ရောင်းချသည့် ၁၂ ရုံနှင့် FDA လျှောက်ထားခြင်းမရှိဘဲ ဖြန့်ဖြူးနေသည့် စက်ရုံလေးရုံတို့ဖြစ်ကြောင်း ဒေါက်တာပြည့်ထူးက ပြောသည်။

"အိမ်သုံးတွေ၊ တရားမဝင်စက်ရုံတွေကို အတွေ့များတာက ဂန့်ဂေါခရိုင်မှာ အများဆုံးဖြစ်နေတယ်၊ ရေရှားတဲ့အနေအထားအရ ဖြစ်သလိုလေးတွေလုပ်ပြီး ဖြန့်နေတာတွေရှိတယ်၊ ဒါတွေကို အရင်တုန်းက လက်လှမ်းမမီခဲ့ဘူး၊ ဒီပရောဂျက်လုပ်လိုက်မှ ဆောမှာတစ်ရုံ၊ ကျောက်ထုမှာ တစ်ရုံ၊ ထီးလင်းမှာနှစ်ရုံ တွေ့တယ်။ အဲဒီခရိုင်မှာ အရေးယူရတဲ့အပိုင်းက တစ်တိုင်းလုံးရဲ့ သုံးပုံတစ်ပုံလောက်ဖြစ်နေတယ်"ဟုလည်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ရေရှားသည့် အချို့မြို့နယ်များတွင် ရေသန့်စက်ရုံ တစ်ရုံသာရှိသည့်အတွက် FDA ထောက်ခံချက်ရရှိအောင် ကြိုးစားဆောင်ရွက်ရန်နှင့် ပြင်ဆင်ရန်ဆိုသည့် မှတ်ချက်များကို သက်ဆိုင်ရာမြို့နယ်ကော်မတီများ၏ ဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ စားသုံးသူအပေါ် အန္တရာယ်ရှိလောက်အောင် စည်းကမ်းနှင့်မညီညွတ်သည့် စက်ရုံများကိုမူ ချက်ချင်း ခံဝန်ထိုးစေပြီး ဖြန့်ဖြူးခွင့်ပိတ်သိမ်းခဲ့ရကြောင်း စံမီသောရေသန့်များပေါ်ထွက်လာရေးစီမံချက် ဆောင်ရွက်နေသော စစ်ဆေးရေးအဖွဲ့ထံမှ သိရသည်။

စံမီသောရေသန့်များပေါ်ထွက်လာရေးစီမံချက်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ နီးနွယ်ဆက်စပ်သည့် အခြားဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်၍ လုပ်ဆောင်နေကြကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ပြည်ပသို့ ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ တင်ပို့နိုင်ပါက ရေလုပ်ငန်း ပို၍တိုးတက်လာမည်

**ဖျာပုံ နိုဝင်ဘာ ၅**

မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ပထမဦးစားပေးလုပ်ငန်းဖြစ်ပြီး ဒုတိယ ဦးစားပေးမှာ ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းဖြစ်သည်။ ရေချိုရေငန် ငါး၊ ပုစွန်လုပ်ငန်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် လူဦးရေ ၃ ဒသမ ၅ သန်းကျော် လုပ်ကိုင်နေကြကြောင်းသိရသည်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သည့် 'ရွှေခေတ်သို့လှမ်းမည့် မြန်မာ့ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း' ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအေးက မြန်မာနိုင်ငံမှထွက်ရှိသည့် မွေးမြူရေးထွက်ကုန်များကို လာမည့် ဒီဇင်ဘာ ၁ ရက်မှစတင်ပြီး ဥရောပသမဂ္ဂ(EU) နိုင်ငံများသို့ တင်ပို့ခွင့်ရရှိတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ဆော်ဒီအာရေးဗီးယားနိုင်ငံကလည်း မြန်မာ့ရေထွက်ပစ္စည်းများ တင်ပို့မှုကို ပြီးခဲ့သည့် မတ်လ ၃၁ ရက်မှစ၍ ပိတ်သိမ်းထားခဲ့ရာ မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် ဆော်ဒီအာရေးဗီးယားနိုင်ငံမှ တာဝန်ရှိသူများ ညှိနှိုင်းလျက်ရှိပြီး အဆင်ပြေတော့မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မွေးမြူရေးငါးမြစ်ချင်းများကို ယခင်က ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး တင်ပို့မှုပိတ်သိမ်းခဲ့သဖြင့် လက်ရှိအချိန်အထိ အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော် နစ်နာခဲ့ကြောင်းလည်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။



ဖျာပုံမြို့မှ ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များဖြန့်ဖြူးရာ ဈေးကြီးတစ်ခု

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန် မက်ထရစ်တန်ချိန် ၅၆၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ရရှိခဲ့ကြောင်းနှင့် လက်ရှိအချိန်တွင် ယခင်က ဆုံးရှုံးခဲ့သည့်အခွင့်အရေးများ ပြန်လည်ရရှိလာခြင်းနှင့်အတူ မြန်မာ့ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်မှ တာဝန်ရှိသူများ၊ ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ မွေးမြူထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်အရောက် ရောင်းချသွားနိုင်ရန်လည်း လိုအပ်ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ဗန်းမော်မြို့ ရောဘတ်စစ်ရှောင်စခန်းမှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေး

**ဗန်းမော် နိုဝင်ဘာ ၅**

ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ စစ်ရှောင်စခန်းများတွင် ရောက်ရှိနေထိုင်ကြသော တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများထဲမှ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)မရှိသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ ဝန်ထမ်းများက ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ နိုဝင်ဘာ ၃ ရက်တွင် ညောင်ပင်ရပ်ကွက်ရှိ ရောဘတ်စစ်ရှောင်စခန်းမှ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



ဗန်းမော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမြင့်ကျော်နှင့် ဝန်ထမ်းများက ကွင်းဆင်းပြုလုပ်ပေးခဲ့ခြင်းဖြစ်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူ ၆၈ ဦးအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့နယ်အတွင်း၌ တိုက်ပွဲရှောင်ပြည်သူများ ရောက်ရှိခိုလှုံနေသည့် စခန်းရှစ်ခုရှိရာ အဆိုပါစခန်းအားလုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း မရှိကြသေးသည့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ဗန်းမော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးအနေဖြင့် ဆက်လက်၍ ကွင်းဆင်းပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ဆီမီးခုံ-နန်းရီ**

# အိုးစည်သံညံမစဲ တောင်ကြီးတန်ဆောင်တိုင်ပွဲ

**ဆောင်းပါးနှင့် ဓာတ်ပုံ-မိုးလွင်ဦး(လွိုင်လင်)**

နှင်းမှုန်ရစ်ဝိုင်း ကမ္ဘောဇတိုင်း၌နေ သာယာအေးချမ်း မြို့တော်ရှမ်း(တောင်ကြီးမြို့)၌ တောင်ပေါ်ဒေသ ဆောင်းည များနှင့်အတူ ၁၃၈၀ ခုနှစ် တန်ဆောင်တိုင်ပွဲတော်ကြီးကို အိုးစည်ဗုံမောင်းသံ တညံညံဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြတော့မည်ဖြစ်သည်။

**တောင်ကြီးမြို့နှင့် ပွဲတော်များ**

တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သလို ရှမ်းပြည်နယ်အစိုးရ ရုံးစိုက်ရာမြို့လည်းဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အဖက်ဖက်တွင် ဖွံ့ဖြိုးတိုးတက်စည်ပင်နေသောမြို့ဖြစ်သည်။ အလားတူ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ အများဆုံး လာရောက်လည်ပတ်ကြသည့်မြို့လည်းဖြစ်သည်။ အကြောင်းမှာ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်ရှိမြို့များတွင် လည်ပတ်စရာ လေ့လာစရာ ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းအမွေအနှစ်များ၊ သာသနိကအဆောက်အအုံများ၊ သဘာဝ ထုံးကျောက်လိုဏ်ဂူများ၊ စေတီပုထိုးများရှိ၍ တောင်ကြီးမြို့တွင်အခြေချပြီး ထိုနေရာများသို့ နေ့ချင်းပြန်ခရီးများ အလွယ်တကူ သွားနိုင်ခြင်းကြောင့်ဖြစ်သည်။

နှစ်စဉ် သီတင်းကျွတ်လဆန်း ၁ ရက်နေ့မှ လပြည့်ကျော် ၃ ရက်နေ့အထိသည် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ပွားတော်များအား အင်းလေးဒေသ ၂၁ ဌာနသို့ လှည့်လည်ပင့်ဆောင် အပူဇော်ခံသည့်ပွဲရက်များဖြစ်သည်။ ထိုအချိန်မှစ၍ ရှမ်းအိုးစည်သံများကို အသံမစဲ စတင်ကြားလာရပြီဖြစ်သည်။ လက်ရှိအချိန်မှာမူ သီတင်းကျွတ်ပွဲတော်ပြီး၍ တန်ဆောင်တိုင်ပွဲတော်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် တန်ဆောင်တိုင် ဘုံကထိန်ပွဲတော် အချိန်ကာလများတွင် ရှမ်းပြည်နယ်၌သာမက မြန်မာတစ်နိုင်ငံလုံးတွင်လည်း ဒေသအလိုက် ရိုးရာ အိုးစည်ဒိုးပတ်သံများက ဘဝင်တိုင်အောင် သောသောညံစီနေမည် ဖြစ်သည်။

**တောင်ကြီးတန်ဆောင်တိုင်ပွဲတော်**

နှစ်စဉ် အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို ယခုနှစ်တွင် နိုဝင်ဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ပွဲတော်ဖွင့်ပွဲ ၊ ပိတ်ပွဲ၊ နေ့လွှတ် အရုပ်မီးပုံးပျံပြိုင်ပွဲ၊ ညလွှတ် စိန်နားပန်မီးပုံးပျံပွဲ၊ ညလွှတ် မီးကြီး(ယမ်းခွေပါ)မီးပုံးပျံပြိုင်ပွဲစသည့် နာမည်ကျော် မီးပုံးပျံပြိုင်ပွဲများနှင့်အတူ မြို့လုံးကျွတ် ဘုံကထိန်လှည့်လည်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ မီးပဒေသာလှည့်လည်ပြိုင်ပွဲ၊ တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲပိတ်ပွဲအတွက် တေးသီချင်းပြိုင်ပွဲ၊ ပွဲတော် မှတ်တမ်းဓာတ်ပုံပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။ ထို့အပြင် ယခု ၂၀၁၈ ခုနှစ်မှစတင်၍ တန်ဆောင်တိုင်ပွဲတော်နှင့် ပတ်သက်သည့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။



ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်မှ မီးပဒေသာလှည့်လည်ပွဲ



ပြီးခဲ့သည့်နှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်မှ မီးပုံးပျံ(ညမီးကြီး)ပြိုင်ပွဲ

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သည် မီးပုံးပျံပြိုင်ပွဲများကြောင့် ပြည်တွင်းသာမက ပြည်ပအထိ ထင်ပေါ်ကျော်ကြားသည့် ပွဲတော်ဖြစ်ရာ တန်ဆောင်တိုင်ကာလတွင် နိုင်ငံခြားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းမှ ခရီးသွားဧည့်သည်များဖြင့် အထူးစည်ကားလေ့ရှိသည်။ ပွဲတော်သို့ရောက်လာကြသည့် ဧည့်သည်များသည် အထက်တွင်ဖော်ပြခဲ့သည့် မြို့အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များမှ လေ့လာစရာနေရာများသို့လည်း သွားရောက်လည်ပတ်ခြင်းဖြင့် ရှမ်းပြည်နယ်၏ ရှုမဆုံးနိုင်သည့် အလှအပများကို မြင်တွေ့ရပြီး တောင်ပေါ်မြေ ဆောင်းည၏ အရသာကို ခံစားကြရကာ အမှတ်တရများစွာ ရရှိသွားကြမည်လည်း ဖြစ်သည်။

**ဧည့်သည်များအတွက် အကြံပြုချက်များ**

စာရေးသူသည် ပြည်နယ်၏လိုအပ်ချက်၊ တာဝန်ပေးမှုဖြင့် နှစ်စဉ်နှစ်တိုင်း တန်ဆောင်တိုင်ပွဲတော်တွင် မှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုများ ရိုက်ကူးရေးတာဝန်ကို ထမ်းဆောင်ရသည်။ သို့ဖြစ်ရာ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသည့် ပြည်တွင်း(ရပ်ဝေး)မှ ဧည့်သည်များအား အကြံပြုလိုသည်များကို အနည်းငယ် တင်ပြလိုပါသည်။

တောင်ကြီး တန်ဆောင်တိုင်ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှလာရောက်ကြသည့်ဧည့်သည်များ အင်မတန်မှစည်ကားများပြားလှသဖြင့် မီးပုံးပျံပြိုင်ပွဲကျင်းပရာ အဝေရာကွင်းအတွင်းသို့ ညပိုင်းလာရောက်မည်ဆိုပါက ရှေးဦးစွာ မိမိတို့တည်းခိုသည့်နေရာ၊ လိပ်စာကတ်၊ ဖုန်းနံပါတ်များကို စုဆောင်းထားရှိရန်၊ မော်တော်ကားရပ်နားထားသည့် နေရာများကို မှတ်သားထားရန် လိုအပ်သည်။

မိမိတို့ အတူလာရောက်ကြသည့်သူများ အဖွဲ့မကွဲစေရန် တစ်ဦးနှင့်တစ်ဦး လက်တွဲထားပြီး တစ်စုတစ်စည်းတည်း အတူကြည့်ရှုအားပေးကြရန်၊ အထူးသဖြင့် ကလေးငယ်များအား ဂရုတစိုက်လက်တွဲထားရန် လိုအပ်သည်။ အကယ်၍ အဖွဲ့ကွဲသွားပါက မီးပုံးပျံပြိုင်ပွဲကျင်းပသည့် ကွင်းအတွင်း VIP ပွဲကြည့်စင်အနီး၌ ပြန်ကြားရေးဌာန ဖွင့်လှစ်ထားသဖြင့် ထိုနေရာတွင် အကူအညီတောင်းခံနိုင်သည်။ ထို့အတူ မိမိတို့ အဖွဲ့သားများ ပြန်ဆုံရမည့်အချိန်၊ စုရပ်များကို စနစ်တကျစီမံထားရန် လိုအပ်သည်။

မီးပုံးပျံပြိုင်ပွဲများကို ကြည့်မည်ဆိုပါက လေတိုက်ရာအရပ်ကိုလေ့လာပြီး လေအထက်မှကြည့်ရှုကြရန် လိုအပ်သည်။ မီးပုံးပျံများကိုကြည့်ရာတွင် နေ့လွှတ်အရုပ်နှင့် စိန်နားပန် မီးပုံးပျံများကို အနီးကပ် ကြည့်ရှုလေ့လာနိုင်ကြသော်လည်း ညမီးကြီး(ယမ်းခွေပါ)မီးပုံးပျံမှာမူ ယမ်းခွေများပါရှိသည့် အတွက် အန္တရာယ်များသဖြင့် အဝေးမှသာ ကြည့်ရှုအားပေးသင့်သည်။ ဤကဲ့သို့ အခြေအနေများသည် နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေကြဖြစ်၍ အထူးသတိထားကြရန်လိုအပ်ကြောင်း အကြံပြုလိုပါသည်။

**မီးပုံးပျံပြိုင်ပွဲများကို ကြည့်မည်ဆိုပါက လေတိုက်ရာအရပ်ကိုလေ့လာပြီး လေအထက်မှ ကြည့်ရှုကြရန် လိုအပ်သည်၊ မီးပုံးပျံများကို ကြည့်ရာတွင် နေ့လွှတ်အရုပ်နှင့် စိန်နားပန် မီးပုံးပျံများကို အနီးကပ် ကြည့်ရှုလေ့လာနိုင်ကြသော်လည်း ညမီးကြီး(ယမ်းခွေပါ) မီးပုံးပျံမှာမူ ယမ်းခွေများပါရှိသည့်အတွက် အန္တရာယ်များသဖြင့် အဝေးမှသာ ကြည့်ရှုအားပေးသင့်သည်၊ ဤကဲ့သို့ အခြေအနေများသည် နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေကြဖြစ်၍ အထူးသတိထားကြရန် လိုအပ်ကြောင်း အကြံပြုလို**

တောင်ကြီးတန်ဆောင်တိုင်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်မည့် ဧည့်သည်များအနေဖြင့် အိုးစည်သံညံမစဲသည့် တောင်ကြီးတန်ဆောင်တိုင်ပွဲနှင့် မီးပုံးပျံပြိုင်ပွဲကို ဆောင်းနှင်းအေးအေးကြားတွင် ကြည့်ရှုအားပေးကြရင်း ရှုမဆုံးနိုင်သည့် ရှမ်းရိုးမ၏ သဘာဝအလှအပများကိုလည်း မြင်တွေ့ကြရပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဘဝအမောများ ပြေပျောက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

# ပလတ်စတစ်အသုံးပြုမှုလျှော့ချရေးလှုပ်ရှားမှု ဖလမ်းမြို့၌ပြုလုပ်

**ဖလမ်း နိုဝင်ဘာ ၅**

ချင်းပြည်နယ် ဖလမ်းမြို့၌ ပလတ်စတစ် အသုံးပြုမှုလျှော့ချရေး လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ပလတ်စတစ်အသုံးပြုခြင်း၏ ဆိုးကျိုးများကို ဖော်ပြထားသည့် 'ကြွပ်ကြွပ်အိတ် လိုလို့လား' ခေါင်းစဉ်ဖြင့် ပညာပေး ပိုစတာများကပ်ခြင်းကို နိုဝင်ဘာ ၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချင်းလူမှုကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း(CRCDF)မှ အတွင်းရေးမှူး ဆလိုင်းငယ်ပီးက "လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ပလတ်စတစ်အိတ်အသုံးပြုမှု လျှော့ချနိုင်ဖို့အတွက် လူထုကို ပညာပေးတာဖြစ်ပါတယ်၊ ကြွပ်ကြွပ်အိတ်သည် အလွန်အန္တရာယ်ရှိကြောင်း စတဲ့ အကြောင်းအရာတွေပါတဲ့ ဆိုင်းဘုတ်ကို တင်ထားပြီးဖြစ်ပါတယ်၊ ကြွပ်ကြွပ်အိတ်က နှစ် ၈၀၀ အထိ ဆွေးမြေ့ဖို့ အချိန်ယူရတယ်၊ ဖလမ်းမြို့အနေအထားဆိုရင်တော့ ရေမြောင်းတွေမှာ ပလတ်စတစ်အိတ်တွေ ပိတ်လို့ မြေပြိုမှုတွေလည်း ရှိဖူးပါတယ်၊ ပလတ်စတစ်ကို ဘယ်လို လျှော့ချပြီး အသုံးပြုနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြည်သူလူထုကြား အသိပညာပေးခြင်းဖြစ်ပါတယ်၊ ဒီနေ့ကပ်တာကတော့ ဖလမ်းမြို့မှာရှိတဲ့ စားသောက်ဆိုင် အားလုံးနီးပါးပါ၊ တစ်ခြားနေရာအနေနဲ့ လူအများသွားလာတဲ့နေရာတွေမှာလည်း ကပ်ပါတယ်"ဟု ပြောသည်။

ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေးသည် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်မှုတစ်ရပ်လည်းဖြစ်ကြောင်း၊ လူသားတစ်ယောက်အနေဖြင့် ကမ္ဘာမြေကြီးအတွက် ကောင်းကျိုးတစ်ခုလုပ်ပေးနိုင်သည့်ကိစ္စလည်း ဖြစ်သည့်အတွက် အားလုံး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ဆလိုင်းငယ်ပီးက ဆက်ပြောသည်။

ဖလမ်းမြို့၌ ပလတ်စတစ်အသုံးပြုမှုလျှော့ချရေး လှုပ်ရှားမှုကို ချင်းလူမှုကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင့်အတူ သန့်မြန်မာ၊ ပြည်သူ့အကျိုးပြု ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဖလမ်းမြို့ရှိ စျေးဆိုင်များနှင့် ပြည်သူအများသွားလာသည့် နေရာတိုင်းတွင် 'ကြွပ်ကြွပ်အိတ် လိုလို့လား' ပိုစတာများ ကပ်ခဲ့ကြောင်း သိရသည်။

ဌန်




မြို့ပေါ်ရှိ စတိုးဆိုင်တစ်ဆိုင်တွင် ကပ်ထားသော ပညာပေးပိုစတာတစ်ခုကို တွေ့ရစဉ်။

Organized By | Proudly Supported By | Participate Association

Myanmar Investment Commission

MINISTRY OF COMMERCE

Mandalay Region Government

Mandalay Region Investment Committee

New Starlight Group of Companies

Mandalay Region Chamber of Commerce and Industry

MBF

MANDALAY BUSINESS FORUM 2018

# မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် နှင့် ကုန်စည်ပြပွဲ သို့ တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်း ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ တို့မှ ကြီးမှူး၍ New Starlight Group of Companies ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့တွင် မန္တလေးမြို့ရှိ Mandalay Convention Centre ၌ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါဖိုရမ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း နှင့် အလားအလာများ၊ စားသောက်ကုန်လုပ်ငန်း၊ ဟိုတယ် နှင့် ခရီးသွားလာရေးကဏ္ဍ ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်ရေးဆိုင်ရာ မူဝါဒများ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေစသည်တို့ကို သက်ဆိုင်ရာဌာနများ နှင့် ပုဂ္ဂလိက ကဏ္ဍများ မှ တာဝန်ရှိသူများမှ ရှင်းလင်းဆွေးနွေးမည်ဖြစ်ပြီး တိုက်ရိုက် မေးမြန်းရှင်းလင်းပြောကြားနိုင်မည့် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ပါသည်။

၃။ ထို့အပြင် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကုန်စည်ပြပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့ မှ (၁၁) ရက်နေ့ထိ Mandalay Convention Centre ရှိ Multi Function Hall ၌ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး စီးပွားရေး ဖိုရမ် ဆွေးနွေးပွဲ အသေးစိတ်အား www.mandalaybusinessforum.com သို့ ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ လိပ်စာများအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**

## Forum Contacts

**မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ**

၂၆ × ၂၇လမ်းကြား
၈၄လမ်း၊ ဈေးချိုမြောက်ဘက်တိုက်တန်း၊
တတိယထပ်၊ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၂-၄၀၈၆၆၆၁
ဖက်စ် ၀၂-၄၀၈၆၆၆၀
Mobile - ၀၉-၅၀၃၈၀၆၀

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။
ဖုန်း ၀၁-၆၅၈၀၃၂
ဖက်စ် ၀၁-၆၅၈၀၄၃

**TRADE FAIR CONTACTS**

New Starlight Group of Companies
Address
No.5, Thazin Street, Between 73rd Street
& 74th Street, Mingalar Mandalay Villa,
Ta-10, Myo Thit (1) Ward,
Chan Mya Thar Si Township, Mandalay,
Myanmar.
Mobile: 09-450011139,09-790188888,09-402532450
Email : info@mandalaybusinessforum.com
Websit : www.newstarlight.com.mm

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါစက်/ယာဉ်/ယန္တရားများနှင့် အရန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| 1 | Electric Vibro Hammer (90 kW) (With Electric Control Panel, Electric Cable Standard Length) | 1 Set | |
| 2 | Truck Crane (5 Tons) | 5 Nos | |
| 3 | Kelly Bar With Swivel | 5 Set | |
| 4 | Bored Pile Crane Spare Parts | 1 Lot | |
| 5 | Service Crawler Crane Spare Parts | 1 Lot | |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁၁-၂၀၁၈ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၁-၁၂-၂၀၁၈ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (စက်မှု)၊**
**ရုံးအမှတ် (၁၁)ဝင်း၊ နေပြည်တော် ဖုန်း-၀၉-၅၁၄၇၁၂၉၊ ၀၉-၂၄၀၁၀၉၃၊ ၀၉-၉၇၇၁၀၁၀၅၀၊ ၀၉-၉၇၂၉၉၉၉၇၆**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့်အောက်ဖော်ပြပါတံတားပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| 1 | Bailey Suspension Bridge (400ft) | 1 Set | |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁၁-၂၀၁၈ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၁-၁၂-၂၀၁၈ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ(စက်မှု)၊**
**ရုံးအမှတ် (၁၁)ဝင်း၊ နေပြည်တော် ဖုန်း-၀၉-၅၁၄၇၁၂၉၊ ၀၆၇-၄၀၇၄၆၆၊ တံတားဦးစီးဌာန(ရုံးဖုန်း)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ်စဉ်(၁)၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်**

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေတို့ဖြင့် ချောင်း၊ မြောင်းတူးဖော်ခြင်းနှင့် တာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၁၃-၁၁-၂၀၁၈ရက်မှ ၃၀-၁၁-၂၀၁၈ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
(ဂ) **တင်ဒါလျှောက်လွှာ ခေါ်ယူရမည့်အကြောင်းအရာ** - ချောင်း၊ မြောင်းတူးဖော်ခြင်းနှင့် တာပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်
(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
(င) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၆-၁၂-၂၀၁၈ရက် မွန်းတည့် ၁၂နာရီ
(စ) **တင်ဒါဖွင့်မည့်ရက်၊ အချိန်၊ နေရာ** - ၁၉-၁၂-၂၀၁၈ရက် နံနက် ၁၀နာရီ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

၂။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၉၀၀၄၊ ၀၄၂-၂၉၁၀၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးဘုန်းမြတ်မောင် ၉/ပဇသ(နိုင်)၀၀၃၈၁၆ ၏ဇနီးဖြစ်သူ ဒေါ်နှင်းဖြူစင်ဝင်း ၁၄/ပတန(နိုင်)၂၂၃၂၇၆သည် ကျွန်တော်နှင့် လူကြီးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ရိုင်းပျစွာပြုမူ ဆက်ဆံသောကြောင့် သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်း၏ကိစ္စများကို လုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဘုန်းမြတ်မောင်**
**၉/ပဇသ(နိုင်)၀၀၃၈၁၆**

## နိုင်ငံပိုင်မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်များအားရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်လက်ဝယ်ရှိ မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက် (၁၈)ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသော Lot No တစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာတစ်စောင်စီ တင်သွင်းရမည်။ သတ်မှတ်စပေါ်ငွေ P.O Cheque(Payment Order Cheque) အား တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်၊** - ၈-၁၁-၂၀၁၈ရက်မှ ၆-၁၂-၂၀၁၈ရက်အထိ
**နေရာ** - ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်) စပေါ်ငွေသွင်းရမည့်တန်ဖိုးကို အဆိုပြုလွှာဝယ်ယူသည့်အခါ တစ်ပါတည်း ဖော်ပြပေးပါမည်။

၄။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်**
**P.O Cheque တင်ပြရမည့်ရက်** - ၇-၁၂-၂၀၁၈၊ ၁၀-၁၂-၂၀၁၈၊ ၁၁-၁၂-၂၀၁၈၊
**တင်ဒါတင်သွင်းရမည့်ရက်** - ၁၂-၁၂-၂၀၁၈
- Lot No(၁)မှ(၁၈)အထိ နံနက် ၁၀နာရီမှစ၍ အစဉ်လိုက်လက်ခံပါမည်။
**နေရာ** - ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့်မြေနှင့် အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်တို့အား ကြော်ငြာသည့်ရက်မှစ၍ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန် အဆိုပြုလွှာတင်သွင်းသည့် အချိန်တွင်ဝယ်ယူမည့်မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်အား ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်းဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၆၃၃၉နှင့် ၀၆၇-၄၀၆၁၈၅တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။website http://www. mopf.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| Lot No | လုပ်ငန်းအမည် | မြေဧရိယာ (ဧက) |
|---|---|---|
| ၁ | ၂ | ၃ |
| | **ကချင်ပြည်နယ်(၂)ခု** **မြေနှင့်အဆောက်အအုံ(၂)ခု** | |
| ၁ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ရပ်ကွက်(၂)၊ ဆိပ်မူကျေးရွာ၊ ဦးပိုင်အမှတ်(၁၈၃)၊ ကွင်းအမှတ် (OSS-၉၆)ရှိ မြေနှင့်အဆောက်အအုံ | ၀.၀၅၃ |
| ၂ | ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဈေးကုန်းရပ်ကွက်၊ ဦးပိုင်အမှတ် ၉၂၊ လယ်တောကုန်း၊ အကွက်အမှတ်(၆)ရှိမြေနှင့် အဆောက်အအုံ | ၀.၀၉၁ |
| | **ကရင်ပြည်နယ်(၁)ခု** **မြေကွက်(၁)ကွက်** | |
| ၃ | ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးသူတော်အကွက်၊ ဦးပိုင်အမှတ် ၂၀၊ ကောက်ကြီးလမ်းရှိမြေကွက် | ၀.၀၇၃ |
| | **မန္တလေးတိုင်းဒေသကြီး(၃)ခု** **မြေကွက်(၃)ကွက်** | |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ လမ်း(၃၀)၊ (၅၃×၅၄)လမ်းကြား၊ အကွက်အမှတ်(ဘီ-၄)၊ ဦးပိုင်အမှတ်(၁-ဆ)ရှိမြေကွက် | ၀.၅၆၂၅ |
| ၅ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၄/၁၁)ရှိမြေကွက် | ၀.၀၅၅၁ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၉/၃၄)ရှိမြေကွက် | ၀.၀၅၅၁ |
| | **ရန်ကုန်တိုင်းဒေသကြီး(၂)ခု** **မြေနှင့်အဆောက်အအုံ(၁)ခု** | |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၃)ရပ်ကွက်၊ မြစ်ကြီးနားလမ်း၊ မြေကွက်အမှတ်(၂၁)ရှိဂိုဒေါင် | ၀.၁၆၅ |
| | **တိုက်ခန်း(၁)ခန်း** | |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်အနောက်ရပ်ကွက်၊ (ရွှေဂုံပလာဇာ)၊ အမှတ် ၅၀၂/ဘီ အပေါ်ဆုံးတိုက်ခန်း(၁၅၆၀စတုရန်းပေ) | - |
| | **ရှမ်းပြည်နယ်(၁၀)ခု** **မြေနှင့်အဆောက်အအုံ(၁၀)ခု** | |
| ၉ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ လွန်းကျိုင်းကွင်း၊ ကွင်းအမှတ် ၂၃၊ အမှတ် ၂၄၁၊ အခါဈေးနောက်(ဝိန်းကျောက်ရွာ)၊ ယခင်ဟောင်လိတ်အုပ်စုရှိမြေနှင့်အဆောက်အအုံ | ၀.၀၇၄ |
| ၁၀ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ လွန်းကျိုင်းကျေးရွာ၊ လွန်းကျိုင်းကွင်းအမှတ် ၂၃ရှိမြေနှင့်အဆောက်အအုံ | ၀.၆၁ |
| ၁၁ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊(ဝိန်းကျောက်ရွာ)၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ ယခင်ဟောင်လိတ်အုပ်စုရှိမြေနှင့်အဆောက်အအုံ | ၄.၈ |
| ၁၂ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊လွန်းကျိုင်းရွာ၊ လွန်းကျိုင်းကွင်းအမှတ် (၂၃)ရှိ မြေနှင့်အဆောက်အအုံ | ၀.၇၇ |
| ၁၃ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊(၅)လမ်း အိမ်အမှတ်(၅/၅၈+၅၉)၊ ဦးပိုင်အမှတ် ၁၀၂/၁၀၃၊ အကွက်အမှတ် ၁၆ရှိ မြေနှင့်အဆောက်အအုံ | ၀.၁၂၇ |
| ၁၄ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခွာညို လမ်း၊ အမှတ် ၅/၂၃(က)ရှိ မြေနှင့်အဆောက်အအုံ | ၀.၀၆၀ |
| ၁၅ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၄/၈၇ရှိ မြေနှင့်အဆောက်အအုံ | ၀.၀၈၈ |
| ၁၆ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ (ဝိန်းကျောက်ရွာ)၊ ယခင်ဟောင်လိတ်ကျေးရွာအုပ်စု၊ လွန်းကျိုင်းကွင်း၊ ကွင်းအမှတ်(၂၃)၊ အခါဈေးနောက် အိမ်အမှတ်(၀က(ခ)/၂၁၅)ရှိမြေနှင့်အဆောက်အအုံ | ၀.၂၁ |
| ၁၇ | ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့၊ အမှတ်(၁၄)ရပ်ကွက်၊ အောင်မေတ္တာရပ်ကွက်၊ ကွင်းအမှတ် (၇၅)၊ ဦးပိုင်အမှတ်(၂၉၆/၁)ရှိ မြေနှင့်အဆောက်အအုံ | ၀.၀၇၃ |
| ၁၈ | ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့၊ အမှတ်(၁၄)ရပ်ကွက်၊ အောင်မေတ္တာရပ်ကွက်၊ ကွင်းအမှတ်(၆၆)၊ ဦးပိုင်အမှတ် (၃၈)ရှိမြေနှင့်အဆောက်အအုံ | ၀.၁၈၄ |

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**

## အိတ်ဖွင့်တင်ဒါ(Open Tender)များခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ( Open Tender )ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| (က) စဉ် ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|
| ၁။ ရုံးသုံးစာရေးကိရိယာပစ္စည်းများ | (၇) မျိုး |
| ၂။ ပတ်လွှ | (၅) မျိုး |
| ၃။ စတီးဝါယာကြိုး | (၂) မျိုး |
| ၄။ သစ်တိုက်ယာဉ်အရန်ပစ္စည်းများ | (၁၃)မျိုး |

တင်ဒါရောင်းချမည့်ရက် - ၅.၁၁.၂၀၁၈/ နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက်/ အချိန် - ၂၀.၁၁.၂၀၁၈/ နေ့လယ် ၁၂:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

| (ခ) စဉ် ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|
| ၁။ တာယာ | (၉) မျိုး |
| ၂။ ဘက်ထရီ | (၅) မျိုး |
| ၃။ စက်ဆီချောဆီ | (၇) မျိုး |
| ၄။ ဒီဇာအရန်ပစ္စည်းများ | (၆၀) မျိုး |
| ၅။ လိုဒါအရန်ပစ္စည်းများ | (၂၄) မျိုး |

တင်ဒါရောင်းချမည့်ရက် - ၅.၁၁.၂၀၁၈/ နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက်/ အချိန် - ၄.၁၂.၂၀၁၈/ နေ့လယ် ၁၂:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
အမှတ် ၇၄ / ၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ဖုန်း ၂၅၄၁၉၁၊၀၉၅၁၄၄၉၈၀

**Myanmar Liquor Association**
**မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း**

## အသင်းသားများဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းသည် ၂၀၁၈ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် အသင်းသားစုံညီအစည်းအဝေးကျင်းပပြုလုပ်ပြီး နာယကအဖွဲ့ ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့ကို ပြန်လည်ရွေးချယ်တင်မြှောက် ဖွဲ့စည်းသွားရန်ရှိပါသည်။

အသင်းမဝင်ရသေးသော ယမကာထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည့် လုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်လျက် အသင်းဝင်ရောက်ပြီး အတူလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းရုံး
အမှတ် ၉၁/၁၀၅၊ D-2 (၄)လွှာ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၉၁၃၇၉၂၈

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/2775 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ဦးလှမြင့်၏သား ဦးသန်းဇော်အောင် ၁၂/ဥကတ(နိုင်)၁၄၉၂၈၇ နှင့် ဦးဘယဉ်၏ သမီး ကျွန်မဒေါ်ခင်မာသိမ်း ၁၂/ဥကတ(နိုင်) ၀၀၀၀၃၁ တို့သည် ၁-၁၁-၂၀၁၈ ရက်တွင် ကျောက်တံတားမြို့နယ်တရားရုံး၊ တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

**စုံစမ်းမေးမြန်းနိုင်ပါသည်။** **ဒေါ်ခင်မာသိမ်း**
**၁၁၅၄(က)၊ မိုးမခ(၁)လမ်း၊ ၄၆ ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း**

## ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဘော်လခဲခရိုင်၊ ဘော်လခဲမြို့နယ် ရှမ်းပိုင်းရပ်ကွက်၊ ပွန်ချောင်းအရှေ့ဘက်ရှိ ကွင်းအမှတ် ၅က/ပွန်ချောင်းအရှေ့ရှိ အကွက်အမှတ် ၄၉/၅၁၊ ဘော်လခဲခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးမြေနေရာတွင် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ဘော်လခဲခရိုင်ရုံး** - ၁ထပ် ပေ၄၅ × ပေ ၄၀ ဆောက်လုပ်ခြင်း

(ခ) **ဘော်လခဲခရိုင်ဝန်ထမ်းအိမ်ရာ** - ၄ခန်းတွဲ ၂ထပ် (ပေ ၁၁၀×ပေ ၄၀) ဆောက်လုပ်ခြင်း

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲ တွက်ချက်တင်ပြရန်နှင့် တင်ဒါလျှောက်လွှာဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်နှင့်သင်းဖွဲ့စည်းမျဉ်းမူရင်းများအား ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၈ ရက်မှ ၆-၁၂-၂၀၁၈ရက်ထိ

၄။ **နောက်ဆုံးတင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်** - ၇-၁၂-၂၀၁၈ရက် ညနေ ၄း၃၀နာရီထိ

၅။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော တင်ဒါပုံစံစည်းကမ်းချက် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန**
**ဖုန်း-၀၈၃-၂၂၂၄၂၃**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး (၇၀'×၃၆'×၃၀')သွပ်မိုး၊ RC (၂)ထပ်(ရေ၊ မီး၊ မိလ္လာနှင့်ရုံးမျက်နှာစာလမ်း) အပါအဝင် ရုံးအဆောက်အုံ တည်ဆောက်ခြင်းလုပ်ငန်း

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၇-၁၁-၂၀၁၈ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၇-၁၂-၂၀၁၈ရက်

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၅။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၀၂၂၆၀၉၊ ၀၅၉-၂၀၂၂၁၇၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၁၉၈၉ Honda Dream 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၆/မအရ(နိုင်)၁၁၄၆၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၆၂၃၉ Honda Wave NF 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောကညောဖိုး ၆/ထဝန(နိုင်)၁၂၃၇၁၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှမှုခင်းဖော်ထုတ်ရာတွင် စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်လွှာ

၂၃-၁၀-၂၀၁၈ ရက် ည ၈း၀၀ နာရီတွင် ဒဂုံတောင်မြို့နယ်၊ (၂၃)ရပ်ကွက်၊ မိုးကုတ်လမ်းသွယ်၊ အမှတ်(၅၃၁/ခ)ရှိ ရွှေပြည်နန်းကုမ္ပဏီ ငွေစာရင်းအခန်းရှိ သံဗီရိုအတွင်းမှ ငွေများပျောက်ဆုံးသဖြင့် ငွေများခိုးယူသူအား ဖမ်းဆီးရမိရေးအတွက် ဒဂုံတောင်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက အမှုမှတရားခံကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် နေ့/ည မပြတ် သတင်းစုံစမ်းဆောင်ရွက်ပေးခဲ့သဖြင့် ၃ရက်အတွင်း ဖမ်းဆီးရမိခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးစုံစမ်းဖော်ထုတ်ဖမ်းဆီးပေးနိုင်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များအား အထူးကျေးဇူးတင်ရှိပါသည်။

**ရွှေပြည်နန်းကုမ္ပဏီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာ၊ ကွင်းအမှတ်-၄၉၇ (ကျောက်တန်းကွင်း)၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာ၊ ကွင်းအမှတ် (၅၃၀/C)၊ (ကုန်းတလပေါင်ကွင်း)၊ သစ်ခွစိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်ဧရိယာအတွင်း အကွက်အမှတ်(၁၇၂)၊ ဧရိယာ ၁.၆၂ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးကျော်ဝင်း ၁၂/လကန(နိုင်)၁၇၁၈၄၃ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အဆိုပါ မြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ပိုင်ကို (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၃၀၉)**
**အမှတ်-၇၀၊ သုန္ဒရလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၂၅၄၆၀၈၅၉၆**

## ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလလမ်း ကျိုက္ကစံ-ဓမ္မပိယသာသနာ့ရိပ်သာ (၂၇)ကြိမ်မြောက် ဘုံကထိန်လှူသင်္ကန်းဆက်ကပ်ပွဲ ဖိတ်ကြားလွှာ

၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်၊

၁၁-၁၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီ

## တောင်သာမြို့နယ်အသင်း (ရန်ကုန်)

၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်များ၏ သားသမီးများကို ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်၍ မြန်မာနိုင်ငံစာစစ်ဌာနက ထုတ်ပေးသော အမှတ်စာရင်းနှင့် အောင်လက်မှတ် (သို့မဟုတ်) သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ အောင်မြင်ကြောင်း ထောက်ခံစာမိတ္တူများတင်ပြ၍ ၃၀-၁၁-၂၀၁၈ ရက် နောက်ဆုံးထားပြီး နီးစပ်ရာ အမှုဆောင်များထံသို့လည်းကောင်း၊ အတွင်းရေးမှူး ဦးလှမော် တိုက်-၁၄၄၊ အခန်း-ခ/၈၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၇၉၅၃၁၅၁၀၊ ၀၉-၄၅၄၁၄၇၆၀၂ ထံသို့ ဆက်သွယ်ပေးပို့လျှောက်ထားနိုင်ပါသည်။

**(အမှုဆောင်အဖွဲ့)**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
### တင်ဒါအမှတ် (၁/၂၀၁၈-၂၀၁၉)

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၂၁၊ ညောင်တုန်းမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရရှိသောရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအတွက် လမ်းခင်းကျောက်နှင့် လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့်အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၂၁၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၉-၁၁-၂၀၁၈ ရက်မှစတင်၍ ဖော်ပြထားပါမည်။

၁။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၉-၁၁-၂၀၁၈ နံနက် ၁၀း၀၀ နာရီ

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၁၂-၂၀၁၈ မွန်းတည့် ၁၂း၀၀ နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၁၂-၂၀၁၈ နံနက် ၁၀း၀၀ နာရီ

၄။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ ၂၁၊ ညောင်တုန်းမြို့

၅။ တင်ဒါလျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၂၁၊ ညောင်တုန်းမြို့၊ ဖုန်း-၀၄၆-၂၀၂၀၃တွင် ၁၉-၁၁-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၂၁၊ လမ်းဦးစီးဌာန**
**ဖုန်း-၀၉-၂၆၁၇၇၁၀၁၉၊ ၀၉-၇၇၅၅၇၈၅၇၇**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်အတွင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံးမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါစီမံကိန်းဦးစီးရုံး ဝန်ထမ်းအိမ်ရာများကို ရေသန့်နှင့်လျှပ်စစ်လုပ်ငန်းများအပါအဝင် ဆောက်လုပ်မည်ဖြစ်ပါ၍ တင်ဒါတင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

(က) ပြည်နယ်စီမံကိန်းဦးစီးရုံး RC၄ ခန်းတွဲ ၃ထပ် (၆၁'၆"× ၅၁')

(ခ) တောင်ကုတ်မြို့နယ်ရုံး RC၂ ခန်းတွဲ ၂ထပ် (၆၀' × ၃၀')

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၆-၁၁-၂၀၁၈

၃။ **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၂၀-၁၁-၂၀၁၈

၄။ **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၁၂-၂၀၁၈ ညနေ ၄း၀၀ နာရီ

၅။ အတွင်းရေးမှူး၊ တင်ဒါကော်မတီ၊ ပြည်နယ်စီမံကိန်းဦးစီးရုံး၊ စစ်တွေမြို့သို့ လိပ်မူလျက် ချိပ်ပိတ်စာအိတ်ဖြင့် တင်သွင်းရန်၊

၆။ တင်ဒါဖွင့်လှစ်မည့်ရက် - ဆက်သွယ်အကြောင်းကြားပါမည်

၇။ တင်ဒါလျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဖုန်း ၀၄၃-၂၃၄၆၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**တင်ဒါကော်မတီ**
**ပြည်နယ်စီမံကိန်းဦးစီးရုံး**
**စစ်တွေမြို့**
**ဖုန်း-၀၄၃-၂၃၄၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ် ဒ-၂၄၉၊ ဧရိယာ၀ဒသမ၀၈၂ဧကရှိ ဒေါ်ညို (ဘ) ဦးလှမောင် ၉/လဝန(နိုင်)၀၂၈၅၁၅ အမည်ပေါက် ပါမစ်မြေကွက်အား ဦးရဲကျော်ကျော် (ဘ) ဦးထိန်ဝင်း ၉/တကန(နိုင်)၀၀၀၁၄၀မှ မြေပေးမိန့်ပါမစ်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


## "အရဟံ စေတီ" တည်ကြမည်

ဘုရားဒကာ , ဘုရားအမများ ကြွရောက်ပါရန် ဖိတ်ခေါ်ပါသည်။

ရန်ကုန်၊ မြောက်-ဒဂုံ၊ (၄၂)ရပ်ကွက်၊ ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်၊ အဝင်တွင် ဝါကျွတ်ပါက 'အရဟံ စေတီ' တည်ပါမည်၊ တပေါင်းလပြည့်နေ့ ထီးတင်ပါမည်၊ တစ်ဦးလျှင် ကျပ်တစ်သိန်းမျှသာ ကုသိုလ်ပါဝင်ပါက လွယ်ကူစွာ ပြီးပါလိမ့်မည်၊ ဆန္ဒကုသိုလ် ပါဝင်လိုပါက ဆရာတော့်ထံ နာမည်စာရင်းသာ ပေးပို့၍ အလှူတော်ငွေကို မြောက်ဥက္ကလာပ ကမ္ဘောဇဘဏ် အကောင့်အမည်-အရှင်အာစာရာလင်္ကာရ - 0 70 30 10 1600 51 400 1 သို့သာ တိုက်ရိုက် လွှဲပို့စေလိုပါသည်၊

[အသေးစိတ်သိရှိလိုပါက Ph: 09 78 78 77 969 သို့ ဆက်သွယ်နိုင်ပါသည်။]


## ဆိုင်ကယ်ကုန်သည်ကြီးများ၏ ပထမဆုံးအကြိမ် ကျင်းပသော စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ဆိုင်ကယ်ကုန်သည်ကြီးများ၏ ၂၀၁၈ ခုနှစ် ပထမဆုံးအကြိမ် ကျင်းပအပ်သော စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲကို ၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၀ရက် (စနေနေ့) နံနက် ၉နာရီတွင် စိတ္တသုခရေလည်ကျောင်းသစ်ကျောင်း၊ ဆိုင်းတန်းရပ်၊ မိတ္ထီလာမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ဆိုင်ကယ်ကုန်သည်ကြီးများအား ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် အောက်ပါကထိန်အလှူတော်ဖြစ်မြောက်ရေးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

**ဦးညီညီငွေထွန်း (K-ဟိန်း)-ဖုန်း-၀၉-၇၉၂၃၄၈၀၁၅**
**ဦးသန်းထိုက်အောင်(DAYANG-CACT)ဖုန်း-၀၉-၄၀၃၉၈၅၄၆၄**
**ဦးမျိုးလွင် (K-ဟိန်း) ဖုန်း-၀၉-၄၅၈၀၄၁၅၀၅**
**ဦးအောင်လွင်မိုး (ကောင်းသစ်လွင်) ဖုန်း-၀၉-၄၀၂၅၁၉၃၈၈**
**ဦးအောင်အောင် (HERO) ဖုန်း-၀၉-၄၅၇၀၀၁၀၀၄**
**ဦးစိုးပိုင် (BAJAJ) ဖုန်း-၀၉-၄၄၄၁၈၅၁၅၁**
**ဦးအောင်သီဟ (K-ဟိန်း) ဖုန်း-၀၉-၄၄၄၀၂၃၉၃၈**
**ဦးဝဏ္ဏ(ချောက်) ဖုန်း-၀၉-၂၅၉၄၄၄၄၂၆**
**မသက်ထားဇင်(ပြည်) ဖုန်း-၀၉-၅၃၁၂၉၂၇**
**ဦးကိုကိုအောင် (SUZUKI-CACT) ဖုန်း-၀၉-၂၅၄၀၆၃၉၃၅**
**ဦးကြည်စိုး (DAYANG-CACT) ဖုန်း-၀၉-၄၂၀၇၁၂၄၀၁**
**ဦးစိုးစိုး(ဆင်ဖြူတော်)ဖုန်း-၀၉-၇၉၇၅၇၁၃၈၃**
**ဦးဥက္ကာ(Ever Ok) ဖုန်း-၀၉-၂၀၃၈၇၅၈**
**ဦးမင်းမင်း(ပုသိမ်) ဖုန်း-၀၉-၂၅၃၀၁၅၉၂၀**

### အမည်မှန်

ဦးစောမင်း ၈/မဘန(နိုင်)၀၈၉၄၅၃၏သား မင်းဘူး(စကု)မြို့နယ်၊ အထက (ဆင်ခေါင်း) အဋ္ဌမတန်း (A) မှ မောင်အောင်မြင့်မြတ်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်မျိုးသူကျော် ဖြစ်ပါကြောင်း။

**မောင်မျိုးသူကျော်**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်းအမှတ် ၁၆၃-C၊ ရုံးရပ်ကွက်၊ မြေကွက်အမှတ် E-၇၃၊ ဧရိယာ ၀ဒသမ၀၈၃ဧကအတွင်းမှ ဧရိယာ ၀ဒသမ၀၅၁ဧကရှိမြေကို ဦးမျိုးအောင် အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## သတိပေးတားမြစ်ချက်

သန်လျင်မြို့၊ ညောင်သုံးပင်ကျေးရွာ၊ ကွင်းအမှတ် ၆၈၄၊ ဦးပိုင်နံပါတ်-၅၂၊ ဧရိယာ ၁ ဒသမ ၀ ဧကရှိ မြေကွက်သည် ဒေါ်ရာဘီရာခါတွန် (ကွယ်လွန်) အမည်ပေါက်ခြံဖြစ်ပါသည်။ အမွေဆိုင်သားချင်းတစ်ဦးဖြစ်သော သောက်တော်တွင်းလမ်း/ရပ်ကွက်၊ အမှတ်-၉၃ နေ ဒေါ်လင်းလင်းထွန်း၏ ခွင့်ပြုသဘောတူညီခြင်းမရှိဘဲ ခြံမြေကွက်ကို ခွဲခြမ်းစိတ်ဖြာရောင်းချခြင်းမပြုလုပ်ရန် တားမြစ်အပ်ပါသည်။ ဒေါ်လင်းလင်းထွန်းမသိဘဲ ရောင်းချခဲ့ပါက မည်သူ့ကိုမဆို ဥပဒေအရ အရေးယူမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်လင်းလင်းထွန်း**
**၁၂/သလန(နိုင်)၀၈၂၅၃၉**
**အမှတ်-၉၃၊**
**သောက်တော်တွင်း**
**လမ်း/ရပ်ကွက်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောဝင်း (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၄၉၆၁/၂၃-၅-၁၉၈၉)**
**ရုံးခန်း-အောင်မင်္ဂလာရပ်ကွက်၊**
**ရန်ကုန်တောင်ပိုင်းခရိုင်**
**တရားရုံးရှေ့**

## ဦးကျော်ညွန့်၊ ဒေါ်မြသန်းနှင့် အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ အမှတ်(၄၆)နေ ဦးသန်းထိုက်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းအမှတ်(၃-စီ၄)၊ မြေကွက်အမှတ်(S,၅၁၈S, ၅၁၈S-၁) အိမ်အမှတ်(၄၅)၊ အလျား ၁၀'× အနံ ၉၀' (နေအိမ်မပါ)မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေပိုင်ဆိုင်မှု အရောင်း/အဝယ် စရန်ပေးစာချုပ်ချုပ်ဆိုရောင်းချခဲ့၍ ဥပဒေနှင့်အညီ စာချုပ်ပါအတိုင်း ကျန်ငွေကိုလက်ခံရယူပြီး အပြီးသတ်စာချုပ် ချုပ်ဆိုပေးစေလိုပါသည်။ စာချုပ်အပိုဒ်(၅)တွင် ဦးသန်းထိုက်တစ်ဦးတည်းသာ မြေပိုင်ဆိုင်မှုနှင့် သက်ဆိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည့်အတိုင်း ဦးသန်းထိုက်မသိဘဲ အထက်ပါမြေကွက်အား လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းစသည့် တစ်မျိုးမျိုးမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့လျှင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာဦး LL.B**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၇၉၇၉**
**ဖုန်း-၀၉-၇၃၀၈၁၉၁၉၊ ၀၉-၄၄၄၈၆၅၈၇၇**

### ဖခင်အမည်မှန်

မူဆယ်မြို့ အထက ၃ ဆဋ္ဌမတန်း (က)မှ မောင်အောင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဘရန်တောင် ၁၃/လရန(နိုင်)၀၈၅၅၀၇ ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ ကွင်းအမှတ် ၁၉၈၉ပြင်၊ ကံကြီးကြေးတိုင်ပြင်ကွင်း၊ ဧရိယာ ၀ ဒသမ ၃၀၈ဧကရှိ မြေကို ဦးနိုင်အောင်လင်း အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄/၆၊ မြေကွက်အမှတ် ၇၃၈+၇၃၉၊ ဧရိယာ၀ဒသမ၀၆၈ဧက၊ မြေကွက်တည်နေရာအမှတ် ၇၃၈+၇၃၉၊ မြရိပ်ညိုလမ်း၊ ၅-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးသောင်းရွှေ ၁၂/လမတ(နိုင်)၀၁၅၅၉၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဦးသောင်းရွှေ (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီး ဒေါ်အေးမြိုင် ၁၂/လမတ(နိုင်)၀၁၄၈၈၁ တစ်ဦးတည်းသာ တရားဝင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှင့် အမည်ပေါက် သေစာရင်း၊ နှစ် ၆၀ ဂရန်မူရင်းနှင့် ကိုယ်စားလှယ်လွှဲစာပေးအပ်သူ သက်ရှိထင်ရှားရှိကြောင်း ပါဝါမရုပ်သိမ်းသေးကြောင်း တရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ဒေါ်အေးမြိုင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၇၅၁၃/၁၈ (၁၆-၇-၁၈)ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခံရသူ ၁။ ဦးကျော်ကျော် ၁၂/လသယ(နိုင်)၀၀၈၁၈၈၊ ၂။ ဦးနေမျိုးထိုက် ၁၂/လမန(နိုင်)၁၆၁၇၇၃ တို့မှ ဒေါ်အေးမြိုင် ကိုယ်စား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအမြင့်မားဆုံး အာဆီယံအသိုက်အဝန်းဖြစ်ရေး ပူးပေါင်းဆောင်ရွက်




**နေပြည်တော် နိုဝင်ဘာ ၅**

ဆဋ္ဌမအကြိမ်မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေး (6th ASEAN Coordinating Committee on Micro, Small and Medium Enterprises - 6th ACCMSME Meeting) နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်မိန့်ခွန်းပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖

**ဒုတိယသမ္မတ ဦးမြင့်ဆွေ ဆဋ္ဌမအကြိမ်မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** သတင်းစဉ်

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၆၆/ ၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်**
**(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း**

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ၊ ပုဒ်မခွဲ(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်သည်-

| အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| **ချင်းပြည်နယ်** | | | |
| ဦးညွန့်ဝင်း | ၄/ကပလ(နိုင်)၀၀၈၁၅၈ | ကန်ပက်လက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**(ပုံ)**
**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အာရှဗိုဗီနမ် ချန်ပီယံပြိုင်ပွဲတွင် မြန်မာ ရွှေနှစ်ခု၊ ကြေးခြောက်ခု ထပ်မံရရှိ

**ရန်ကုန် နိုဝင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပနေသော (၄)ကြိမ်မြောက် အာရှဗိုဗီနမ် ချန်ပီယံပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်က ဆက်လက်ကျင်းပခဲ့ရာ မြန်မာဗိုဗီနမ်အသင်း ရွှေနှစ်ခု၊ ကြေးခြောက်ခု ထပ်မံဆွတ်ခူးရရှိကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် အမျိုးသားလက်အပြပြိုင်ပွဲတွင် ရဲဝင့်ထူးက ရွှေတစ်ခု၊ အမျိုးသမီး လက်အပြပြိုင်ပွဲတွင် မခိုင်ဝင့်ဖူးက ရွှေတစ်ခု၊ အမျိုးသားလက်ရေးပြတွင် ဘိုဘိုက ကြေးတစ်ခု၊ အတိုက်ပြိုင်ပွဲများတွင် ဆလိုင်းမနားကျိုး၊ ဘိုဘို၊ မခိုင်ဝါဖူးတို့က ကြေးတစ်ခုစီ၊ အမျိုးသား၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ဆလိုင်းမနားကျိုး၊ ဘိုဘို၊ ရဲဝင့်သူ၊ မခိုင်ဝါဖူးတို့က ကြေးတစ်ခု အသီးသီးဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

မြန်မာဗိုဗီနမ်အသင်းသည် ပွဲစဉ်များအပြီး ရွှေ သုံးခု၊ ငွေတစ်ခု၊ ကြေး ၁၀ ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ မြန်မာအသင်းသည် ပြိုင်ပွဲ ၁၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ဆုတံဆိပ် ၁၄ ခု ဆွတ်ခူးနိုင်ခဲ့သည်။ **အေကေလင်း**

MCPA MCIA

**မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့်မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့၏ တိုင်းဒေသကြီး/ပြည်နယ် အသင်းများမှအသင်းသူ/ အသင်းသား များသို့ အသိပေးကြေညာချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်စသည့် တိုင်းဒေသကြီး/ပြည်နယ် ကွန်ပျူတာပညာရှင် အသင်းနှင့် ကွန်ပျူတာ လုပ်ငန်းရှင်အသင်းများတွင် ၂၀၁၈-၂၀၂၀ ခုနှစ်သက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့များအား ရွေးကောက် တင်မြှောက်၍ ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းများ၏ အလုပ်အမှုဆောင်အဖြစ် ဆန္ဒပြုသူများသည် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများဖြစ်ရပါမည်။

(က) ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်တွင် အသင်းဝင်သက်တမ်း (၁) နှစ် ရှိသူဖြစ်ပြီး အဆိုပြုသည့်နေ့တွင် အသင်းဝင်နှစ်စဉ်ကြေးများအား ပေးသွင်းပြီးသူဖြစ်ရမည်။

(ခ) ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင် လျှောက်ထားသည့် အချိန်တွင် Associate Member ဖြစ်ပြီး အသင်း၏ လုပ်ငန်းများတွင် ကိုယ်တိုင်တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဂ) ကွန်ပျူတာပညာရှင်အသင်းအလုပ်အမှုဆောင် လျှောက်ထားသည့် အချိန်တွင် အသင်းဝင်အဆင့်သည် Associate Member (or) Professional Member (or) Fellow Member အဆင့်ရှိသူဖြစ်ရမည် ဖြစ်ပြီး အသင်း၏ လုပ်ငန်းများတွင် ကိုယ်တိုင်တက်ကြွစွာ ဦးဆောင်ပါဝင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ဃ) အသင်းမှ ချမှတ်ထားသော မူဝါဒ၊ ရေရှည်လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်မှုများတွင် တွေးခေါ်ကြံဆ အကြံပြု ဆွေးနွေး ဦးဆောင် နိုင်သူဖြစ်ရမည်။

(င) အသင်း၏ အလုပ်အမှုဆောင်အဖွဲ့မှ အခါအားလျော်စွာ ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော အသင်းသားများသည် ပတ်စ်ပို့အရွယ် ဓါတ်ပုံ (၂) ပုံ နှင့် မှန်ကန်ပြည့်စုံစွာဖြည့်စွက်ပြီး ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ဆန္ဒပြုလွှာတို့အား အောက်ပါရက်များအတိုင်း ညနေ(၃) နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်း အီးမေးလ် - office@mcpamyanmar.org,ဖုန်း - ၀၁၆၅၂၂၇၆ နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း အီးမေးလ် - office@mciamyanmar.org,ဖုန်း - ၀၁၆၅၂၂၃၈ နှင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ ဆန္ဒပြုလွှာများ ပေးပို့ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(ကွန်ပျူတာပညာရှင်အသင်း ဆန္ဒပြုလွှာများကို www.mcpamyanmar.org တွင် download ရယူနိုင်ပြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဆန္ဒပြုလွှာများကို www.mciamyanmar.org တွင် download ရယူနိုင်ပါသည်။)

**ရွေးကောက်ပွဲပြုလုပ်မည့်ရက်များ**

**၁၄-၁၂-၂၀၁၈ (သောကြာနေ့)**
ရန်ကုန်တိုင်းဒေသကြီး
ကွန်ပျူတာပညာရှင်အသင်း ၀၉-၅၀၆၇၁၆၈
ကွန်ပျူတာလုပ်ငန်းရှင်အသင်း ၀၁-၂၃၀၅၀၃၄
လျှောက်လွှာနောက်ဆုံးရက် - ၇.၁၂.၂၀၁၈

**၈-၁၂-၂၀၁၈ (စနေနေ့)**
မန္တလေးတိုင်းဒေသကြီး
ကွန်ပျူတာပညာရှင်အသင်း ၀၂-၄၀၆၉၃၁၃
ကွန်ပျူတာလုပ်ငန်းရှင်အသင်း ၀၂-၆၉၃၁၅
လျှောက်လွှာနောက်ဆုံးရက် - ၁.၁၂.၂၀၁၈

**၁၅-၁၁-၂၀၁၈ (ကြာသပတေးနေ့)**
ဧရာဝတီတိုင်းဒေသကြီး
ကွန်ပျူတာပညာရှင်အသင်း ၀၉-၄၂၂၅၁၅၇၀၃
ကွန်ပျူတာလုပ်ငန်းရှင်အသင်း ၀၉-၇၉၄၅၃၆၄၀
လျှောက်လွှာနောက်ဆုံးရက် - ၁၀.၁၁.၂၀၁၈

**၉-၁၂-၂၀၁၈ (တနင်္ဂနွေနေ့)**
စစ်ကိုင်းတိုင်းဒေသကြီး
ကွန်ပျူတာပညာရှင်အသင်း ၀၉-၄၁၀၄၀၁၉၄၈
ကွန်ပျူတာလုပ်ငန်းရှင်အသင်း ၀၉-၂၀၄၃၄၄၇
လျှောက်လွှာနောက်ဆုံးရက် - ၁.၁၂.၂၀၁၈

**၁၇-၁၁-၂၀၁၈ (စနေနေ့)**
မွန်ပြည်နယ်
ကွန်ပျူတာပညာရှင်အသင်း ၀၉-၇၉၂၃၆၀၂၈၃
ကွန်ပျူတာလုပ်ငန်းရှင်အသင်း ၀၉-၉၇၄၉၀၉၇၇၇
လျှောက်လွှာနောက်ဆုံးရက် - ၁၂.၁၁.၂၀၁၈

**၁၆-၁၁-၂၀၁၈ (သောကြာနေ့)**
ပဲခူးတိုင်းဒေသကြီး
ကွန်ပျူတာပညာရှင်အသင်း ၀၉-၄၄၈၅၄၄၄၄၇
ကွန်ပျူတာလုပ်ငန်းရှင်အသင်း ၀၉-၅၁၈၀၇၈၃
လျှောက်လွှာနောက်ဆုံးရက် - ၁၁.၁၁.၂၀၁၈

**၈-၁၂-၂၀၁၈ (စနေနေ့)**
မကွေးတိုင်းဒေသကြီး
ကွန်ပျူတာပညာရှင်အသင်း ၀၉-၅၃၄၁၁၅၀
ကွန်ပျူတာလုပ်ငန်းရှင်အသင်း ၀၉-၄၂၅၀၁၀၀၃၃
လျှောက်လွှာနောက်ဆုံးရက် - ၁.၁၂.၂၀၁၈

**၁၇-၁၁-၂၀၁၈ (စနေနေ့)**
ကရင်ပြည်နယ်
ကွန်ပျူတာပညာရှင်အသင်း ၀၉-၅၁၃၆၄၁၇
ကွန်ပျူတာလုပ်ငန်းရှင်အသင်း ၀၉-၄၂၅၀၁၀၀၃၃
လျှောက်လွှာနောက်ဆုံးရက် - ၁၂.၁၁.၂၀၁၈